The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ သောကြာနေ့ (13-6-2014) (၇၇၇၀)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

မိုးရွာသွန်းမှု

၁၂-၆-၂၀၁၄

ကော့သောင်း	၆	ဒသမ	၅၀	လက်မ
ရန်ကုန် (ကမ္ဘာအေး)	၆	ဒသမ	၃၈	လက်မ
လောင်းလုံ	၅	ဒသမ	၀၄	လက်မ
ပေါင်	၄	ဒသမ	၇၆	လက်မ
ချောင်းဆုံ	၄	ဒသမ	၄၉	လက်မ
ဘီးလင်း	၄	ဒသမ	၂၉	လက်မ
ရန်ကုန် (မြို့လယ်)	၄	ဒသမ	၀၆	လက်မ

အာဆီယံဒေသအတွင်း သတင်းဖြန့်ချိရေးဆိုင်ရာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ မြင့်မားလာစေမည်

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် (၃)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးတို့သို့ တက်ရောက်ရန် နေပြည်တော်၌ရောက်ရှိနေသော အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများအား ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မိုးရေကြီးမှုကြောင့် ကျောင်းအချို့ယာယီပိတ်

ရန်ကုန် ဇွန် ၁၂

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)အတွင်း ဇွန် ၁၁ ရက်နှင့် ၁၂ ရက်နေ့များတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး မိုးရေကြီးမှုကြောင့် မရမ်းကုန်းမြို့နယ်တွင် မူလတန်းကျောင်း တစ်ကျောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် မူလတန်းကျောင်း နှစ်ကျောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း သုံးကျောင်း၊ လှိုင်သာယာမြို့နယ်တွင် အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်တွင် အထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်း၊ ရန်ကင်းမြို့နယ်တွင် အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း လေးကျောင်း၊ တောင်ဥက္ကလာပမြို့နယ်တွင် အထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း လေးကျောင်း၊ ဒေါပုံမြို့နယ်တွင် အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်း စုစုပေါင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်း ၃၂ ကျောင်း ယာယီပိတ်ထားလျက်ရှိသည်။ အဆိုပါ မိုးရေကြီးမှုကြောင့် ကျောင်းသားကျောင်းသူများ အန္တရာယ်မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ မြို့နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အလက(၆)ရန်ကင်း မိုးရေကြီးမှုကြောင့် ရေများဝင်ရောက်နေသည်ကို တွေ့ရစဉ်။



ကြေးမုံ စာတည်းရှုထောင့် ၁၃-၆-၂၀၁၄ [သောကြာနေ့]

ဘက်လိုက်ခြင်း

မြေကမ္ဘာပေါ် ရာသီဥတုဖောက်ပြန် ကမောက်ကမဖြစ်နေသည်မှာ ဆယ်စုနှစ် သုံးခုမကရှိခဲ့ပါပြီ။ အကြောင်းရင်း၏ အဓိကလက်သည်မှာ စက်မှုနိုင်ငံကြီးများမှ ရုပ်ကြွင်းလောင်စာ ထုတ်လွှတ်မှုစံချိန်တင်လာခဲ့၍ မြေကမ္ဘာကို ကာဗွန်လွှမ်းခြုံ ဖန်လုံအိမ်အဖြစ်သို့ ရောက်စေခဲ့သည်။ အခြားတစ်ဖက်တွင်လည်း မိုးသစ်တောများ ပြုန်းတီးလာနေမှုက ကာဗွန်ကို မထိန်းချုပ်နိုင်ဘဲ ထိန်းမနိုင်သိမ်းမရဖြစ်လာခဲ့သည်။ ဤသို့ဖြင့် ကမ္ဘာ့ဝင်ရိုးစွန်းနှစ်ဖက် အိုဇုန်းလွှာ ပေါက်လာသည်။ နေမှခရမ်းလွန်ရောင်ခြည်ဒဏ်ကို ဝင်ရိုးစွန်းဒေသများခံလာခဲ့ရသည်။ အရည်ပျော်လာခဲ့သည်။ တန်ချိန်သန်းပေါင်းများစွာသော ရေခဲရေများ ပင်လယ်တွင်း အားဖြည့်ဝင်ရောက်လာသည်။ ဤသို့ဖြင့် ပင်လယ်ရေမြင့်တက်ကာ ကမ်းနားနေပြည်သူများ၊ ကျွန်းနိုင်ငံများကို တိုက်ရိုက်ခြိမ်းခြောက်လာနေသည်။

တစ်ဖန် အယ်လ်နီညိုရာသီဥတုကလည်း မြေကမ္ဘာအား ငါးနှစ်တစ်ကြိမ်၊ ခုနစ်နှစ်တစ်ကြိမ် ပုံမှန်ဒုက္ခပေးလာခဲ့သည်မှာ ရာစုနှစ် ငါးစုလောက်ကြာညောင်းခဲ့ပြီ။ ယခုပြောင်းလဲလာသော ကမ္ဘာ့ရာသီဥတုကြောင့် အယ်လ်နီညိုသည်လည်း ပုံမှန်မဟုတ်တော့ပြီ။ အယ်လ်နီညိုရာသီဥတုတစ်ကြိမ်လျှင် ကာလအားဖြင့် တစ်နှစ်တိတိ ကြာမြင့်ဒုက္ခပေးတတ်သည်။

ယခုနှစ် ဇွန်လမှ ၂၀၁၅ ဇွန်လထိကာလကို မိမိတို့နိုင်ငံ၏ ရာသီဥတုကမောက်ကမ အယ်လ်နီညိုကာလဟု ပညာရှင်များက သတ်မှတ်အသိပေးထားသည်။ အကျိုးဆက်မှာ မိုးရာသီဖြစ်လင့်ကစား တချို့နေရာများတွင် မိုးများပြီး တချို့နေရာများတွင် မိုးရှားမိုးပါးကာ နေခြစ်ခြစ်တောက်ပူပြင်းသည့်ဒဏ် အလူးအလဲခံစားနေကြရသည်။ ဥပမာ- စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန် ၄၀ ဒီဂရီ စင်တီဂရိတ်အထက်ကျော်လွန်ကာ ပူပြင်းလျက်ရှိနေသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ တချို့ကျောင်းများတွင် ကျောင်းတက်ချိန်ကို ပုံမှန်မဟုတ်ဘဲ နံနက် ၆ နာရီမှ နံနက် ၁၁ နာရီခွဲသို့ အချိန်ပြောင်းလဲသင်ကြားပေးနေရသည်။ သဘာဝတရားက မျက်နှာသာမပေးခြင်း၊ တစ်နည်း မျက်နှာသာပေး ဘက်လိုက်ခြင်းပင်။

ကမောက်ကမရာသီဥတုဒဏ်ကို ကမ္ဘာသူ ကမ္ဘာသားများအားလုံး မျှဝေခံစားလာနေကြရခြင်း၊ အထူးသဖြင့် ကမ္ဘာ့မြောက်ဘက်ခြမ်းဒေသတွင် ပိုဆိုးသည်။ စက်မှုထိပ်သီးနိုင်ငံများမှာ ကမ္ဘာမြောက်ခြမ်းဘက် စုပြုံနေ၍လည်း ဖြစ်နိုင်သည်။

တစ်နေရာနှင့်တစ်နေရာ ရာသီဥတုမညီမျှ ဘက်လိုက်မှုရှိနေသလို အချို့နေရာများတွင်လည်း ဘက်လိုက်မှုရှိလာနေကြသည်။ ဥပမာ- ရန်ကုန်မြို့တွင်း လမ်းများတွင် ကားပါကင်ချဲ့ထွင်ရင်း မလွတ်မကင်း အကြောင်းပြချက်ဖြင့် နှစ်ရှည်ပင်များကို ခုတ်လှဲခံနေရသည်။ တချို့အမြစ်ဖြတ်ခံနေရသည်။ ကားများမှထွက်သော ကာဗွန်ဓာတ်ကြောင့် လူတွေ ဒုက္ခဖြစ်စေ၍ အိမ်နီးချင်းနိုင်ငံကြီးတစ်နိုင်ငံတွင် ကားစီးရေ ခြောက်သန်းကို အနားပေးခဲ့ချိန်၊ မိမိတို့နိုင်ငံတွင် တိုးပွားလာနေသော ကားစီးရေအတွက် နေရာထိုင်ခင်းပေးနိုင်ဖို့ လမ်းဘေးသစ်ပင်များ ရှင်းလင်းခံနေရသည်။ လူများကို ဒုက္ခပေးနေသော ကားများအတွက် လူများကို အကျိုးပြုနေသော သစ်ပင်ကြီးငယ်များ ခုတ်လှဲ၊ အမြစ်ဖြတ်ခံနေရခြင်းပင်။ ဤသည်လည်း ဘက်မညီ သဘာဝမကျသော မျက်နှာလိုက်ခြင်းတစ်မျိုးပေတည်း။

လူနေထူထပ်ရာမြို့ကြီးများ အထူးသဖြင့် ရန်ကုန်လိုစက်မှုမြို့ကြီးတွင် သစ်ပင်များ ရှင်သန်ဖွံ့ဖြိုး ပွားများနေဖို့ အထူးလိုအပ်ပါသည်။ သစ်ပင်တစ်ပင် ဖြစ်မြောက်ရှင်သန်ဖို့ နှစ်ပေါင်းကြာမြင့်စွာ အချိန်ယူလာခဲ့ရရာ ယခုလို မချန်မလှပ်ဘဲ တရားဝင်သစ်ခုတ်လှဲခွင့်ရနေသလိုဖြစ်နေရခြင်းမှာ မြို့ပြအလှကို ဖျက်ဆီးရာလည်းရောက်ပါသည်။ မြို့ပြနေပြည်သူများ၏ ကျန်းမာရေးကိုလည်း အကြီးအကျယ်ထိခိုက်စေသည်။

ပူပြင်းသော တစ်နွေလုံးမှာ သဘာဝအပူဒဏ်မှ ကာကွယ်ပေးလာခဲ့ကြသော ရန်ကုန်မြို့ပြလမ်းဘေး ဝဲ၊ ယာ အပင်များ "အရိပ်နေနေ အခက်ချိုးချိုး"အဖြစ်မျိုးမက အမြစ်ပါမကျန် ရှင်းလင်းခုတ်ထွင်ရာ မြင်ကွင်းမကောင်းပါ။ မဟာရန်ကုန် မိုင် ၃၀ ဧရိယာ အမြဲစိမ်းစိုနေစေရေးတွင် ဤဖြစ်စဉ်များက မည်သို့သက်ရောက်မှုရှိစေသည်ကို ဆင်ခြင်သင့်ချိန်တန်ပါပြီ။ ။

စာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု ဖိုးရာဝဲကျေးရွာ ပညာလင်္ကာရ ကျောင်းတိုက်အတွင်းရှိ ပါရမီစာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ် စာပေဟောပြောပွဲတစ်ရပ်ကို ဇွန် ၈ ရက် ည ၇ နာရီမှ ၁၁ နာရီအထိ အဆိုပါကျောင်းတိုက်တွင်ပြုလုပ်ရာ ပညာလင်္ကာရကျောင်းတိုက် ဆရာတော် ဦးဇုတိမန္တ၊ မလက်တိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြိုင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် စာရေးဆရာများဖြစ်ကြသော ချစ်နိုင် (စိတ်ပညာ)၊ မြင်းမူမောင်နိုင်မိုး၊ မောင်စိန်ဝင်း (ပုတီးကုန်း) တို့က စာပေရေးရာများ ဟောပြောခဲ့ကြကြောင်းနှင့် ဖိုးရာဝဲကျေးရွာအပြင် အုပ်စုအတွင်းရှိ အခြားကျေးရွာများမှ စာပေချစ်မြတ်နိုးသူ ပြည်သူများ လာရောက်နားထောင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဒေသသုံးခုတွင် စားသုံးသူအသိပညာပေး ကွင်းဆင်းလုပ်ဆောင်မည်

ရန်ကုန် ဇွန် ၁၂

စားသုံးသူများ ဘေးကင်းသောအစားအစာများကို စားသုံးနိုင်စေရန်အတွက် အသိပညာပေးမှုကို ဒေသသုံးခု၌ ယခုလအတွင်းလုပ်ဆောင်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပညာပေးမှုအပြင် ရုံးခွဲဖွင့်လှစ်ခြင်းများကို လုပ်ဆောင်သွားရန်စီစဉ်ထားခြင်းဖြစ်ပြီး မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ပန်းတောင်းစသည့် ဒေသသုံးခု၌ ကွင်းဆင်းဆောင်ရွက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။ "အားလုံးဟာ စားသုံးသူတွေပဲဖြစ်သလို ရောင်းတဲ့သူအနေဖြင့်လည်း သန့်ရှင်းကောင်းမွန်ပြီး ဘေးကင်းတဲ့အစားအစာတွေကို စားသုံးနိုင်ဖို့ ရောင်းချသင့်တယ်ဆိုတာ မျိုးတွေ၊ ဘေးကင်းတဲ့အစာကို ရွေးချယ်စားသောက်နိုင်ဖို့ စတာတွေကို ပညာပေးသွားမယ်"ဟု ၎င်းက ရှင်းပြသည်။

ထိုကွင်းဆင်း သွားရောက်မည့် ခရီးစဉ်ကို ဇွန် ၁၆ ရက်တွင် ကျောက်ပန်းတောင်းမြို့မှစတင်ကာ ယင်းမှ မန္တလေး၊ ပြင်ဦးလွင်မြို့များသို့ သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ထို့အပြင် ကွင်းဆင်းသွားရောက်ရင်း ဒေသရှိ ဈေးများတွင် စစ်ဆေးပညာပေးမှုများ လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ငဖဲမြို့နယ်တွင် သီးနှံထောက်ပံ့ကြေးပေးအပ်

ငဖဲ ဇွန် ၁၂

မကွေးတိုင်းဒေသကြီး ငဖဲမြို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းဆောင်ရွက်စဉ် အဆိုပါလုပ်ငန်းခွင် KP 130 မှ KP 1460 ထိပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် ပြင်ပမြေစာကျသည့် တောင်သူများအတွက် သီးနှံထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ တစ်ဧကလျှင် ငွေကျပ် ၃၉ သိန်းနှုန်းဖြင့် တောင်သူ ၆၅ ဦး၏ စုပေါင်းမြေ ၄၁ ဒသမ ၀၈ ဧက အတွက် သီးနှံလျော်ကြေးငွေ ၁၆၃၁၃၄၇၀၉ ကျပ်အား ကျေးရွာ ၁၁ ရွာမှ တောင်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ ထိုပေးအပ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမြင့်သူ၊ စွမ်းအင်ဝန်ကြီးဌာန MOGE မှ အထွေထွေမန်နေဂျာ ဦးစောရန်ရှင်း၊ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ တရုတ်နိုင်ငံသားလေးဦးနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ကျော်ဇေယျ(မကွေး)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၁၂

ရန်ကုန်	ရွှေဈေး	၆၅၄၉၀၀	-	၆၅၅၅၀၀
မန္တလေး	ရွှေဈေး	၆၅၄၇၀၀	-	၆၅၅၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၆၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၀၉. ၂
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၅. ၂၆
(ဃ)	ထိုင်း	တစ်ဘတ်	=	၂၉. ၇၅၈
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၀၁. ၂၀
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆. ၃၃၂
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၄၇. ၇၁
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၅. ၀၀၉
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	=	၉၀၆. ၉၆
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၇၃. ၈၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

☆ ရှေ့ဖုံးမှ

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယခုကျင်းပသည့် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသည် အာဆီယံဒေသအတွင်း သတင်းဖြန့်ချိရေးဆိုင်ရာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများကို မြင့်မားလာစေမည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အကြံဉာဏ်ကောင်းများ၊ အတွေ့အကြုံကောင်းများသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံကိုယ်စား ဖိလစ်ပိုင်နိုင်ငံ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီး H.E. Herminio B. Coloma, JR. က ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းထူထောင်နိုင်ရေးအတွက် ပြည်သူများအား အသိပညာမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းတစ်ရပ်အတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာကြေညာချက် (Declaration on Social Responsible Media for a Peaceful and Prosperous ASEAN Community) ကို သဘောတူနိုင်သည့်အတွက် အလွန်ကောင်းမွန်သော ရလဒ်ဖြစ်ပါကြောင်း၊ ဤကြေညာချက်တွင် အရေးကြီးသောမျှော်လင့်ချက်များ ပါဝင်နေပါကြောင်း၊ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးမြတ်ဟိန်း၊ ဦးဌေးအောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E.Lee Luong Minh တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဆင်းရဲမှုလျှော့ကျစေရန် နိုင်ငံတော်မှ ကျန်းမာရေးအသုံးစရိတ်များ နှစ်စဉ်တိုးမြှင့်ချထားပေးနေ

နေပြည်တော် ဇွန် ၁၂

ကျန်းမာရေးစောင့်ရှောက်မှုလူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍ ဘဏ္ဍာငွေရှာဖွေဖြည့်တင်းရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ Royal Kumudra Hotel (Ball Room) ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များနှင့် ကျန်းမာရေးဘောဂဗေဒပညာရှင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကျန်းမာရေးစောင့်ရှောက်မှုလူတိုင်းလက်လှမ်းမီလွှမ်းခြုံရေးဆိုသည်မှာ နိုင်ငံသားတိုင်းကျန်းမာရေးစောင့်ရှောက်မှုအတွက် ကုန်ကျသည့် ကုန်ကျစရိတ်များကို လက်လှမ်းမီရန်ကာကွယ်ပေးသည့် လွှမ်းခြုံမှုစနစ်ကိုဆိုလိုပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစရိတ်များကာကွယ်နိုင်မည့်နည်းလမ်းများတွင် အာမခံရန်ပုံငွေရရှိရေး နည်းလမ်းများကို ရှာဖွေသွားရမည်ဖြစ်ကြောင်း၊ မဝယ်မနေရ ကျန်းမာရေးအာမခံစနစ်၊ နိုင်ငံတော်အစိုးရမှ အကုန်အကျခံခြင်း၊ အခွန်အကောက်အမျိုးမျိုးကောက်ယူသည့်စနစ်ဖြင့် ကုန်ကျစရိတ်ရှာဖွေခြင်း၊ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်း၍ လူမှုဖူလုံရေးအာမခံစနစ်၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၏ ကျန်းမာရေးအာမခံစနစ်၊ ရပ်ရွာအခြေပြု ကျန်းမာရေးအာမခံစနစ်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ လူဦးရေသန်း၁၀၀ ခန့်သည် ကျန်းမာရေးကုသမှုစရိတ်များကြောင့် ဆင်းရဲမွဲတေသည့်ဘဝကျရောက်သွားခြင်းများ ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ လူနာအတွက် ခံစားရသည့်ရောဂါအပြင် ဆေးကုသစရိတ်တို့ကြောင့် ဝန်ထုပ်ဝန်ပိုးနှစ်ထပ်ကွမ်း ဖြစ်စေပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တွက်ချက်မှုများအရ နှစ်စဉ်လူဦးရေသန်း ၁၅၀ ခန့်သည် ကိုယ်ပိုင်အိတ်ကပ်အတွင်းမှ ကျသင့်ငွေပေးချေသည့် ကျန်းမာရေးကုသစရိတ်များကြောင့် ဒုက္ခအမျိုးမျိုးတွေ့ကြုံနေရသည်ဟု ဆိုပါကြောင်း၊ ဆင်းရဲမှုလျှော့ကျစေရန် နိုင်ငံတော်မှ ကျန်းမာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ချထားပေးနေပါကြောင်း၊ ညီမျှသည့်ကျန်းမာရေးစောင့်ရှောက်မှုရရှိပြီး ငွေကြေးအခက်အခဲကြီးမားစွာခံရခြင်းမှ လွတ်မြောက်ရန် လုံလောက်သည့်ရန်ပုံငွေရရှိအောင်ရှာခြင်း၊ ငွေကြေးမြောက်မြားစွာထုတ်သုံးစွဲမှုကို လျှော့ချနိုင်ရန် ကြိုးပမ်းခြင်း၊ ငွေကြေးကိုအကျိုးရှိရှိအသုံးပြုစီမံခြင်းများ လိုအပ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တွက်ချက်မှုများအရ ကျန်းမာရေးကုန်ကျစရိတ်များမှ ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသည် ဆေးဝါးကို လွန်ကဲစွာအသုံးပြုခြင်း၊ ဓာတ်ခွဲခန်းဓာတ်မှန်စသည့် ရောဂါရှာဖွေမှုကို ပိုမိုစမ်းသပ်ခြင်း၊ မလိုအပ်ဘဲဆေးရုံတက်ခြင်းနှင့် လိုအပ်သည့် ရက်ထက် ပိုတက်ရခြင်းတို့ဖြစ်ပါကြောင်း။

အာရှပစိဖိတ်ဒေသတွင်း နိုင်ငံအချို့တွင် နိုင်ငံတော်ဘဏ္ဍာနှင့် လူမှုကျန်းမာရေးအာမခံပူးပေါင်းသည့် ကျန်းမာရေးအာမခံစနစ်၊ သမဝါယမစနစ်၊ အခြေခံလူတန်းစားများအတွက် ကျန်းမာရေးရန်ပုံငွေအထိုက်အလျောက်ချမှတ်သည့်စနစ်၊ ကျန်းမာရေးအာမခံစနစ်နှင့် ရန်ပုံငွေစုဆောင်းခြင်းစသည့်စနစ်များဆောင်ရွက်လျက်ရှိကြရာ မြန်မာနိုင်ငံအနေဖြင့် အဆိုပါနည်းလမ်းများမှ လွှမ်းခြုံမှုစနစ်ရရှိရန် ကြံဆသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၂ ရက်မှ ၁၃ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ မက္ကဆီကိုနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁၂

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် The Global Legislators Organisation ၏ ဖိတ်ကြားချက်အရ မက္ကဆီကိုနိုင်ငံ၌ ဇွန် ၆ ရက်မှ ၈ ရက်အထိကျင်းပသည့် ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ ဥပဒေပြုအဖွဲ့အစည်းများ၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာနေလင်းနှင့် ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းအောင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ဇမ္ဗူသီရိမြို့နယ်၌ ဂုဏ်ထူးရှင် ၁၀၈ ဦးပေါ်ထွက်

နေပြည်တော် ဇွန် ၁၂

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူပေါင်း ၁၆၇၂ ဦးရှိပြီး အောင်မြင်သူ ၄၀၈ ဦးရှိရာ အောင်ချက်ရာခိုင်နှုန်းမှာ ၂၄ ဒသမ ၄၀ ရာခိုင်နှုန်းဖြစ်ကာ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၁ ဦး ဂုဏ်ထူးရှင်စုစုပေါင်း ၁၀၈ ဦး ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ထိုင်းတပ်မတော်အစိုးရက ကမ္ဘာ့ဖလားဘောလုံးပွဲများ အခမဲ့ပြသရန် အမိန့်ထုတ်

ဗန်ကောက် ဇွန် ၁၂

ထိုင်းနိုင်ငံတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်အားလုံးကို ဘောလုံးပရိသတ်အားလုံး အခမဲ့ကြည့်ရှုခွင့် သေချာမှု ရှိစေရန် တပ်မတော်အစိုးရက ရုပ်မြင်သံကြားထုတ်လွှင့်မှု စီစဉ်ညွှန်ကြားသူများကို အမိန့်ပေးထားပြီးဖြစ်ကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၎င်းဆောင်ရွက်ချက်သည် ပြည်သူအားလုံး ပျော်ရွှင်မှု ခံစားရစေရန် လုပ်ရှားမှုများအနက်မှ တစ်ခုဖြစ်ကြောင်း ထိုင်းတပ်မတော်က ပြောသည်။ သို့သော် အခမဲ့ ဆံပင်ညှပ် ခြင်းနှင့် အခမဲ့ဂီတပွဲများ ဖြေဖျော်ခြင်းကဲ့သို့ လူအများ စိတ်ဝင်စားမှု ရရှိစေရေး လှည့်ကွက်မူဝါဒများဟုသာ ပြောကြားသည်။

လူတိုင်းလူတိုင်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကြည့်ရှုခွင့်ရရှိရေးသည် ပြည်သူအားလုံး ပျော်ရွှင်မှု ရရှိစေရန် လုပ်ရှားမှုအတွက် အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်ကြောင်း ဗန်ကောက်မြို့မှ ဘီဘီစီသတင်းထောက်က ပြောကြားသည်။

အာအက်(စ်)ရုပ်မြင်သံကြားလိုင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ထုတ်လွှင့်ခွင့်ကို ဝယ်ယူထားခဲ့ပြီး ဖြစ်သည့်အပြင် ဘောလုံးပွဲစဉ်များ၏သုံးပုံတစ်ပုံကို အခမဲ့ရုပ်သံလိုင်းများအား ထုတ်လွှင့်ခွင့်ပေးရန် စီစဉ်ထားပြီးဖြစ်သည်။

ရုပ်သံကြည့်ရှုသူအားလုံးသည် ဖမ်းစက်တစ်လုံး ဝယ်ယူရမည်ဖြစ်သည်။ သို့သော် အလွန်ဆင်းရဲသော ထိုင်းပြည်သူများသည် အဆိုပါ ရုပ်သံဖမ်းစက်တစ်လုံးကို ဝယ်ယူနိုင်ခြင်း မရှိဟုဆိုသည်။

သို့အတွက် တပ်မတော်အစိုးရက အမျိုးသား ရုပ်မြင်သံကြားဌာနကို ကုန်ကျစရိတ်ကျခံရခြင်း မရှိဘဲနှင့် ဘောလုံးပွဲစဉ်အားလုံး ပြသနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် အမိန့်ပေးထားသည်။

သတင်းများအရ အာအက်(စ်)ရုပ်သံလိုင်းက လျော်ကြေးငွေအဖြစ် ဒေါ်လာ ၂၀ ဒသမ ၅ သန်း တောင်းခံထားသည်ဟု ဆိုသည်။

ဘီဘီစီ။

ပင်လယ်လိပ် ၄၇ ကောင်ကို ချက်နိုင်ငံ၌ သိမ်းဆည်းရမိ

ပရာဟာ ဇွန် ၁၂

နိုင်ငံခြားသားတစ်ဦးက အာရှဒေသမှ မှောင်ခိုတင်သွင်းလာသော ပင်လယ်လိပ် ၄၇ ကောင်ကို ချက်နိုင်ငံ အကောက်ခွန်အာဏာပိုင်များက သိမ်းဆည်းရမိခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၂ ရက်တွင် ဖော်ပြသည်။

သိမ်းဆည်းရမိသော ပင်လယ်လိပ်များမှာ မျိုးသုဉ်းရန် ဘေးအန္တရာယ်ရှိ တိရစ္ဆာန်များ စာရင်းတွင်ပါဝင်သည်။ အိတ်တစ်လုံးအတွင်း ပါရှိသော ပလတ်စတစ် သေတ္တာနှစ်လုံး၌ သို၀ှက်ယူလာခဲ့သည့် ပင်လယ်လိပ်များနှင့် လိပ်ဥနှစ်လုံးတို့ကို အသက် ၄၇ နှစ် အရွယ်ရှိ နိုင်ငံခြားသားတစ်ဦးထံမှ သိမ်းဆည်းရမိခဲ့သည်ဟု ဖော်ပြသည်။

ရှာဖွေ

ချက်နိုင်ငံ ပရာဟာမြို့ရှိ ဗားကလပ်ဟာဗယ်လ် လေဆိပ်၌ အကောက်ခွန်အရာရှိများက အိပ်ချ်ရေးစကင်နာစက်ဖြင့် ရှာဖွေ စစ်ဆေးရာတွင် ပင်လယ်လိပ်များကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ခိုးဝှက် သယ်ဆောင်လာခြင်းကြောင့် ပင်လယ်လိပ်များစွာ သေလုမျောပါး အခြေအနေတွင် ရှိနေပြီး နှစ်ကောင်သေဆုံးခဲ့သည်။ ယင်းပင်လယ်လိပ်များကို ဆေးဝါးကုသပေးနိုင်ရန် ပရာဟာမြို့ရှိ တိရစ္ဆာန်ဥယျာဉ်သို့ ပို့ဆောင်ပေးခဲ့သည်။ **ရိုက်တာ။**

မလေးရှားကမ်းလွန်၌ ရေနံတင်သင်္ဘောမှ ဒီဇယ်ဆီများကို ပင်လယ်ဓားပြများ လုယက်ယူဆောင်

ကွာလာလမ်ပူ ဇွန် ၁၂

မလေးရှားနိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ဒေသ၌ ရေနံတင်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲခဲ့သော ပင်လယ်ဓားပြများကို မလေးရှားပင်လယ်ရေကြောင်းလုံခြုံရေးအေဂျင်စီမှ တပ်ဖွဲ့ဝင်များက ရှာဖွေလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၁၂ ရက်တွင် ပြောကြားသည်။

မလေးရှားမှတ်ပုံတင် အမ်တီဘူဒီမီ ထရာဒူယာအမည်ရှိ ရေနံတင်သင်္ဘောကို ပင်လယ်ဓားပြများက ဇွန် ၇ ရက်တွင် ပြန်ပေးဆွဲခဲ့သည်။ မလေးရှားနိုင်ငံ၏ ရေနံပေါကြွယ်ဝသော ဆာရာဝပ်ပြည်နယ်ရှိ ဘင်တူလူကျွန်းကမ်းလွန်၌ ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံမှ ထွက်ခွာလာသော ရေနံ

တင်သင်္ဘောပေါ်သို့ ပုဆိန်များကိုင်ဆောင်ထားသည့် ပင်လယ်ဓားပြ ၁၀ ဦး တက်ရောက်လာခဲ့ပြီး ယင်းသင်္ဘောကို ၁၀နာရီကြာမျှ ထိန်းချုပ်ထားခဲ့ကြောင်း၊ ပင်လယ်ဓားပြများသည် ရေနံတင်သင်္ဘောပေါ်မှ ဒီဇယ်ဆီ လီတာတစ်သန်းခန့်ကို အခြားသင်္ဘောတစ်စင်းပေါ်သို့ ပိုက်ဖြင့် စုပ်ယူခဲ့ပြီး ထွက်ပြေးသွားခဲ့ကြကြောင်း မလေးရှား ပင်လယ်ရေကြောင်း လုံခြုံရေး အေဂျင်စီမှ ဒေသဆိုင်ရာတပ်မှူး မိုဟာမက် ဆူဖိရမ်လီက ပြောကြားသည်။

ပင်လယ်ဓားပြများသည် ထွက်ပြေးခြင်းမပြုမီ သင်္ဘောသားများထံမှ အဖိုးတန်ပစ္စည်းများကိုပါ လုယက်ယူဆောင်သွားပြီး ဆက်သွယ်ရေးကိရိယာများကိုလည်း ဖျက်ဆီးပစ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့၏ ကမ်းလွန်ပင်လယ်ပြင်တွင် မကြာသေးမီက ပင်လယ်ဓားပြတိုက်မှု ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။ **ပီတီအိုင်။**

ကုလစုံစမ်းရေးအဖွဲ့အား ခွင့်ပြုရေး သီရိလင်္ကာပါလီမန် ဆုံးဖြတ်မည်

ကိုလံဘို ဇွန် ၁၂

သီရိလင်္ကာပြည်တွင်းစစ်၏ နောက်ဆုံးနေ့ရက်များအတွင်း အစိုးရတပ်ဖွဲ့၏ လူ့အခွင့်အရေးချိုးဖောက်မှုများရှိခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍ စစ်ဆေးနိုင်ရန် ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့အား ခွင့်ပြုပေးရန်သင့်၊ မသင့် ပါလီမန်က ဆုံးဖြတ်မည်ဖြစ်ကြောင်း သမ္မတ မဟိန္ဒြာရာဇာပက်ဆေးက ဇွန် ၁၁ရက်တွင် ပြောကြားသည်။

ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ခွင့်ပြုပေးရန် သင့်၊ မသင့် ပြည်သူ့ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ပါလီမန်က အဆုံးအဖြတ်ပေးသင့်ကြောင်း နိုင်ငံမြောက်ပိုင်း မီဒီရိဂီရိယာမြို့၌ ကျင်းပသော လူထုစည်းဝေးပွဲတစ်ရပ်တွင် သမ္မတ ရာဇာပက်ဆေးက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ အကြမ်းဖက်မှုကို အဆုံးသတ်စေရေးအတွက် လုပ်ဆောင်ခဲ့သည့် မိမိ၏ အစိုးရအဖွဲ့ကို နိုင်ငံတကာက ပြစ်ဒဏ်ခတ်မှု ပြုလုပ်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

သီရိလင်္ကာ အစိုးရအဖွဲ့အား စစ်ရာဇဝတ်မှုများ ကျူးလွန်မှုစွဲချက်ဖြင့် စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂက လိုလားလျက်ရှိကြောင်း သမ္မတ ရာဇာပက်ဆေးက ပြောကြားသည်။

သမ္မတရာဇာပက်ဆေး၏ ပါတီသည် အမတ်နေရာ ၂၂၅ နေရာရှိ ပါလီမန်၌ အမတ်ဦးရေ သုံးပုံနှစ်ပုံကို ရရှိထားသည်။

ပီတီအိုင်။

ကြီးမားသော ရေအားလျှပ်စစ်စီမံကိန်း ချီလီအစိုးရပယ်ချ

ဆန်တီယေဂို ဇွန် ၁၂

ချီလီနိုင်ငံ သမိုင်းတစ်လျှောက်တွင် အကြီးဆုံးဖြစ်မည့် စွမ်းအင်စီမံကိန်းကို အစိုးရက ပယ်ချလိုက်ကြောင်း ဇွန် ၁၂ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဟိုက်ဒြိုအိုင်းဆင်းစီမံကိန်းသည် အလွန်သာယာသော၊ အလွန်လှပသော ပါတာဂိုးနီးယားရှိ မြစ်နှစ်စင်းပေါ်တွင် ကြီးမားသော ဆည်ကြီးငါးခု တည်ဆောက်မည်ဖြစ်သည်။

ယင်းစီမံကိန်းကြီးကို ရှုထောင့်အဖုံဖုံမှ သုံးသပ်စဉ်းစားကြရမည်ဖြစ်သည်ဟု စွမ်းအင်ဝန်ကြီး မာစီမိုပါချီကိုက ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒီများက အစိုးရ၏ ဆုံးဖြတ်ချက်ကို ချီးကျူးဂုဏ်ပြုလိုက်ကြပြီး ၎င်းစီမံကိန်းသည် ယင်းဒေသရှိ ဂေဟစနစ်ကို ဖျက်ဆီးပစ်လိမ့်မည်ဟု ပြောကြားသည်။

တစ်မူထူးသည့် ဒေသ၏ တောတောင်များ ရှိရားလေ့ယဉ်ကျေးမှုများနှင့် ဒေသတွင်း ခရီးသွားစီးပွားရေးကို ယင်းဆည်ကြီးများက ဒုက္ခပေးမည်ဖြစ်ကြောင်း သဘာဝအရင်းအမြစ်များ ကာကွယ်ရေးကောင်စီ၏ လက်တင်အမေရိက ဒါရိုက်တာ အမန်ဒါမက်(စ်)ဝဲလ်က ပြောကြားသည်။

ထောင်ပေါင်းများစွာသော ပြည်သူများက ဟိုက်ဒြိုအိုင်းဆင်းစီမံကိန်းကို ကန့်ကွက်ခဲ့ကြသည်။

ယင်းစီမံကိန်းသည် ရွှေ့ပြောင်းပေးရမည့် ပြည်သူများ၏ နောင်ရေးအတွက် ပြည့်စုံလုံလောက်သော ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားခြင်းမရှိကြောင်း၊ တောရိုင်းတိရစ္ဆာန်များကျက်စားရန် လုံလောက်သော နယ်မြေနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမည့် ပမာဏကို ခေါ်ပြထားခြင်း မရှိကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ပါဘလိုဘာဒီးနီးယားက ထောက်ပြသည်။ အဆိုပါစီမံကိန်းကို အဆိုပြုကြသော ကုမ္ပဏီများဖြစ်သည့် စပိန်နိုင်ငံမှ အင်းဒီဆာနှင့် ချီလီနိုင်ငံမှကိုးလ်ဘန်တို့သည်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားရုံးတော်သို့ ယင်းဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခွင့်ရှိသည်ဟု ဆိုသည်။ ဘီဘီစီ။

အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြည်သူများ အသိအမြင်မြှင့်တင်ရေး ချမှတ်ထားသည့်လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ဆုံးဖြတ်

နေပြည်တော် ဇွန် ၁၂

(၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၌ ကျင်းပခဲ့ပြီး **(ယာပုံ)**(၃)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီခွဲအထိ ကျင်းပခဲ့သည်။

နံနက်ပိုင်းအစည်းအဝေးကို အစီအစဉ်အတိုင်းကျင်းပရာ အစည်းအဝေးဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အာဆီယံအသိအမြင် မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ရနိုင်သမျှသော မီဒီယာနည်းလမ်းပေါင်းစုံကို ကျင့်သုံးဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားရာ စင်ကာပူနိုင်ငံက ဆွေးနွေးရာ၌ Digital ရုပ်သံထုတ်လွှင့်မှုစနစ်သို့ ပြောင်းလဲမှုတွင် အာဆီယံဒေသတွင်းရှိ မိသားစုတိုင်း ဝယ်ယူကြည့်ရှုနိုင်သည့် ဈေးနှုန်းဖြင့် DVB T2 Set Top Box များ ထုတ်လုပ်ရောင်းချဖြန့်ဖြူးနိုင်စေရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကဏ္ဍပေါင်းစုံ ထုတ်လွှင့်ပေးနိုင်ခြင်းသည် အာဆီယံအသိပညာကြွယ်ဝမှုနှင့် ပတ်သက်၍ ထိရောက်သောနည်းလမ်းတစ်ခုဖြစ်ကြောင်းဖြင့်လည်းကောင်း၊ မလေးရှားနိုင်ငံက ဆွေးနွေးရာ၌ ၂၀၁၅ ခုနှစ်လွန် ပြန်ကြားရေးဆိုင်ရာ ရည်မှန်းချက်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း လုပ်ငန်းစီမံချက်များချမှတ်ပြီး ဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့်လည်းကောင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် နေပြည်တော်ကြေညာစာတမ်းဖြစ်သည့် ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းအတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြေညာချက် (Declaration on Social Responsible Media for a Peaceful and Prosperous ASEAN Community) ကို ထုတ်ပြန်နိုင်ခဲ့သည်။ ထို့ပြင် ASCC Blueprint နှင့် ပတ်သက်၍ လမ်းပြမြေပုံကို သဘောတူညီခဲ့ပြီး အာဆီယံ အသိအမြင် မြှင့်တင်ရေးဆိုင်ရာ (ASEAN Virtual Learning Resource Centre) ကို ၂၀၁၅ ခုနှစ် ပထမလေးလပတ် ကာလအတွင်း ထုတ်လွှင့်နိုင်ရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ အာဆီယံဒေသတွင်း ပြည်သူများ ဝယ်ယူကြည့်ရှုနိုင်မည့် DVB T2 Set Top Box များထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ကိုလည်း ဆုံးဖြတ်ခဲ့ကြသည်။

မွန်းလွဲပိုင်း အစည်းအဝေးတွင် အစည်းအဝေးဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့အကြား ပြန်ကြားရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများရှာဖွေဖော်ထုတ်၍ ဆောင်ရွက်ခြင်းဖြင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့ရှိ ပြည်သူများအကြား ရင်းနှီးချစ်ကြည်မှုနှင့် အပြန်အလှန် ယုံကြည်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားပြီး ဆွေးနွေးဖက်သုံးနိုင်ငံက ပြန်ကြားရေးကဏ္ဍစုံတွင် အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန်ကို လေးလေးနက်နက် တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြည်သူများ အသိအမြင်မြှင့်တင်ရေးအတွက် ချမှတ်ထားသည့်လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (ARMI) သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပြီး အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဝန်ကြီး များ၊ ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယား သမ္မတနိုင်ငံတို့မှ ဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က (၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၃) ကြိမ်မြောက် အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသူများအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မီနီဘတ်စ်အချို့၌ ခေါင်းခန်းခအဖြစ် ကျပ် ၅၀၀ ကောက်ခံလာကြ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့တွင်းပြေးဆွဲနေသော မီနီဘတ်စ်ယာဉ်အချို့တွင် ခေါင်းခန်းနေရာရှိ ခုံများတွင်ထိုင်စီးပါက တစ်ဦးလျှင် ကျပ် ၅၀၀ နှုန်းကောက်ခံလျက်ရှိကြောင်း သိရသည်။

ယာဉ်မောင်း၏ဘေးနှင့် အနောက်ဘက်တို့တွင်ရှိသော ထိုင်ခုံများကို ခေါင်းခန်းခတောင်းခံခြင်းများရှိသလို ခေါင်းခန်းခအဖြစ် မရေးသားဘဲ လာရောက်ထိုင်သည့် ခရီးသည်များကို ခေါင်းခန်းခအဖြစ်ပြောဆိုကောက်ခံခြင်းများရှိပြီး ပေါ်ပေါ်ထင်ထင်စာရေး၍ ကောက်ခံခြင်းများလည်းရှိလာခဲ့သည်။

"အဲဒီ ခေါင်းခန်းခက ယာဉ်မောင်းက စားတယ်၊ ကျွန်တော်တို့နဲ့တော့ မဆိုင်ဘူး"ဟု အဆိုပါ ခေါင်းခန်းခတောင်းခံသူ ၃၈ မီနီဘတ်စ်လိုင်းမှ ယာဉ်နောက်လိုက်တစ်ဦးကပြောသည်။ အချို့သော မီနီဘတ်စ်အများစုတွင် ယင်းသို့ သတ်မှတ်ကောက်ခံခြင်းမရှိသော်လည်း မီနီဘတ်စ်ယာဉ်အချို့တွင် ယာဉ်မောင်းအနီးမှ ထိုင်ခုံများကို ကြိုးဖြင့်သွယ်တန်းပိတ်ထား၍ ခေါင်းခန်းခကောက်ခံခြင်းဖြစ်သည်။

၈၆ မီနီဘတ်စ်ယာဉ်တစ်စီးတွင် ကိုယ်တိုင်ကြုံရသူတစ်ဦးက "ဒရိုင်ဘာဘေးနားမှာ ခုံလွတ်လို့သွားထိုင်တာ ငွေ ကျပ် ၅၀၀ တောင်းတယ်၊ ဘာလို့လဲမေးတော့ ခေါင်းခန်းခလို့ပြောတယ်၊ အဲဒါနဲ့မထိုင်တော့ဘဲ ရပ်ပြီးစီးလာရတယ်" ဟု ပြောသည်။

ထိုသို့ ခေါင်းခန်းခအဖြစ်ကောက်ခံရန် သတ်မှတ်ထားခြင်းမရှိသလို ယာဉ်စီးခကိုလည်း ခရီးစဉ်အလိုက် တစ်ပိုင်းလျှင် ငွေကျပ် ၅၀ နှုန်းဖြင့် သတ်မှတ်ကောက်ခံရန်သာ တရားဝင်သတ်မှတ်ထားကြောင်း မထသ (ဗဟို)မှ သိရသည်။

ယာဉ်လိုင်းများတွင် ယခုလိုဖြစ်နေခြင်းကို စစ်ဆေးသည့်အဖွဲ့များက ခရီးသည်အသွင်ဖြင့် လိုက်လံစီးနင်းစစ်ဆေးခြင်းဖြင့် စည်းကမ်းမဲ့စွာ လုပ်ဆောင်သည့် အခြေအနေများ လျော့နည်းလာမည်ဖြစ်ကြောင်း ခရီးသည်အများစုက အကြံပြုကြသည်။

ထက်ခိုင်(စမ်းချောင်း)

ရေနက်ကွင်းလယ်ဧက ၇၀၀၀ ကျော် ပြန်လည်တူးဖော်သည့် အုတ်ဖိုနှင့် မင်းလှ

အောင်မင်း(ဒလ)

ပဲခူးတိုင်းဒေသကြီး(အနောက်)ရှိ အုတ်ဖို၊ မင်းလှမြို့နယ်များတွင် ချောင်းမြောင်းများတိမ်ကောသ၍ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုကြောင့် တောင်သူလယ်သမားများ စီးပွားကျပ်တည်းကြသည်။ မိုးစပါးစိုက်သည့် လယ်ယာမြေများသည် ရေနက်ကွင်းသဏ္ဌာန်ရှိသဖြင့် လယ်ယာများ စိုက်ပျိုး၍မရပေ။ ထို့ကြောင့် တောင်သူများ မိုးစပါးစိုက်ပျိုးရန် အခက်အခဲကို အုတ်ဖိုမြို့နယ် တိုင်းဒေသကြီးကိုယ်စားလှယ် ဦးထိန်လင်းထံတင်ပြမှုအပေါ် ၎င်းက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တင်ပြခဲ့သည်။ ဝန်ကြီးချုပ်ကလည်း ပြည်သူ့လွှတ်တော်သို့ ၂၀၁၂ ခုနှစ်က တင်ပြခဲ့သည်။ လွှတ်တော်ကလည်း ခွင့်ပြုခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထိန်လင်းက "ကျွန်တော်တို့ အုတ်ဖိုမြို့နယ်မှာ ဆတ်ပုတ်ချောင်း၊ ဗွက်ကြီးချောင်း၊ သိုက်ဝါးချောင်းနဲ့ မွဲရိုက်ချောင်းဆိုပြီး ချောင်းကြီးလေးချောင်းရှိပါတယ်။ ဒီချောင်းကြီးတွေကကြာလာတော့ တိမ်ကောလာတယ်။ တိမ်ကောတာနဲ့အမျှ ရေစီးရေလာကလည်း မကောင်းတော့ဘူး။ လယ်ယာတွေက ရေနက်ကွင်းလိုမျိုး ရေပင်လယ်ဖြစ်သွားတာပါ။ ဒါ့ကြောင့် တောင်သူတွေက သူတို့အခက်အခဲတွေကို ကျွန်တော့်ဆီတင်ပြတာ။ ကျွန်တော်က တစ်ဆင့် ဝန်ကြီးချုပ်ထံတင်ပြတော့ ခွင့်ပြုချက်ရတာနဲ့ လုပ်ငန်းဆောင်ရွက်တာပါ။ ဒီချောင်းကြီးတွေ ပြန်လည်တူးဖော်လိုက်တာနဲ့ လယ်ဧက ၇၀၀၀ ကျော် စိုက်ပျိုးလို့ရတဲ့မြေဖြစ်သွားမှာပါ"ဟု ပြောသည်။

ဓာတ်ပုံ ›› သက်လွင်(အုတ်ဖို)

ဆတ်ပုတ်ချောင်းသည်အရှည် ၁၅ မိုင်၊ ဗွက်ကြီးချောင်းသည် ၆ ဒသမ ၆ မိုင်၊ သိုက်ဝါးချောင်းသည် ၆ ဒသမ ၅ မိုင်၊ မွဲရိုက်ချောင်းသည် ၂ ဒသမ ၇ မိုင် စုစုပေါင်း ၃၁ မိုင်ဖြစ်ပြီး ချောင်းတိုင်း၏အောက်ခြေအကျယ်မှာ ပေ ၂၀၊ အပေါ်အကျယ် ပေ ၄၀ ဖြစ်သည်။ မြေတူးစက်(Backhoe) ၁၁ စီးဖြင့် တူးဖော်ရာ ဇွန်လကုန်တွင်ပြီးစီးမည် ဖြစ်သည်။

နှမ်းကုန်း (အုတ်ဖို)ရွာသူ တောင်သူ ဒေါ်ပုက "ကျွန်မက နှမ်းကုန်းဇာတိပါ၊ ကျွန်မအသက် (၅၀)အတွင်းမှာ ဒီလိုချောင်းကို မြေတူးစက်နဲ့တူးတာ တစ်ခါမှမတွေ့ဖူးပါဘူး။ မင်းလှပိုင်မှာ ကျွန်မပိုင်လယ် ၁၀ ဧက က မိုးစပါး ၈ ဧက သာစိုက်ရတယ်။ အုတ်ဖိုပိုင်လယ် ၁၀ ဧကမှာ တစ်ဧကပဲ မိုးစပါးစိုက်လို့ရတယ်။ ရေနစ်တဲ့လယ်တွေကို စပါးစိုက်ဖို့ နောက်တစ်ကြိမ်ထပ်ကြိုးစားတယ်။ ဒါပေမယ့် ရေပြန်ကျတဲ့ရက်က နောက်ကျတော့ လုပ်အားခတွေဆုံးတာပဲ။ ဒီတော့ ကြွေးသံသရာက တဝဲလည်လည်ပါပဲ"ဟု ပြောသည်။ "ခုလိုချောင်းမြောင်းတွေကို ပြန်တူးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟုလည်း ထပ်မံ၍ပြောသည်။

မင်းလှပိုင်လက်ပံရေကျော်အုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းကလည်း "ဒီချောင်းကြီးကို လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က လူအားနဲ့ တူးတာလို့ ကျွန်တော့်အဘိုးပြောတာ ကြားဖူးတယ်။ ပြန်မတူးတာ နှစ်ပေါင်း ၅၀ လောက်ကြာပါပြီ။ ချောင်းရိုးမြောင်းရိုးဆိုတာ တိမ်ကောရိုးရှိတယ်ဆိုတဲ့စကားအတိုင်း တိမ်ကောလာတာလေ။ ရေပင်လယ်ပြင်ဖြစ်ပြီး လယ်စိုက်လို့မရတော့ဘူး။ လယ်သမားတွေ လယ်စိုက်မရတော့ ကြွေးတင်၊ ကြွေးကို အတိုးနဲ့ဆပ်၊ ဒါနဲ့ ကြွေးသံသရာမှာ လုံးချာပတ်နေတာ။ ဒီနှစ်တော့ ကောနေတဲ့ ချောင်းတွေပြန်တူးပေးတော့ မစိုက်ရတဲ့လယ်တွေ ပြန်စိုက်လို့ရရင် ကြွေးတွေအတော်အတန်ကျေမယ်ထင်ပါတယ်။ ဒီအတွက်ကျေးဇူးတင်ပါတယ်ဗျာ" ဟု ပြောသည်။

မင်းလှမြို့နယ် နှမ်းကုန်းကျေးရွာအုပ်စုမှ တောင်သူကိုကျော်မိုးကလည်း "လယ်တွေရေနစ်လို့ ပြန်တူးပေးဖို့ မြို့နယ်ကို တင်ပြပေမယ့် ဘတ်ဂျက်မရှိလို့ဆိုပြီး ပြန်မတူးပေးတာ နှစ်ပေါင်းအတော်ကြာပေါ့။ ဒီလိုကောနေတဲ့ချောင်းကို ပြန်တူးပေးတဲ့အတွက် ကျွန်တော်တို့တောင်သူတွေက ထီပေါက်တာထက်ပိုပြီး ဝမ်းသာနေကြတယ်"ဟု ပြောသည်။

အုတ်ဖိုမြို့နယ် တင်းကုတ်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းဦးက "ကွင်းအမှတ် ၈၈၃ နဲ့ ၈၈၇ က ရေနက်ကွင်းသက်သက်ဖြစ်နေတယ်။ ရေနက်ကွင်းမှာ ရေကျချိန်မှာ စပါးစိုက်ကြတယ်။ ရေနစ်လို့သေတာရယ်၊ စိုက်ချိန် နောက်ကျတာကြောင့် စပါးမထွက်တာတွေဖြစ်တော့ ဒီတစ်နှစ်ရှုံးလို့ နောက်နှစ်ကြိုးစားတော့လည်း ထပ်ရှုံးတာကြောင့် အရှုံးသံသရာလည်နေတာ နှစ်ပေါင်း အတော်ကြာပါပြီ။ ဒီနှစ်တော့ ကောနေတဲ့ ချောင်းတွေတူးပေးလို့ အထူးပဲ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

လက်ပံရေကျော် ရပ်မိ ရပ်ဖ ဦးရွှေကြီးကလည်း "မင်းလှမြို့နယ်အပိုင် လက်ပံရေကျော်၊ ဗောဓိကုန်း၊ နှမ်းကုန်း၊ ကျည်းတစ်ပင်၊ တာကွေ့၊ သုံးတန်းချောင်း သစ်တန်းကျေးရွာပိုင် ဧက ၂၀၀၀ ကျော်ရှိတယ်။ အားလုံးက ရေနက်ကွင်းဖြစ်နေတာ နှစ်အတော်ကြာလှပေါ့ဗျာ။ ခုတော့ ဒယ်အိုးကြီးလိုဖြစ်နေတဲ့ ရေနက်ကွင်းကို မြေတူးစက်တွေနဲ့ မြောင်းဖော်၊ ချောင်းတွေဖော်ပေးတော့ ဝမ်းသာပီတိက နှိုင်းစရာမရှိအောင်ပါပဲ"ဟု ပြောသည်။

ကျွန်းကောက်ပင်အုပ်ချုပ်ရေးမှူး ဦးဝင်းဦး (အုတ်ဖိုပိုင်)ကလည်း "ကျွန်တော်ရွာမှာ လယ်ဧက ၁၄၃၀ ရှိတယ်။ ရေနက်လယ်ဧက ၄၀၀ လောက်ရှိတယ်။ ရေမနစ်တဲ့ လယ်မြေက မြေအမျိုးအစားမကောင်းဘူး။ စပါးအထွက် နည်းတယ်။ စပါးအထွက်များတဲ့လယ်က ရေနစ်တယ်။ ရေနစ်နေတာ နှစ်ပေါင်း ၃၀ လောက်ရှိပါပြီ။ ဒီနှစ်တော့ စပါးအထွက်ကောင်းတဲ့ လယ်တွေကို တူးမြောင်းတွေတူးပေးတဲ့အတွက် ကျေးဇူးလည်းတင်တယ်။ တောင်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှုတွေလျှော့ချပေးမယ်ဆိုတဲ့ သမ္မတကြီးရဲ့စကားအတိုင်း ကြွေးထူတာအတော်အတန် ပြေလျော့မယ်ထင်ပါတယ်။ သမ္မတကြီးကလည်း လယ်ယာမြေတွေ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ဖို့အတွက် လိုအပ်တဲ့ရေတားတမံတွေ၊ ရေတံခါးနဲ့ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမယ်လို့ ပြောတာကို ကျွန်တော်သတင်းစာမှာ ဖတ်လိုက်ရတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့သူ အားလုံးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

အဆိုပါ ချောင်းမြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို တာဝန်ခံလုပ်ကိုင်သူ ကိုလင်းထွဋ်က "ကျွန်တော်တို့ ဒီလို ချောင်းမြောင်းတွေကို မြေတူးစက်နဲ့ လိုက်တူးတာ မြန်မာပြည်အနှံ့ပဲ၊ ဒီကရွာသူရွာသားတွေက လက်ဖက်ရည်၊ မုန့်အပြင် ထမင်းပါကျွေးတယ်၊ ကျေးဇူးတင်လွန်းလို့တဲ့လေ၊ တခြားနေရာတွေမှာ ဒါမျိုးတွေမရှိဘူး"ဟု ပြောသည်။

ဒေသခံတောင်သူများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့၏ တင်ပြချက်အရ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်ဖြင့် ဆည်မြောင်းဦးစီးဌာနမှ ကြပ်မတ်ကာ ထွန်းလင်းမြန်မာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးသည်။ အုတ်ဖိုမြို့နယ်သည် ၄၀၅ ဒသမ ၄၈ စတုရန်းမိုင်ကျယ်ဝန်းကာ မြို့ပေါ်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၄၅ ရွာ၊ လူဦးရေ ၁၂၃၀၀၀ ကျော်ရှိသည်။ ။

> "ဒီချောင်းကြီးတွေကကြာလာတော့ တိမ်ကောလာတယ်။ တိမ်ကောတာနဲ့အမျှ ရေစီးရေလာကလည်း မကောင်းတော့ဘူး။ လယ်ယာတွေက ရေနက်ကွင်းလိုမျိုး ရေပင်လယ်ဖြစ်သွားတာပါ။ ဒါ့ကြောင့် တောင်သူတွေက သူတို့အခက်အခဲတွေကို ကျွန်တော့်ဆီတင်ပြတာ။ ကျွန်တော်က တစ်ဆင့် ဝန်ကြီးချုပ်ထံတင်ပြတော့ ခွင့်ပြုချက်ရတာနဲ့ လုပ်ငန်းဆောင်ရွက်တာပါ။ ဒီချောင်းကြီးတွေ ပြန်လည်တူးဖော်လိုက်တာနဲ့ လယ်ဧက ၇၀၀၀ ကျော် စိုက်ပျိုးလို့ရတဲ့မြေဖြစ်သွားမှာပါ"

ပြည်သူ့လွှတ်တော်အစည်းအဝေး

ထန်းတပင်မြို့နယ်အတွင်းရှိ မြစ်ကူး၊ ချောင်းကူးကျေးရွာများ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေ

နေပြည်တော် ဇွန် ၁၂

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ စသည့် ဓာတ်သတ္တုများအား အသေးစား ထုတ်လုပ်ခွင့်ပြုမိန့်လျှောက်ထားရာတွင် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ **သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်**က ဓာတ်သတ္တုလက်လုပ်လက်စားနှင့် ဓာတ်သတ္တုအသေးစား ထုတ်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်သည့်အခါ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများ၏ သဘောထားမှတ်ချက်၊ မြို့နယ်မြေစာရင်းဦးစီးဌာန၏ မြေစာရင်းပုံစံ (၁၀၅)၊ မြို့နယ်သစ်တောဦးစီးဌာန၏ သဘောထားမှတ်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်တို့ဖြင့် အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံစွာ ပူးတွဲတင်ပြ၍ သတ္တုတွင်းဝန်ကြီးဌာနမှ လုပ်ကွက်ကင်းရှင်းမှု၊ ဓာတ်သတ္တုဖြစ်ထွန်းပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်မှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိခြင်းတို့ကို စိစစ်ပြီး ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးလျက်ရှိပါကြောင်း။

ကျောက်မျက်ရတနာ ထုတ်လုပ်မှုနှင့် ပတ်သက်၍ လက်ရှိတွင် နိုင်ငံတော်နှင့် အကျိုးတူ တူးဖော်လုပ်ကိုင်နေသည့် လုပ်ကွက်၊ သတ်မှတ်လုပ်ကွက် (အသစ်)နှင့် ဖော်ထုတ်လုပ်ကွက် (အသစ်)များ သုံးမျိုးကို တင်ပြလျှောက်ထားခြင်းကို ကန့်သတ်ချက်များနှင့် လွတ်ကင်းသည့် နေရာ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး။

များတွင် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ခွင့်ချထားပေးလျက်ရှိပါကြောင်း၊ မြန်မာ့ကျောက်မျက်လုပ်ငန်းဥပဒေနှင့် သတ္တုလုပ်ငန်းဥပဒေများကို အသစ်ပြင်ဆင်ပြဋ္ဌာန်းပြီးပါက မေးခွန်းပါအဖြေများကို ပြဋ္ဌာန်းပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ ငပုတောမြို့နယ်အတွင်းရှိ တာကျွန်း (၁) (၂)၊ အထက်ပြွန်၊ သစ်ပုတ္တိတ်နှင့် မန်ကျည်းပင်ရေငန်တားတာရှိ ရေလွှဲတံခါးနှစ်ခုတို့အား ယခုပွင့်လင်းရာသီတွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်**က ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် တာတမံအချို့အနက် အလယ်ကျွန်းတာ (၃)၊ မန်ကျည်းပင်-မဒေါ့ကန်တာများကို အခိုင်အမာပြုပြင်ထားပြီးဖြစ်ပြီး အလယ်ကျွန်းတာ (၁)ရှိ ဆင်သေရေတံခါးနှင့် အလယ်ကျွန်းတာ (၂)ရှိ ရေကျော်တံတားများကိုလည်း ပြန်လည်ပြုပြင်ပေးပြီးဖြစ်ပါကြောင်း။

ဆောင်ရွက်ရန် ကျန်ရှိနေသည့် အလယ်ကျွန်းတာ(၁) သည် အလျား (၁၃ ဒသမ ၃၈) မိုင်နှင့် အလယ်ကျွန်းတာ (၂)သည် အလျား(၂၂ ဒသမ ၃၈) မိုင်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားသော်လည်း ရန်ပုံငွေမရရှိသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ တင်ပြတောင်းခံ၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ငပုတောမြို့နယ် အထက်ပြွန်ကျေးရွာအုပ်စုရှိ အထက်ပြွန်-သစ်ပုတ္တိတ်ရေငန်တားတာတွင် ပြန်လည်ပြုပြင်ပေးရမည့် အလျား (၄)မိုင်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ငပုတောမြို့နယ် မန်ကျည်းပင်ကျေးရွာအုပ်စု မန်ကျည်းပင်-မဒေါ့ကန်တာအတွင်းရှိ လက်ရှိအသုံးပြုလျက်ရှိသော သစ်သားရေထုတ်ပေါက်(၂)ခုကို အခိုင်အမာရေတံခါးအဖြစ် ပြန်လည်တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ (ကိုယ်စား) မော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့်၏ ထန်းတပင်မြို့နယ်အတွင်းရှိ မြစ်ကူး၊ ချောင်းကူးကျေးရွာများသည် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ခွင့်ပြုပေးနိုင်ပါရန်နှင့် ယိုယွင်းပျက်စီးနေသော ကျေးလက်ကျန်းမာရေးဌာနခွဲများအား မည်သည့်အချိန်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ **ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး**က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရိုးခွကျေးရွာ၊ ဆက်ကလေးကျေးရွာ၊ အလိန်လည်ကျေးရွာ၊ ရေပေါ်သောင်ကျေးရွာ၊ တလိုင်မီကျေးရွာ၊ ကြမန်းကျေးရွာ၊ သံပုရာကုန်းကျေးရွာ၊ ဒိတ်ကုန်းကျေးရွာ၊ ကုန်းလှည်းဆိပ်ကျေးရွာများရှိ ယိုယွင်းပျက်စီးနေသော ကျေးလက် ကျန်းမာရေးဌာနများအတွက် ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လျာထားချက်တွင် ပါဝင်ခြင်းမရှိပါ၍ ဆောက်လုပ်ပေးရန် အစီအစဉ် မရှိပါကြောင်းနှင့် သက်ဆိုင်ရာဒေသန္တရစီမံကိန်းများ၌ ပါဝင်စေရန် ဆောင်ရွက်သင့်ပါကြောင်း၊ စံကင်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ခွင့်ပြုမိန့်ရရှိရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဘေးမခကျေးရွာ၌ လူဦးရေ (၃၈၀) ခန့်သာရှိပါသဖြင့် ကျေးလက်ကျန်းမာရေး ဌာနခွဲဖွင့်လှစ်ရန် မလိုအပ်ပါကြောင်း၊ အပြင်ရေကျော်ကျေးရွာသည် သွားလာဆက်သွယ်ရေး လွယ်ကူသော ကျေးရွာတစ်ရွာဖြစ်သဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရန် မလိုအပ်ပါကြောင်း၊ ရေခနဲရိကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ရန် ခွင့်ပြုမိန့်ရရှိရန် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ မော့သော့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ခွင့်ပြုမိန့် ရရှိရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ အုတ်ဖို-တက်ဆွဲမြို့နယ်ချင်းဆက်လမ်းမကြီးအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ **သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း**က အုတ်ဖို- တက်ဆွဲလမ်းသည် အရှည် (၇/၄) မိုင်၊ အကျယ် (၁၂) ပေ၊ ဒု (၁၀)လက်မကျောက်ချောလမ်းခင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ပြီး ၎င်းလမ်းကို (၇ ဒသမ ၅ × ၁၂ ပေ×၁၀ လက်မ)ကျောက်ချောလမ်းခင်းမည့် ကုန်ကျငွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရန် တင်ပြသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သည့် "အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၂၈)ချက်အနက် (၂၅)ချက်ကို ပြည်သူ့လွှတ်တော်က သဘောတူခဲ့ပြီး ဥပဒေကြမ်း၏ အခန်း(၁) အပိုဒ် (၂) အပိုဒ်ခွဲ(ဌ)၊ အခန်း(၄)အပိုဒ်(၇)နှင့် အပိုဒ်ခွဲ(ည)၊ အခန်း(၅)အပိုဒ်(၁၄)တို့တွင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုများ ဖြစ်ပွားနေပါက ရင်းနှီးမြှုပ်နှံလိုသူများအတွက် အဟန့်အတားဖြစ်နိုင်

နေပြည်တော် ဇွန် ၁၂

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့၌ **"အလုပ်ရှင်နှင့် အလုပ်သမားပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က တင်သွင်းခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က (၂၁) ရက်အတွင်း ပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည့်အတွက် (၂၁) ရက် စောင့်ဆိုင်းပြီးမှ အဆိုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် **တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း**က အလုပ်ရှင်၊ အလုပ်သမားများနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများကို အလုပ်ရှင်နှင့် အလုပ်သမားများ သိရှိလိုက်နာမှု အားနည်းနေပါကြောင်း၊ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်ရှင်နှင့် အလုပ်သမားများ သိသင့်သိထိုက်သော မဖြစ်မနေသိရှိရမည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ပညာပေးဟောပြောရှင်းလင်းခြင်း၊ အမိန့်နှင့် ညွှန်ကြားချက်များအား အလုပ်သမားများ ထင်သာမြင်သာ ရှိသည့် နေရာများတွင် ချိတ်ဆွဲပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း။

စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ၊ တောင်းဆိုမှုများ၊ အချင်းများမှုပြဿနာများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေသော်လည်း အချို့စက်ရုံ၊ အလုပ်ရုံများတွင် ပြဿနာများ ရှိနေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထိရောက်စွာ ဖြေရှင်းညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများ မကြာခဏ ဖြစ်ပွားနေပါက ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအတွက် အဟန့်အတားဖြစ်နိုင်ပြီး မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးသွားနိုင်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်မြင့်ဟန်က အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက်စာချုပ်တွင် အလုပ်သမားရရှိမည့် လုပ်အားခ၊ လုပ်ခလစာ၊ အလုပ်ချိန်၊ ခံစားခွင့်၊ အလုပ်ရှင်၊ အလုပ်သမားတို့၏ တာဝန်ဝတ္တရား၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းတို့ပါဝင်ပြီး သက်ဆိုင်ရာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ရှေ့မှောက်၌ ချုပ်ဆိုကြရပါကြောင်း၊

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း။

အလုပ်ရှင်နှင့် အလုပ်သမားပြဿနာ ဖြစ်ပါက ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များသည် စာချုပ်အရ ဖြေရှင်းပေးသော်လည်း အလုပ်ရှင်များဘက်မှ လိုက်နာမှု အားနည်းနေသည်ကို စဉ်းစားသုံးသပ်ရန်လိုအပ်ပါကြောင်း၊ အချိန်ပိုဆင်းရာတွင် ခွင့်ပြုချက်ထက်ကျော်လွန်လုပ်ကိုင်ခြင်းမပြုရန်နှင့် လုပ်ကိုင်လိုသူ အလုပ်သမားများ၏ ဆန္ဒသဘောထားနှင့်အညီ လုပ်ကိုင်စေရန် လိုအပ်ပါကြောင်း။

အခြေခံလစာနည်းမှု အပေါ်မူတည်ပြီး အလုပ်ရှင်နှင့် အလုပ်သမားပြဿနာဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အနည်းဆုံးအခကြေးငွေနှုန်းထားကို ထုတ်ပြန်နိုင်တော့မည်ဖြစ်ပြီး အခြေခံလစာများ သတ်မှတ်နိုင်တော့မည်ဖြစ်သဖြင့် အလုပ်ရှင်နှင့် အလုပ်သမား ပြဿနာများလျော့နည်းသွားနိုင်ပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ၏ ဝင်ငွေ၊ ထွက်ငွေ၊ အကျိုးအမြတ်များ တင်ပြမှုသည် သိသာမြင်သာထင်ရှားမှု မရှိသေးပါကြောင်း၊ သိသာထင်ရှားစွာ တင်ပြနိုင်ပါက အလုပ်သမားများ နားလည်သဘောပေါက်ပြီး အလုပ်ရှင်နှင့် အလုပ်သမားပြဿနာများ နည်းသွားနိုင်ပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးရှုမောင်က အလုပ်ရှင်နှင့် အလုပ်သမားကြားတွင် မပြေလည်မှုများ ရှိလာသည့်အခါ ၎င်းတို့၏ အကျိုးစီးပွား ထိခိုက်လာနိုင်ပါကြောင်း၊ အလုပ်သမားပြဿနာတစ်ခုခုဖြစ်မှ သွားရောက်ဖြေရှင်းမှုမျိုး မဟုတ်ဘဲ အလုပ်ရှင်နှင့် အလုပ်သမားများထံသို့ သွားရောက်၍ အသိပညာပေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို အခါမလပ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများ၏ သာရေး၊ နာရေးကိစ္စများတွင် စီစဉ်ပေးနိုင်ခြင်းမရှိပါက အလုပ်သမားများတွင် အခက်အခဲများဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ယခုအချိန်သည် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေသည့်အချိန်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့်လည်း အလုပ်အကိုင်များကို လိုအပ်နေသည့် အချိန်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများက အလုပ်သမားများ၏ အခြေအနေကို စောင့်ကြည့်နေပါကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားကြားတွင် ပြေလည်မှုရှိပါက နိုင်ငံတော်အတွက်လည်း အကျိုးရှိလာမည်ဖြစ်သည့်အတွက် တာဝန်ခွဲခြားသတ်မှတ်၍ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည်က ယခုအချိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးကဏ္ဍများအား အားကြိုးမာန်တက် အားလုံးပါဝင်ဆောင်ရွက်နေကြသည့်အချိန် ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းကို နွေးနွေးထွေးထွေး ကြိုဆိုနေသည့်အချိန် ဖြစ်သကဲ့သို့ ဈေးကွက်စီးပွားရေးချဲ့ထွင်နေသည့် အချိန်တွင် အလုပ်ရှင်နှင့်အလုပ်သမားများအတွက် အာမခံချက်ရှိသည့် ဥပဒေများကို လိုအပ်ပါက လိုအပ်သလို ဆောင်ရွက်ပေးသင့်ပါကြောင်း၊ နိုင်ငံတော်အတွက် အရေးပါသည့် ကဏ္ဍတွင် ပါဝင်နေသည့် တောင်သူလယ်သမားနှင့် အလုပ်သမားများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးခဲ့သည်။

မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကဏ္ဍတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၏ **"မြန်မာနိုင်ငံတွင် အရက်သေစာသောက်စားခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ လုပ်ငန်းလိုင်စင်များထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့် အနိမ့်ဆုံး အသက်အရွယ်ကန့်သတ်ချက်နှင့်အလွန်အကျွံသောက်သုံးခြင်းနှင့်စပ်လျဉ်းသည့် ပညာပေးတားဆီးလှုံ့ဆော်ရေး အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြန်မာနိုင်ငံ၌ မည်သည့်အရွယ်တွင် စတင်အရက်သောက်သုံး

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻

မီဒီယာကဏ္ဍတွင် အစိုးရနှင့် ပြည်သူများအကြား ပိုမိုရင်းနှီးမှုရရန် လုပ်ဆောင်ခြင်းဖြင့် မြန်မာပြည်သူများနှင့် လိုက်လျောညီထွေရှိသော မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်လျက်ရှိ

* ကျောဖုံးမှ
အပါအဝင် အာဆီယံချိတ်ဆက်မှုဆိုင်ရာ Master Plan အောက်ရှိ အာဆီယံစီမံကိန်းများကို အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ တစ်ချိန်တည်းတွင် မိမိတို့ဒီမိုကရေစီအစိုးရသစ်သည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် မကြုံဖူးသော ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်လျက် ရှိပါကြောင်း။

မီဒီယာကဏ္ဍတွင် အစိုးရနှင့် ပြည်သူများအကြား ပိုမိုရင်းနှီးမှုရရန် လုပ်ဆောင်ခြင်းဖြင့် မြန်မာပြည်သူများနှင့် လိုက်လျောညီထွေမှုရှိသော မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ အလေးထားလုပ်ဆောင်လျက်ရှိပါကြောင်း၊ လူမှုတာဝန်သိသော မီဒီယာဖော်ဆောင်ရေးအတွက် မရှိမဖြစ်လိုအပ်သော မီဒီယာလွတ်လပ်မှုရရှိရေးသည် အထူးအရေးပါလှပါကြောင်း။

ချောမွေ့သွက်လက်ပြီး စည်းကမ်းရှိသော မီဒီယာဖော်ဆောင်ရေး ရည်မှန်းချက်ဖြင့် မီဒီယာဥပဒေအသစ်ကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့်လည်း ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မီဒီယာဖွံ့ဖြိုးတိုးတက်မှု နှီးနှောဖလှယ်ပွဲများ၊ သက်မွေးဝမ်းကျောင်းပညာ သတင်းစာပညာ သင်တန်းများ ပို့ချလျက်ရှိပါကြောင်း၊ ထို့ပြင် မီဒီယာကျင့်ဝတ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူအားလုံးကို အားပေးလျက်ရှိပါကြောင်း။

မိမိတို့သည် မီဒီယာပုဂ္ဂိုလ်များအတွက် ဖြည့်စွက်ပညာရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း၊ ပွင့်လင်းမြင်သာသော မီဒီယာနှင့်လူမှုတာဝန်သိမှုတို့ သဟဇာတဖြစ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု လိုအပ်သည်ကို အလေးထားပြောကြားလိုပါကြောင်း။

အာဆီယံပြည်သူများအတွက် အာဆီယံ၏ ဓလေ့ထုံးတမ်းအစဉ်အလာနှင့် တန်ဖိုးများကို မြှင့်တင်ရာတွင် မီဒီယာသည် အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံပြည်သူများအကြား ချစ်ခင်ရင်းနှီးမှုနှင့် နားလည်မှုမြှင့်တင်ရန် ပေါင်းကူးတံတားလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း အာဆီယံအတွင်း အပြန်အလှန် ချိတ်ဆက်မှုသည် အာဆီယံအသိုက်အဝန်းတွင် အရေးပါသော အခန်းကဏ္ဍ၌ရှိပါကြောင်း။

မီဒီယာသည် သတင်းအချက်အလက်များဖြန့်ဝေရာတွင် အလွန်ထိရောက်သော လက်နက်ဖြစ်သည့်အတွက်အာဆီယံပြန်ကြားရေးဝန်ကြီးများအနေဖြင့် "ငြိမ်းချမ်းဝေစည်အသိုက်အဝန်းဆီသို့ လူမှုတာဝန်သိသောမီဒီယာဖြင့် လှမ်းချီစို့" (Socially Responsible media for peace and prosperous community) ဆောင်ပုဒ်နှင့်အညီ အာဆီယံအသိုက်အဝန်းနှင့် လူမှုတာဝန်သိသော မီဒီယာမြှင့်တင်ရေးအတွက် သင့်လျော်သည့်လုပ်ငန်းဆောင်တာများ ချမှတ်ခြင်းနှင့် လက်ရှိလုပ်ငန်းစဉ်များ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

သတင်းအချက်အလက်နှင့် မီဒီယာကို မြှင့်တင်ခြင်းအားဖြင့် အာဆီယံပြည်သူများ သတင်းအချက်အလက်ကို ပို၍လက်လှမ်းမီမည်ဖြစ်ပါကြောင်း၊ ကွဲပြားသော မီဒီယာများနှင့် လူမှုရုပ်မြင်သံကြားထုတ်လွှင့်သူများမှတစ်ဆင့် အာဆီယံပြည်သူများ ဆက်ဆံရေးကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

အာဆီယံအသိုက်အဝန်းအတွက် လူမှုတာဝန်သိသော မီဒီယာတစ်ရပ် မြှင့်တင်ရေးသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ယခုအစည်းအဝေးမှ မိမိတို့ရည်မှန်းချက်များ အထမြောက်ရေးအတွက် အကျိုးရှိသော ရလဒ်များကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အာဆီယံပြန်ကြားရေးဝန်ကြီးများစုပေါင်း၍ လည်းကောင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ ပြန်ကြားရေးဝန်ကြီးများ စုပေါင်း၍လည်းကောင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ ပြန်ကြားရေးဝန်ကြီးများ၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် လေ့လာသူများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်တို့ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးဖွင့်ပွဲတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ ပြန်ကြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် လေ့လာသူများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်တို့ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပဲခူးဘုရားကြီးမြို့တွင် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပဲခူး ဇွန် ၁၂

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဘုရားကြီး အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ဇွန် ၅ ရက် နံနက် ၉ နာရီက သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ပဲခူးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ ဦးစီးအရာရှိ ဦးသက်ဝေ၊ ပဲခူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးလွင်၊ ပဲခူးမြို့ နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ဦးစီးမှူး၊ ဘုရားကြီးမြို့ပေါ် ရပ်ကွက် (၃) ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်စုမှူးများ၊ ဘုရားကြီးအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူလူထုအင်အား ၂၀၀ တို့က ကျောင်းဝင်းအတွင်း ကျွန်း၊ ကံ့ကော်၊ ခရေ၊ ပုန်းညက်၊ မဟော်ဂနီ စသည့် အပင်စုစုပေါင်း ၂၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(ပဲခူးသား)

❖ ရန်ကုန်မြို့မှ
ယင်းရပ်ကွက်နေ ဦးတိုး၏ ပြောပြချက်အရ သိရသည်။

ဤသို့ ရန်ကုန်မြို့အတွင်း မိုးရွာသွန်းမှုကြောင့် ကျောင်းသား ကျောင်းသူ၊ ရုံးသူ ရုံးသားများနှင့် ခရီးသွားပြည်သူများအတွက် သွားလာမှုအခက်အခဲများ ကြုံတွေ့ရပြီး မော်တော်ယာဉ်လိုင်းများမှ လိုင်းကားအချို့သည်လည်း အခေါက်ရေအပြည့်ဆွဲနိုင်ခြင်းမရှိတော့ဘဲ ဝင်ငွေကျဆင်းခဲ့ကြောင်း ယာဉ်နောက်လိုက်တစ်ဦးက ပြောကြားသည်။

ခရီးသည်တစ်ဦးက "ကျွန်တော်မြို့ထဲကနေ သမိုင်းကိုပြန်တာ လမ်းမှာ သုံးနာရီလောက်ကြာတယ်။ ရန်ကုန်-အင်းစိန်လမ်းတစ်လျှောက် ကားပိတ်တာ ဘယ်လိုမှ လုပ်လို့မရဘူး။ ကျွန်တော်ငှားစီးလာတဲ့ ကားဆရာလည်း မှားပါပြီ။ မှားပါပြီလို့ပဲ ရွတ်နေတာ၊ သူ့ကားငှားစီးမိတာ အရမ်းအားနာသွားတယ်" ဟုရှင်းပြသည်။

သတင်း-ဌေးအောင်
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

အများပြည်သူဝန်ဆောင်မှုမီဒီယာ၊ စီးပွားဖြစ်မီဒီယာနှင့် လူမှုအစုအဖွဲ့မီဒီယာများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အာဆီယံပေါင်းစည်းရေးလုပ်ငန်းစဉ်တွင် အဖွဲ့အစည်းအသီးသီး ပါဝင်ဆောင်ရွက်ကြရန်လိုအပ်

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို ဇွန် ၁၂ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC-II) ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းတစ်ရပ်အတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြေညာချက် (Declaration on Social Responsible Media for a Peaceful and Prosperous ASEAN Community) ကို ထုတ်ပြန်သည်။

ယခုကျင်းပသည့် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးတွင် မီဒီယာနည်းလမ်းမျိုးစုံကိုအသုံးပြု၍ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် ၎င်းတို့၏ အကျိုးကျေးဇူးများနှင့် ပတ်သက်ပြီး ပြည်သူများ ပိုမိုသိရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် လူမှုတာဝန်သိသော မီဒီယာများ ပေါ်ပေါက်လာရေးရည်ရွယ်ပြီး ကြေညာချက်ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကြေညာချက်တွင် **ငြိမ်းချမ်းကြွယ်ဝသည့် အာဆီယံအသိုက်အဝန်းကို တည်ဆောက်ရန်၊ ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရန်၊ အာဆီယံအတွင်း လူမှုတာဝန်သိသော မီဒီယာတိုးတက်ဖွံ့ဖြိုးရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်၊ အာဆီယံပြည်သူများကို ပြန်ကြားရေးဆိုင်ရာပညာပေးရာတွင် မီဒီယာ နည်းလမ်းအသစ်များနှင့် လူမှုမီဒီယာတို့၏ အားသာချက်များကို ပိုမိုအသုံးချ ရန်နှင့် မီဒီယာအတတ်ပညာ အဆင့်အတန်းကို မြှင့်တင်နိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သင်တန်းများ ပို့ချရန်နှင့် အများပြည်သူ ဝန်ဆောင်မှုမီဒီယာ၊ ပုဂ္ဂလိကမီဒီယာနှင့် လူမှုအသိုက်အဝန်းအခြေပြု မီဒီယာများမှတစ်ဆင့် တစ်ခုတည်းသောအာဆီယံအသိုက်အဝန်း ပေါင်းစည်းရေးတို့ကို ဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်းဖြင့်** ဖော်ပြပါရှိသည်။

(သတင်းစဉ်)

အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာကျင့်ဝတ်များကို နိုင်ငံပိုင်မီဒီယာများကလည်း လိုက်နာဆောင်ရွက်ရန် ဆုံးဖြတ်ထားပြီးဖြစ်

နေပြည်တော်၌ ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးက ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းတစ်ရပ်အတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံ၌ လူမှုတာဝန်သိသော မီဒီယာအဖြစ် ဖော်ဆောင်နေမှုအခြေအနေကိုသိရှိနိုင်ရန် မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်အား မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်-

ဒုတိယဝန်ကြီး ဦးရဲထွဋ်
ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေး ဝန်ကြီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ်ကတည်းက မြန်မာနိုင်ငံမှာ လူမှုတာဝန်သိသော မီဒီယာကို မြန်မာနိုင်ငံနဲ့ အသင့်တော်ဆုံးလို့ ယူဆပြီး ဖော်ဆောင်ခဲ့ပါတယ်။ ဒီအယူအဆဟာ အသစ်အဆန်း မဟုတ်ပါဘူး။ ဥရောပသမဂ္ဂမှာ ကျင့်သုံးနေတာ နှစ်ပေါင်း ၃၀ လောက်ရှိနေပြီဖြစ်ပါတယ်။

၁၉၈၉ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ထုတ်ပြန်ခဲ့တဲ့ အာဆီယံအစည်းအဝေးမှာလည်း အာဆီယံနိုင်ငံတွေက မီဒီယာတွေဟာ စာနယ်ဇင်းလွတ်လပ်မှုကို လူမှုတာဝန်သိသောမီဒီယာ ပုံစံနဲ့ ဖော်ပြရမယ်လို့ပါရှိခဲ့ပြီး ဖြစ်ပါတယ်။

၂၅ နှစ်ကြာမှ ဒီအယူအဆကို ASEAN နိုင်ငံများအကြား လက်တွေ့အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လူမှုတာဝန်သိသော မီဒီယာကို လုပ်ငန်းစဉ်သုံးရပ်နဲ့ ဖော်ဆောင်နေတယ်လို့ ယေဘုယျပြောနိုင်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ် မေးမြန်းမှုများကို ဖြေကြားစဉ်။

အဲဒါတွေကတော့ စာနယ်ဇင်းလောကအတွက် သတင်းမီဒီယာဥပဒေနဲ့ သတင်းမီဒီယာကောင်စီတစ်ခုပေါ်ပေါက်လာဖို့၊ နိုင်ငံတကာအဆင့်မီ စာနယ်ဇင်းကျင့်ဝတ်များ ထွန်းကားဖို့နဲ့ စာနယ်ဇင်းအတတ်ပညာနဲ့ သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ဖို့တို့ပဲဖြစ်ပါတယ်။ အခုအချိန်မှာ သတင်းမီဒီယာဥပဒေလည်း ရေးဆွဲအတည်ပြုပြီးသွားပြီ။ သတင်းမီဒီယာကောင်စီ မဖွဲ့နိုင်သေးပေမယ့် စာနယ်ဇင်းကောင်စီ (ယာယီ)က ရေးဆွဲထားတဲ့ စာနယ်ဇင်းကျင့်ဝတ်လည်း ပေါ်လာပြီ။ လွတ်လပ်တဲ့ မြန်မာစာနယ်ဇင်းသင်တန်းကျောင်းဖြစ်တဲ့ (MJI) လည်း မကြာခင် ပေါ်ပေါက်လာတော့မှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ လူမှုတာဝန်သိသောမီဒီယာနဲ့ ပတ်သက်ပြီး အခြေခံကောင်းတွေ ရနေပြီလို့ ပြောနိုင်ပါတယ်။

အဲဒီလိုပြောင်းလဲတဲ့အခါ လူမှုတာဝန်သိသော မီဒီယာအဖြစ် နိုင်ငံပိုင် မီဒီယာတွေကလည်း လိုက်နာပြောင်းလဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ စာနယ်ဇင်းကျင့်ဝတ်နဲ့ ပတ်သက်ရင် နိုင်ငံပိုင်သတင်းစာတွေဖြစ်တဲ့ မြန်မာ့အလင်းသတင်းစာနဲ့ ကြေးမုံသတင်းစာတွေကလည်း လက်ရှိစာနယ်ဇင်းကောင်စီ (ယာယီ)က ရေးဆွဲထားတဲ့ ကျင့်ဝတ်တွေကို လိုက်နာ ဆောင်ရွက်သွားဖို့ ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် အများပြည်သူဝန်ဆောင်မှု မီဒီယာ ကျင့်ဝတ်များကိုလည်း လိုက်နာဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

လူမှုတာဝန်သိသော မီဒီယာပုံစံဟာ ASEAN အသိုက်အဝန်းကို သဟဇာတဖြစ်တဲ့ လူ့အဖွဲ့အစည်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်မယ့် နည်းလမ်းဖြစ်တဲ့အတွက် အားလုံးက ပူးပေါင်းအကောင်အထည်ဖော်သွားရမှာဖြစ်ပါတယ်။ ။

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC-II)၌ ကျင်းပသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီး ဦးရဲထွဋ်က အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပခဲ့မှု၊ ဆွေးနွေးခဲ့မှုနှင့် ရလဒ်များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် လူမှုတာဝန်သိသည့် မီဒီယာများပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများက အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များနှင့် အနာဂတ် အလားအလာများ၊ လူမှုတာဝန်သိသော မီဒီယာကဏ္ဍတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

✻ စာမျက်နှာ ၇ မှ
နိုင်ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်မရှိသော်လည်း ယစ်မျိုးနည်းဥပဒေအရ "အရက်ရောင်းချရာတွင် ကူညီဆောင်ရွက်ရန် အသက်(၁၆)နှစ်အောက်ရှိသူအား လိုင်စင်ရဆိုင်ပိုင်နက်အတွင်း ခိုင်းစေခြင်းမပြုရဟူ၍လည်းကောင်း၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ အရက်ရောင်းချခြင်းမပြုရ" ဟူ၍ လည်းကောင်း အသက်ကန့်သတ်ထားပါကြောင်း။

အရက်သေစာသောက်သုံးမှုကို ဥပဒေအရ ကန့်သတ်ရန်မှာ မည်သို့မျှ သင့်လျော်လွယ်ကူနိုင်မှု မရှိနိုင်ပါကြောင်း၊ လူမှုရေး၊ စီးပွားရေးနှင့်ကျန်းမာရေးအရ သက်ဆိုင်ရာ မိဘများ၊ ဆွေမျိုးများ၊ ဆရာ ဆရာမများက ထိန်းကျောင်းပေးသည့် နည်းလမ်းသာ ရှိပါကြောင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း ပညာပေးရေးအစီအစဉ်များကို ကျန်းမာရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရက်သေစာသောက်စားခြင်း၊ သယ်ဆောင်/ရောင်းဝယ်ခြင်းနှင့်လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်းတို့ကို ယစ်မျိုးဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်ရန် လောလောဆယ်မရှိပါကြောင်းနှင့် အလွန်အကျွံသောက်သုံးခြင်းကို ပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ အရေးယူခြင်းတို့ဖြင့် တားဆီးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဗဟိုကော်မတီဝင် ဦးမင်းမင်းဇေယျာမြင့် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများ၊ ပါတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ၉၈ ဦး၊ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အတွင်းရေးမှူး ဦးစည်သူအောင် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင်များ ၇၈ ဦးနှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာခိုင်ခိုင်ထွန်းမြင့် ဦးဆောင်သည့် နိုင်ငံတကာဆက်ဆံရေးပညာအထူးပြု ပထမနှစ် ဂုဏ်ထူးတန်း၊ တတိယနှစ်၊ ဒုတိယနှစ်၊ ပထမနှစ်မှ ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ ၁၃၃ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမမြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် 8th APCRSHR ညီလာခံအတွက် ပထမအကြိမ် နိုင်ငံတကာအဆင့်အမှုဆောင်ကော်မတီစည်းဝေး

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ရှစ်ကြိမ်မြောက် "အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အရေးဆိုင်ရာညီလာခံ 8th Asia Pacific Conference on Reproductive and Sexual Health and Rights (8th APCRSHR)"ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ရာ ညီလာခံအတွက် နိုင်ငံတကာအဆင့် ဦးဆောင်ကော်မတီအစည်းအဝေး (1st International Steering Committee Meeting)ကို ဇွန် ၉ ရက် နံနက် ၁၀ နာရီတွင် အသင်းရုံး ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ နိုင်ငံတော်အဆင့်ဦးဆောင်ကော်မတီ (International Steering Committee) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရင်ရင်ဇော်၊ ပါမောက္ခ ဒေါက်တာဝင်းဝင်းမြနှင့် အာရှပစိဖိတ်ဒေသများမှ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ပညာရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်သဇင်နွယ်က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အနေဖြင့် ညီလာခံအတွက်ကြိုတင်ဖွဲ့စည်းထားသောအဖွဲ့အစည်းများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ညီလာခံ၏ ရည်ရွယ်ချက်နှင့် ဆောင်ပုဒ်၊ ညီလာခံကျင်းပမည့်နေရာ၊ အချိန်ရွေးချယ် သတ်မှတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား ဩစတြေးလျ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား ဩစတြေးလျနိုင်ငံ The University of New South Wales မှ Pro-Vice-Chancellor Ms. Fiona Docherty ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၁ ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတွင် ဩစတြေးလျနိုင်ငံ The University of New South Wales နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အားကစားအခြေပြုလူငယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကိစ္စရပ်များ၊ ဝန်ကြီးဌာနက ဖွင့်လှစ်မည့်လူမှုရေးသိပ္ပံတက္ကသိုလ်အတွက် နည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာ ကိစ္စရပ်များနှင့် နှီးနွယ်ဘာသာရပ်ဆိုင်ရာကိစ္စရပ်များတွင် New South Wales တက္ကသိုလ်ရှိ လူမှုရေးသိပ္ပံဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းနှင့် နယ်ပယ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီးရေးတာဝန်ဆောင်ရွက်နေသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်အား ဓားဖြင့်ခုတ်ကာ သိမ်းဆည်းခဲ့သည့်ဆိုင်ကယ် ပြန်လည်လုယူသွားသူအား စုံစမ်းဖမ်းဆီးအရေးယူ

ရန်ကုန် ဇွန် ၁၂

ဇွန် ၉ ရက် နံနက် ၁၀ နာရီခွဲတွင် ယာဉ်ထိန်းတပ်ဖွဲ့စု (၃၈)မှ ရဲအုပ်နေလင်းထွန်းပါတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၅) ရပ်ကွက် ပင်လုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၌ စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီးရေးတာဝန် ဆောင်ရွက်နေစဉ် နံပါတ်မပါ JLM-125 အနက်ရောင်ဆိုင်ကယ်စီးလာသူအား တားဆီးစစ်ဆေးပြီး လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရ၍ သိမ်းဆည်းခဲ့သည်။ ဤသည်ကို မကျေနပ်၍ လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းလာသည့် ပေါ်တက် (ခ) ကိုအောင် ဆိုသူသည် ရဲတပ်ဖွဲ့ဝင်များတာဝန်ဆောင်ရွက်သည့်နေရာသို့ ဓားရှည်ကိုင်၍ ထပ်မံရောက်ရှိလာကာ ရဲအုပ်နေလင်းထွန်းအား ဓားဖြင့်ခုတ်ခဲ့သဖြင့် ဝဲချိုင်းအောက် သုံးလက်မခန့် ပြတ်ရှဒဏ်ရာရရှိခဲ့ပြီး သိမ်းဆည်းထားသည့် ဆိုင်ကယ်ကို ပြန်လည်ရယူ၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်ထိန်းတပ်ဖွဲ့စု (၃၈)တပ်ဖွဲ့စုမှူးက အရေးယူပေးပါရန် တိုင်တန်းသဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မ ရဲစခန်းက (ပ)၃၁၂/၂၀၁၄၊ ပြစ်မှုပုဒ်မ-၃၃၃ ဖြင့်အမှုဖွင့်ကာ ပေါ်တက် (ခ) ကိုအောင် (၄၂)နှစ်အား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့သည်။

ဖမ်းဆီးရမိရေးအတွက် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ ပေါ်တက်(ခ)ကိုအောင်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၂)ရပ်ကွက်တွင် နေထိုင်သူဖြစ်ကြောင်းသိရှိရသဖြင့် သွားရောက်ရှာဖွေရာ ထွက်ပြေးတိမ်းရှောင်သွားပြီး ၎င်း၏သမီးဖြစ်သူ နေထိုင်သော ရွှေပြည်သာမြို့နယ် (၂၅) ရပ်ကွက် အပိုင်း(၆)ရှိ နေအိမ်သို့ရောက်ရှိနေကြောင်း စုံစမ်းသိရှိရသဖြင့် ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဖမ်းဆီးခဲ့ရာ ဇွန် ၁၀ ရက် ည ၁၀ နာရီခွဲခန့်တွင် ဖမ်းဆီးရမိခဲ့သည်။

ပေါ်တက်(ခ)ကိုအောင်အား ဖမ်းဆီးရမိစဉ် ၎င်း၏ခါးကြားမှ အရိုးအသွား ၁၀ လက်မခန့်ရှိ သုံးမြှောင့်စကေဘာတစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် လှော်ကားနယ်မြေရဲစခန်းက (ပ)၁၆၁/၂၀၁၄၊ ပြစ်မှုပုဒ်မ-၁၉(င) ဖြင့်လည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များထံမှ ပြန်လည်ရယူသွားသည့် မှတ်ပုံတင်ထားခြင်းမရှိသော လိုင်စင်မဲ့ JLM-125 အနက်ရောင်ဆိုင်ကယ်အားပြန်လည်သိမ်းဆည်းရမိသဖြင့် လှော်ကားနယ်မြေရဲစခန်းက (ပ) ၁၆၂/၂၀၁၄၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ-၈ ဖြင့်လည်းကောင်း ထပ်မံအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

လယ်ယာလုပ်ကိုင်စဉ် မိုးရွာသဖြင့် လယ်တဲပေါ်တွင် ခေတ္တနားနေခိုက် မိုးကြိုးထိမှန်သေဆုံး

မိုးညှင်း ဇွန် ၁၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မမုံကိုင်ကျေးရွာအုပ်စု လွဲကျော်အနောက် နန့်ရင်းချောင်းနံဘေးတွင် လယ်ယာထွန်ယက်ပြီး မိုးရွာသဖြင့် လယ်တဲပေါ်တွင် နားနေခိုက် မိုးကြိုးထိမှန်သေဆုံးမှု ဇွန် ၁၁ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့နယ် မမုံကိုင်ကျေးရွာအုပ်စု မိုင်းနောင်ကျေးရွာ ဆင်ဖြူကုန်းရပ်ကွက်တွင် နေထိုင်ပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်သူ စိုးဝင်း (၃၃) နှစ်နှင့် ညီ မြင့်ဌေး(၂၉) နှစ်တို့နှစ်ဦးသည် လယ်ယာလုပ်ငန်းလုပ်ကိုင်ရန်အတွက် မမုံကိုင်ကျေးရွာအုပ်စု လုံးတုံးကွင်းလွဲကျော်အနောက်ဘက် နန့်ခါချောင်းဘေး၌ ထွန်စက်ဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်နေစဉ် မိုးရွာသဖြင့်လယ်တဲပေါ်တွင် ညီအစ်ကိုနှစ်ဦးခေတ္တနားပြီး အစ်ကိုဖြစ်သူမှာ ရပ်လျက် ညီဖြစ်သူမှာ ၎င်းနှင့်နှစ်တောင်ခန့်အကွာ၌ ထိုင်ပြီး စကားပြောနေကြစဉ် ရုတ်တရက် မိုးကြိုးပစ်မှုကြောင့် စိုးဝင်းမှာ မိုးကြိုးထိမှန်ပြီး ဦးခေါင်းမီးလောင်ဒဏ်ရာ၊ ဘယ်ဘက်ပေါင်ခြမ်းမီးလောင်ဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးခဲ့ပြီး မြင့်ဌေးမှာ ထိုင်နေရာမှ ၁၀ ပေခန့်အကွာသို့ လွင့်စဉ်သွားကာ ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာမရှိခဲ့ကြောင်း သိရသည်။ အခင်းဖြစ်နေရာသို့ လုံးတုံရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ရဲထွန်း၊ တာဝန်ရှိသူများနှင့် တိုက်နယ်ဆရာဝန် ဒေါက်တာနေလင်းအောင်တို့က ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးခဲ့ပြီး အမှုစစ်ရဲအုပ်ရဲထွန်းက သေမှုသေခင်းအမှတ် ၅/၁၄ အရ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၅၈)

ဦးပိန်တံတား တိုင်အမှတ် (၄၈) မီးလောင်မှုဖြစ်ပွား

မန္တလေး ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်အင်းရှိ ကမ္ဘာကျော်သစ်သားတံတားကြီးဖြစ်သည့် တောင်သမန်အင်းတံတား (ဦးပိန်တံတား)ကြီး၏ တိုင်အမှတ်(၄၈)အခေါင်းပေါက်ထဲသို့ ဆေးလိပ်တိုမီးထည့်သွားရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

အဆိုပါ တောင်သမန်တံတားပေါ်တွင် ဇွန် ၄ ရက် ညနေ ၃ နာရီက နေအပူရှိန်ပြင်းသဖြင့် တံတားပေါ်၌ ဖြတ်သန်းသူနည်းပါးလျက်ရှိပြီး ထိုအချိန်တွင် တိုင်အမှတ်(၄၈)တိုင်လုံးအတွင်းမှ မီးခိုးများထွက်လာသည်ကို တံတားပေါ်၌ ဈေးရောင်းချနေသူများက မြင်တွေ့ခဲ့ပြီး တောင်မင်း ကြီးကျောင်းတိုက်ရှိ တံတားထိန်းသိမ်းရေးအဖွဲ့အား သွားရောက်အကြောင်းကြားရာ တံတားထိန်းသိမ်းရေးအဖွဲ့မှ ရေဖြင့်လောင်း၍ငြိမ်းသတ်နိုင်ခဲ့သော်လည်း တိုင်လုံးအတွင်းပိုင်းမှာ မီးကျွမ်းသွားခဲ့ကြောင်း ရှေးဟောင်းသုတေသနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီတံတားကြီးကို ထိန်းသိမ်းဖို့ ကျွန်တော်တို့ကို ဌာနက လုံခြုံရေးဝန်ထမ်းတစ်ဦးကိုတာဝန်ချထားပေးပါတယ်။ ဒါ့အပြင် တံတားပေါ်မှာ ဖြတ်သန်းစဉ် ဆေးလိပ်မသောက်ဖို့၊ တံတားပေါ်မှာ စက်ဘီး၊ဆိုင်ကယ်မစီးဖို့ စာတန်းတွေ ချိတ်ထားပေမယ့် လိုက်နာမှုအားနည်းနေပါသေးတယ်။ အခုဆို သတိပေးစာတန်းတွေကို တောင်စုတ်ဖြဲထားတာ တွေ့ရပါတယ်။ ရှေးဟောင်းသမိုင်းအမွေအနှစ်တွေ ထိန်းသိမ်းဖို့ ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက်ဆိုရင် ကျွန်တော်တို့ ရှေးဟောင်းသုတေသနဌာန တစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ ယဉ်ကျေးမှုအမွေအနှစ်တွေကို တန်ဖိုးထားမြတ်နိုးသူတိုင်း ပူးပေါင်းထိန်းသိမ်းရမှာပါ။ တံတားကြီးကိုလာရောက်လေ့လာသူဧည့်သည်များကလည်း တံတားကြီးနဲ့ပတ်သက်တဲ့ စည်းကမ်းချက်များကို လိုက်နာဖို့လိုပါတယ်။ အထူးသဖြင့် ဒီတံတားပေါ်မှာ ဖြတ်သန်းသွားလာနေကြတဲ့ ဒေသခံတွေ၊ တံတားကြီးကို မှီခိုပြီး စီးပွားရှာနေကြတဲ့ ဈေးသည်တွေကပါ ပူးပေါင်းထိန်းသိမ်းစေချင်ပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့ရှိ ကမ္ဘာကျော် ဦးပိန်တံတားကြီးအား ဧပြီလအတွင်းကပထမဦးစားပေးအဆင့်အနေဖြင့် အခန်းပေါင်း ၂၁ ခန်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျပ်သိန်း ၁၃၀ ကျော် အကုန်အကျခံပြုပြင်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

နိုင်ငံတကာ ကျောင်းများနှင့် နိုင်ငံတကာသင်ရိုးဖြင့် သင်ကြားသော ပြည်တွင်းပုဂ္ဂလိက ကျောင်းများမှ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများနှင့် ဝန်ကြီးဌာနမှ ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းများတွင် ပြောင်းရွှေ့ပညာသင်ကြားလိုသူများအတွက် Placement Test ဖြေဆိုရန် လျှောက်လွှာခေါ်ယူခြင်း

Placement Test ဖြေဆိုရန် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်-

(၁) လျှောက်ထားသူသည် မိမိတက်ရောက်ခဲ့သည့်ကျောင်းမှ ဖြေဆိုအောင်မြင်ခဲ့သည့် Level ကို ကျောင်း၏ထောက်ခံချက်မူရင်း(သို့မဟုတ်) အောင်လက်မှတ်မူရင်းဖြင့် တင်ပြလျှောက်ထားရမည်။

(၂) မွေးသက္ကရာဇ်အတွက် မူရင်းမွေးစာရင်း (သို့မဟုတ်) အသက်အတွက် ထောက်ခံချက်တစ်ခုခုဖြင့် တင်ပြလျှောက်ထားရမည်။

(၃) လျှောက်ထားသူသည် မိမိသင်ကြားပြီးမြောက်ခဲ့သော Level အရ တက်ရောက်သင်ကြားလိုသောအတန်း၏ တစ်ဆင့်နိမ့်အတန်းကို Placement Test ဖြေဆိုရမည်။

(၄) ပညာရေးဝန်ကြီးဌာန၏ အတန်းအလိုက် သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းအတိုင်း ဘာသာရပ်များကို ဖြေဆိုရမည်။

(၅) ဖြေဆိုလိုသော အတန်းနှင့် ကျောင်းမွေးသက္ကရာဇ်အရ အသက်ကိုက်ညီမှု ရှိရမည်။

(၆) Placement Test ဖြေဆိုခွင့် လျှောက်လွှာများကို အမှတ်(၁)၊ (၂) အခြေခံပညာဦးစီးဌာနများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများတွင်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနအတွက် လက်ထောက်ညွှန်ကြားရေးမှူး (သင်ကြား) ရုံးခန်း၊ အမှတ်(၅၉၁)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်တွင်လည်းကောင်း (၁၃-၆-၂၀၁၄)ရက်မှစ၍ ရုံးချိန်အတွင်းအခမဲ့ ထုတ်ယူပြီး ၂၀၁၄ခုနှစ်၊ ဇွန်လ(၂၀)ရက်နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

ပညာရေးဝန်ကြီးဌာန

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများလှူ

ရန်ကုန် ဇွန် ၁၂

မေတ္တာသင်္ဂဟအဖွဲ့၏ (၃၁)ကြိမ်မြောက် အလှူဒါနအဖြစ် ဇွန် ၁၁ ရက်က သင်္ဃန်းကျွန်းမြို့နယ် (င/က) ရပ်ကွက် ဓမ္မဝိဟာရဘုန်းတော်ကြီးသင်ပညာရေးကျောင်း (ဘ/က)ရှိ ဆင်းရဲနွမ်းပါးသည့် ကျောင်းသား ကျောင်းသူ ၄၀၀ကျော်အား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်းပွဲကျင်းပခဲ့သည်။

အကယ်ဒမီခန့်စည်သူနှင့် ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များက ၅၄ သိန်းလေးသောင်းကို ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်ဂုရုဝံသဘိဝံသထံ ပေးအပ်လှူဒါန်းကြသည်။

မေတ္တာသင်္ဂဟအဖွဲ့အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၏ လှူဒါန်းခဲ့သော စုစုပေါင်းမှာ ငွေကျပ် ၁၂၀၆၄၀၀၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။ **ကျော်မြင့်သန်း(လမ်းမတော်)**

ရာဇာမင်း ခရီးသည်တင်ယာဉ် တိမ်းမှောက်မှုမှ သေဆုံး၊ ဒဏ်ရာရရှိသူများ၏ ပစ္စည်းများအား သက်ဆိုင်သူများထံ ပြန်လည်ပေးအပ်

နေပြည်တော် ဇွန် ၁၂

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၉၇/၆) အနီး၌ မေ ၅ ရက် ည ၆ နာရီ ၄၅ မိနစ်တွင် နေပြည်တော်မှ ရန်ကုန်သို့ မင်းခန့်(ခ) ထွန်းခန့်စိုး မောင်းနှင်လာသည့် 5G/-- "ရာဇာမင်း" ခရီးသည်တင်ယာဉ်သည် မိုးသည်းထန်စွာ ရွာသွန်းနေသောကြောင့် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်မြေသားလမ်းပေါ်သို့ ရောက်ရှိပြီး မိုင်တိုင်အမှတ် (၁၉၇/၆) ဝက်လက်မီးရထားခုံးကျော်တံတားလက်ရန်းနှင့် မြေထိန်းနံရံတွင် ကာရံထားသည့် ဘယ်ရီယာတုံးတို့အား ထပ်မံဝင်ရောက်တိုက်မိကာ တံတားအောက်ချောက်ထဲသို့ ထိုးကျတိမ်းမှောက် သွားခဲ့သဖြင့် ယာဉ်ပေါ်ပါ ခရီးသည် ၄၆ ဦးအနက် ၁၆ ဦး သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်တွင် ယာဉ်ပေါ်မှ သေဆုံး၊ ဒဏ်ရာရရှိသူများ၏ပစ္စည်းများအား ရဲတပ်ဖွဲ့ဝင်များက စနစ်တကျ သိမ်းဆည်းထားခဲ့ပြီး အမြန်လမ်းရဲတပ်ဖွဲ့မှူးဦးစီး၍ တာဝန်ရှိသူများက သေဆုံးသူ ၁၃ ဦးနှင့်ဒဏ်ရာရရှိသူ ၂၁ ဦးတို့၏ ပစ္စည်းများအား သက်ဆိုင်ရာများထံသို့ အသီးသီး ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(ရဲပြန်ကြား)

ပုသိမ်၌ သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီး

ပုသိမ် ဇွန် ၁၂

ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးနယ်မြေ ကိုးသောင်းရပ်ကွက်နှင့် ရွှေဝါထွန်းရပ်ကွက် ဆက်သွယ်ထားသော ထန်းကုန်းလေးချောင်းကူးတံတားကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် သိန်း ၁၁၀နှင့် ဒေသခံ ပြည်သူများ လှူဒါန်းငွေကျပ် ၇၂ သိန်း စုပေါင်း၍ သံကူကွန်ကရစ်တံတားအဖြစ် အရှည်ပေ ၆၀၊ အကျယ် ၁၁ ပေ၊ ရေလယ်တိုင် ၁၀ ပေ အမြင့်နှစ်လုံးနှင့် မေတ္တာပေါင်းကူးတံတားအမည်ဖြင့် မေ ၉ ရက်မှစတင်၍ တည်ဆောက်ခဲ့ရာ လုပ်ငန်းများအောင်မြင်ပြီးစီးသဖြင့် ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးမှူး ဦးအောင်မင်းနိုင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဉက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်အင်ဂျင်နီယာ ဦးမျိုးကြည်နှင့် တံတားဖြစ်မြောက်ရေးကော်မတီဉက္ကဋ္ဌ ဦးငြိမ်းမောင်၊ ဘဏ္ဍာရေးမှူး ဦးရန်ဖြိုးအောင်နှင့် ရပ်မိရပ်ဖများက လိုက်လံစစ်ဆေးကြည့်ရှုကြသည်။

ယခင်က ဆိုက်ကားနှစ်စီးရှောင်တိမ်းမရသော သစ်သားတံတားမှ ယျှသံကူကွန်ကရစ်တံတား တည်ဆောက်နိုင်ခဲ့မှုကြောင့် သစ်၊ ဝါး၊ ဓနိ၊ ထင်း၊ ဆန်၊ မီးသွေးကုန်သည်သမ္ဗန်များ ဆိုက်ကပ်နိုင်မှုကြောင့် ဒေသခံတို့ရောင်းရေးဝယ်မှုပြုရာတွင် ဈေးကွက်ဝင်လာပြီး ဖွံ့ဖြိုးစည်ပင်လာသည်။ မူလတန်းကျောင်းသား ကျောင်းသူများနှင့်စကားဝါ၊ ဝေနကျွန်းသာ၊ ရွှေနှင်းဆီ၊ သမ္မတရပ်ကွက်များမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများပင် အဆိုပါမေတ္တာ ပေါင်းကူးတံတားမှ ဖြတ်သန်းသွားလာရသဖြင့် ပုသိမ်တက္ကသိုလ်သို့ အချိန်တိုအတွင်း ခရီးစရိတ်မကုန် လွယ်ကူသက်သာစွာ သွားရောက်နိုင်ကြပြီဖြစ်၍ ပျော်ရွှင်ဝမ်းမြောက် နေကြကြောင်း သိရသည်။

(ပုသိမ်လှကြည်)

ကလေးဝ-ယာကြီး-မုံရွာလမ်းပိုင်း (၆၂/၄)နှင့် (၇၂/၆)အပိုင်း လမ်းကြောင်းပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်

ကလေး ဇွန် ၁၂

၁၁၅ မိုင်ရှည်လျားသော ကလေးဝ-ယာကြီး-မုံရွာလမ်းပိုင်းရှိ (၆၂/၄)နှင့် (၇၂/၆)အပိုင်းကို အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် လမ်းကြောင်းပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားလွှတ်တော် ဒသမ အကြိမ်ပုံမှန်အစည်းအဝေး ပထမနေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားသွားကြောင်း သိရသည်။

"မုံရွာ-ယာကြီး-ကလေးဝလမ်းဟာ ကလေးမြို့နယ်၊ ကလေးဝမြို့နယ်၊ တမူးမြို့နယ်အပြင် ချင်းပြည်နယ် (မြောက်ပိုင်း) ပြည်သူတွေ အဓိကအားထားပြီး သွားလာနေရတဲ့လမ်းဖြစ်ပါတယ်။ ခရီးသွားလာမှု၊ ကုန်စည်စီးဆင်းမှုတွေမှာ အရေးပါရုံသာမက မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးအတွက် အဆင်ပြေဆုံး၊ အတိုတောင်းဆုံးလမ်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီလမ်းဟာ မိုးရာသီဆို သွားလို့မရတဲ့လမ်း ဖြစ်တာကြောင့် ကလေး-ဂန့်ဂေါ-မုံရွာ လမ်းကပဲ သွားရပါတယ်။ ယာကြီးလမ်းဟာ ကလေးကဘော်လွင်ပြင်ဒေသအတွက် အရေးပါတဲ့လမ်း ဖြစ်တာကြောင့် ဘယ်လိုပြင်မယ်၊ ဘယ်နေ့စမယ်၊ အိန္ဒိယကနေ ဘယ်လိုဆက်သွယ်ဆောင်ရွက်မယ်ဆိုတာကို လွှတ်တော်မှာ မေးမြန်းရခြင်းဖြစ်ပါတယ်" ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။

"ကလေးဝ-ယာကြီး-မုံရွာလမ်းပိုင်း (၆၂/၄)နှင့် (၇၂/၆)အပိုင်းဟာ ရွှေသမင်တောင်တန်းနဲ့ အလွန်နီးကပ်တာကြောင့် မြေသားတည်ငြိမ်မှု မရှိပါဘူး၊ အမြဲတမ်းပဲ ရွှေ့လျားနေပါတယ်။ အထူးသဖြင့် မိုးတွင်းကာလမှာ လမ်းသားပျက်ပြီးတော့ သွားလို့မရအောင်ဖြစ်တဲ့အပိုင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီအပိုင်းကို အိန္ဒိယနိုင်ငံရဲ့ အကူအညီယူပြီးတော့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလပိုင်းကစပြီးတော့ လမ်းကြောင်းပြောင်းဖို့အတွက် လေ့လာမှုတွေ လုပ်နေပါတယ်။ လမ်းကြောင်းပြောင်းမှုလည်း လမ်းသားဟာ ပြည့်ပြည့်ဝဝ ကောင်းမွန်ပြီး ကတ္တရာခင်းလို့ သင့်တော်မယ့်လမ်း ဖြစ်ပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနက လွှတ်တော်တွင် ဖြေကြားထားကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

ဓမ္မမျက်လှည့်ပြပွဲမှတ်တမ်းအား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)မှတစ်ဆင့် တစ်ကမ္ဘာလုံးဆိုင်ရာ ဇဝံဂေလိဝေဠုရာနေ (ဂျီအိုဒီ)ဖြစ်သည့် ၁၄-၆-၂၀၁၄ရက် (စနေနေ့)တွင် နံနက် ၁၁နာရီမှ မွန်းလွဲ ၁နာရီ၌ (၂)ပိုင်းခွဲ၍ ပြသမည်ဖြစ်ပါသဖြင့် ဓမ္မမိတ်ဆွေများအားလုံး ကြည့်ရှုအားပေးနိုင်ရန် အသိပေးအပ်ပါသည်။

[တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)ကို 5-Movies Digital Channel နှင့် 4HD Receiver Set a Box မှတစ်ဆင့် ကြည့်ရှုနိုင်ပါသည်]

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေဦးစီးမှူးရုံး ရုံးအဆောက်အအုံဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေဦးစီးမှူးရုံးအတွက် အောက်ဖော်ပြပါရုံးအဆောက်အအုံအား ရေ၊ မီး၊ အပါအဝင် ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

စဉ်	ရုံးအမည်	အဆောက်အအုံအတိုင်းအတာ	တည်နေရာ
(က)	စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ ဦးစီးမှူးရုံး	အလျား(၆၀') အနံ(၃၀') အမြင့်(၁၂')အရွယ်- အမ်ကမ်မိုး+အုတ်ကာ ကွန်ကရစ်ခင်း+RCတစ်ထပ် (၂၀×၂၀×၁၂)ပေ သံကူကွန်ကရစ် အမိုးအုတ်တိုင်ပေါ်တီကို လျှပ်စစ်မီးသွယ် တန်းခြင်းနှင့်ရေသန့်+ရေပိုက်လုပ်ငန်း	အကွက်အမှတ် (၁)နေပြည်တော် ကောင်စီဝင်း

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၁၃-၆-၂၀၁၄ရက်မှ ၁၉-၆-၂၀၁၄ရက်ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ နေပြည်တော်ကောင်စီနယ်မြေ ဦးစီးမှူးရုံး၊ (ပျဉ်းမနား၊ ကြံသုတေ သနနှင့် မျိုးပွားခြံ၊ ခြံဝင်းအတွင်း) ကံဦးရပ်ကွက်၊ လယ်ဝေးလမ်းဟောင်း၊ ပျဉ်းမနားမြို့တွင် အိတ်ဖွင့်တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀/-(ငွေကျပ်ငါးထောင်) နှုန်းဖြင့် လာရောက်ဝယ်ယူ တင်သွင်းနိုင်ပါသည်။

၃။ Technical Proposal နှင့် Price Proposal များကို ၂၁-၇-၂၀၁၄ ရက်၊ ၁၃း၀၀နာရီမှ ၁၄း၃၀နာရီအတွင်း နေပြည်တော်ကောင်စီနယ်မြေ ဦးစီးမှူးရုံးရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်တင်သွင်းရမည်ဖြစ်၍ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါတင်သွင်းလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါလုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်အား ၁၆-၆-၂၀၁၄ရက်၊ ၁၃း၀၀နာရီတွင် နေပြည်တော်ကောင်စီနယ်မြေဦးစီးမှူးရုံး၊ (ပျဉ်းမနား၊ ကြံသုတေသနနှင့် မျိုးပွားခြံ၊ ခြံဝင်းအတွင်း) ကံဦးရပ်ကွက်၊ လယ်ဝေးလမ်းဟောင်း၊ ပျဉ်းမနားမြို့၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ တင်ဒါဝယ်ယူထားသော ကုမ္ပဏီများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ ဦးစီးမှူးရုံး
ဖုန်းနံပါတ်-၀၆၇-၂၄၆၈၀၊ ၂၄၆၉၀
Fax-၀၆၇-၂၄၆၉၀

ပထမမြန်မာ့ရုပ်မြင်သံကြားကာတွန်းရုပ်ရှင် ရိုးသားတဲ့ ဖိုးသွား

စာရေးသူဟာ ငယ်ရွယ်စဉ်ကလေးဘဝကတည်းက တကယ့်ရုပ်ရှင်ခရေဇီ ရုပ်ရှင်ရူးတစ်ဦးဖြစ်ပါတယ်။

မင်းသားလုပ်ချင်တဲ့ ဟိုခေတ်အခေါ်(ဘိုင်စကုပ်) စတန့်မင်းသားရူးမဟုတ်ပါဘူး---

ရုပ်ရှင်ဒါရိုက်တာ ဖြစ်ချင်တာပါ။

ငယ်စဉ်ကာလ ဗီဇဝါသနာအရ ကျောင်းနေစမူလတန်း အရွယ်ကတည်းက စာရေးသူနေထိုင်ရာ မွေးရပ်ဇာတိရွာ အတွင်းရှိရှိသမျှ ရွယ်တူအပေါင်းအဖော်တွေနဲ့ ရုပ်ရှင်ရိုက်တမ်း အမြဲကစားနေကျပါ။

စာရေးသူရဲ့ အဖေက စက်ပြင်ဆရာကြီးနာမည်နဲ့ လိုက်ဖက်တဲ့ ဦးစက်ဖြစ်ပါတယ်။ စက်နဲ့ပတ်သက်သမျှ ဆီစက်၊ ဆန်စက်၊ သင်္ဘော၊ မော်တော်ကားပါမကျန် အားလုံးပြင်ဆင်တဲ့ စွယ်စုံစက်ပြင်ဆရာကြီး ဖြစ်ပါတယ်။

ဒါကြောင့် တစ်နေ့တော့ ဇာတိမြို့ပေါ်က ဆက်သွယ်ရေးနဲ့ကြေးနန်းအရာရှိ (ဟိုးရှေးတုန်းကတော့) "ကြေးနန်းဝန်ထောက်" လို့အညာဒေသဓလေ့ခေါ် ဆိုကြပါတယ်။

အဲဒီကြေးနန်းအရာရှိဖြစ်သူက စာရေးသူရဲ့ မိဘများနဲ့လည်း ဆွေမျိုးတော်စပ်သူဖြစ်တာကြောင့် အလွန်ရင်းနှီးခင်မင်ကြပါတယ်။ တစ်ချိန်က အိန္ဒိယနိုင်ငံသို့ အလုပ်သင်ဘဝနဲ့သွားခဲ့စဉ်က သူဝယ်ယူလာတဲ့ (အိန္ဒိယနိုင်ငံလုပ်) ၃၅ မီလီမီတာ လက်လှည့်ရုပ်ရှင်ပြစက်ကလေး တစ်ခု စာရေးသူရဲ့ဖခင်ဆီပြင်ဆင်ပေးဖို့ လာရောက်အပ်နှံပါတယ်။

အလွန်ရှားရှားပါးပါး အိန္ဒိယနိုင်ငံလုပ် လက်လှည့်ရုပ်ရှင်ပြစက်ကလေးကို စတင်တွေ့မြင်ခဲ့ရတဲ့ အချိန်ကစပြီး စာရေးသူ ရုပ်ရှင်ခရေဇီအဖို့ အဲဒီရုပ်ရှင်ပြစက်လေးကို အရမ်းလိုချင်မိတော့တာအမှန်ပါပဲ။

အဲဒီလက်လှည့် ၃၅ မီလီမီတာဖလင်ကော်ပြားထည့်ပြီး ဂေါက်တံလေးကို ခပ်သွက်သွက်လေးလှည့်ပြီး လက်နှိပ်ဓာတ်မီးထိုးလိုက်တဲ့အခါ ပိတ်ကားဖြူလေးပေါ်မှာ သက်ဝင်လှုပ်ရှား တကယ့်ရုပ်ရှင်ရုံကြီးထဲမှာ ကြည့်ရသလို (ဟိုတုန်းကအခေါ်) ဘိုင်စကုပ်ရုပ်ရှင်ပြလို့ ကြည့်လို့ရတော့ စာရေးသူအဖို့ စားမဝင်အိပ်မပျော်တဲ့အထိ အဲဒီ ရုပ်ရှင်ပြစက်လေးကို အရမ်းလိုချင်နေတာပါ။

ဒါကြောင့် အဖေ့ကို အဲဒီစက်ကလေးပြင်ပြီးတာနဲ့ ရပ်ဆွေရပ်မျိုးကြေးနန်းအရာရှိကြီးဆီက ဝယ်ပေးဖို့ပြောပါတယ်။ ကြေးနန်းအရာရှိကြီးကလည်း စာရေးသူ ရုပ်ရှင်ခရေဇီဖြစ်မှန်း သိတာကြောင့် ဈေးပေါပေါနဲ့ပဲပြန်ရောင်းခဲ့ပါတယ်။ အဲဒီကတည်းက အဲဒီရုပ်ရှင်ပြစက်လေးနဲ့ အတူပါလာတဲ့ ကမ္ဘာကျော် ဟာသလူရွှင်တော် ချာလီချက်ပလင် ပါဝင်တဲ့ အသံတိတ်ခေတ်ကာလ စာတန်းထိုး ဟာသရုပ်ရှင်ကားတိုလေးတွေနဲ့ ကာတွန်းရုပ်ရှင်အပိုင်းတို ဖလင်ဇာတ်ကားလေးတွေကို စနေ၊တနင်္ဂနွေနေ့တွေလို ကျောင်းပိတ်ရက်ကာလ ညအခါမှာ ကျယ်ဝန်းလှတဲ့ရွာလယ်ကောင်က စာရေးသူရဲ့အိမ်ဝိုင်းကြီးထဲမှာ ပိတ်ကားဖြူလေးထောင်ပြီး အမြဲလိုလိုပြတော့ တစ်ရွာလုံးရှိသမျှ လူကြီး၊ ကလေးတွေ အားလုံးလာကြည့်ကြလို့ ရွာထဲက ခေါင်းရွက်ဈေးသည်တွေပါ လာရောက်ဈေးရောင်းကြတဲ့ အထိဖြစ်ပါတယ်။ ဒါ့အပြင် ငယ်စဉ်ကတည်းက ဟံသာဝတီနဲ့ ဗမာ့ခေတ်သတင်းစာကြီးတွေထဲမှာ အမြဲပါလေ့ရှိတဲ့ ကွယ်လွန်သူ ကာတွန်းဆရာကြီးဦးဘဂျမ်းရဲ့ ကာတွန်းလက်ရာတွေကို ကြိုက်နှစ်သက်လွန်းလို့ ကူးဆွဲခဲ့ရာက ကြာတော့ ဆရာကြီး ဦးဘဂျမ်းရဲ့ ကာတွန်းတွေကို အလွတ်ပင် ဆွဲနိုင်ခဲ့ပါတယ်။ အဲဒီတုန်းကစာရေးသူဟာ မူလတန်းသုံးလေးတန်းအရွယ်ပဲ ရှိပါသေးတယ်။

ကာတွန်းရေးဆွဲလိုတဲ့ ဝါသနာနဲ့ ရုပ်ရှင်ရိုက်ကူးလိုတဲ့စိတ်ဓာတ်ပေါင်းစပ်မိသွားတော့ အဲဒီကာလကတည်းက ကာတွန်းရုပ်ရှင် ဝါသနာခရေဇီစတင်ခဲ့တာပါ။

အဲဒါကြောင့် ဝါသနာကိုမတားဆီးနိုင်တော့တာကြောင့် အထက်တန်းစာမေးပွဲကြီးဖြေဆိုပြီးတဲ့ နွေရာသီ ကျောင်းပိတ်ရက် နှစ်လတာကာလ မန္တလေးမှာရှိတဲ့ စာရေးသူရဲ့အဖေ့နှမများရှိရာသွားပြီး မန္တလေးပန်းချီကျောင်းမှာ ပန်းချီအနုပညာသုံးနှစ်သင်တန်း တက်ရောက်သင်ယူ

ကာတွန်းဖေစန်း

ဖြစ်သွားပါတော့တယ်။

စာရေးသူတို့ မန္တလေးပန်းချီကျောင်းမှာ ပထမနှစ်ပန်းချီသင်တန်းစပြီးတက်ကြတော့ ကျောင်းရဲ့ အဆောက်အအုံပိုင်းဆိုင်ရာ အားနည်းချက်ရှိတာကြောင့် ယဉ်ကျေးမှုဇာတ်ခုံကြီးပေါ်မှာ ပထမနှစ်သင်တန်း တက်ရောက်သင်ယူကြရပါတယ်။ စာရေးသူတို့ ပထမနှစ်ပန်းချီအခြေခံသင်တန်းရဲ့ လက်ဝဲ၊ လက်ယာ ဘေးနှစ်ဖက်အခန်းဆောင်တွေမှာကတော့ လက်ယာဘက်အခန်းမှာက တစ်ခေတ်တစ်ခါက နာမည်ကြီးဆရာမကြီး မင်းသမီးကြီး ဒေါ်သြဘာသောင်းရဲ့ ပန်တျာမင်းသမီးအက သင်တန်းခန်းဖြစ်ပြီး လက်ဝဲဘက်အခန်းမှာကတော့ ဆရာကြီး မင်းသားကြီး ရွှေဒေါင်းညိုနဲ့ ခေတ်ဟောင်းနာမည်ကြီး မင်းသမီးကြီး ဒေါ်လှလေးစိန်တို့က ပန်တျာမင်းသား အက သင်တန်းနည်းပြဆရာ ဆရာမကြီးများ ဖြစ်ကြပါတယ်။ အဲဒီမင်းသားအကနည်းပြဆရာကြီး မင်းသားကြီး ရွှေဒေါင်းညိုဟာ ဆရာချစ်ဦးညိုရဲ့ ဖခင်ကြီးဖြစ်ပါတယ်။

လိုရင်းအကျဉ်းချုပ်ပြောရရင်တော့ စာရေးသူဟာ အဲဒီ မန္တလေးပန်းချီကျောင်းမှာ ပန်းချီပညာသင်ကြားနေစဉ်ကာလ မကြာခဏဆိုသလို ရုပ်ရှင်ခရေဇီပီပီ မန္တလေးရုပ်ရှင်ကုမ္ပဏီခြံကြီးထဲကို မကြာခဏ ရုပ်ရှင်လာရောက်ရိုက်ကူးလေ့ရှိတဲ့(ကွယ်လွန်သူ) ရုပ်ရှင်ဒါရိုက်တာ ဆရာကြီး ရွှေဒုံးဘီအောင် (ဗိုလ်အောင်ဒင်ရုပ်ရှင်ဖြင့် ထင်ရှားတဲ့ ဆရာကြီး)ထံ ဂါရဝပြုသွားလာဝင်ထွက်ပြီး ဆည်းပူးလေ့လာခဲ့ရာက ဆရာကြီးနဲ့ ခင်မင်ရင်းနှီးမှု တစ်စတစ်စရရှိလာခဲ့ရပါတယ်။

ဒါကြောင့် ဆရာကြီးရိုက်ကွင်းနားတဲ့အခါ မိမိအနေဖြင့် မြန်မာကာတွန်းရုပ်ရှင် ခရေဇီဖြစ်ပြီး ကာတွန်းရုပ်ရှင်ရိုက်ကူးလိုကြောင်း ဖွင့်ဟပြောဆို အကူအညီတောင်းကြည့်ပါတယ်။

အနုပညာဗီဇရှိကြတဲ့ ဝါသနာတူတွေဖြစ်တာကြောင့် ဆရာကြီး ရွှေဒုံးဘီအောင်က စာရေးသူကို အဲဒီခေတ်အခါက စီးပွားရေးကြော်ငြာ၊ ကာတွန်းရုပ်ရှင်အပိုင်းတိုလေးတွေ ရိုက်ကူးနေပြီဖြစ်တဲ့ကာတွန်း ဦးဗကလေးထံ သွားရောက်ဖို့အတွက် စာရေးပြီးဆက်သွယ်ပေးလိုက်ပါတယ်။ ဒါပေမဲ့ စီးပွားရေးကြော်ငြာ ကာတွန်းလုပ်ငန်းက သိပ်ပြီး ဖြစ်ထွန်းသင့်သလောက် အားပေးကူညီပံ့ပိုးမှုနည်းပါးတာပြီး ဆရာကြီး ဦးဗကလေးရဲ့ ကာတွန်းရုပ်ရှင်လုပ်ငန်းလေးဟာ ဆက်လက် မရပ်တည်နိုင်တော့တာကြောင့် ကာတွန်းရုပ်ရှင်လုပ်ငန်း ရပ်နားလိုက်ရပါတော့တယ်။

(ဆက်လက်ဖော်ပြပါမည်)

နှစ်လိုဖွယ်အကောင်းဆုံးအမျိုးသမီးဆု ရရှိခဲ့သည့် ရီဟန်းနား

အမေရိကန်အခြေစိုက် ရုပ်သံလိုင်းတစ်ခုဖြစ်သည့် Spike ရုပ်သံလိုင်းမှ ကြည့်ရှုသူပရိသတ်များ၏မဲပေးဆုံးဖြတ်မှု အပေါ်မူတည်ကာ ရွေးချယ်ချီးမြှင့်သည့် (၈)ကြိမ်မြောက် Spike TV's Guys' Choice ဆုပေးပွဲ အခမ်းအနားတွင် တေးသံရှင် ရီဟန်းနားက နှစ်လိုဖွယ် အကောင်းဆုံးအမျိုးသမီးဆုကို ဆွတ်ခူးရရှိနိုင်ခဲ့သည်။

ယခုကဲ့သို့ Spike ရုပ်သံလိုင်းမှ ဆုရရှိဆွတ်ခူးနိုင်ခဲ့ခြင်းသည် အသက်(၂၆)နှစ်အရွယ် တေးသံရှင် ရီဟန်းနားအတွက် ပထမဆုံးအကြိမ်ဖြစ်ပြီး အခြားသောဆုရှင်များအနေဖြင့် ယမန်နှစ်က အော်စကာဆုရဇာတ်ကား Dallas Buyers Club မှ မင်းသား Matthew Mc Conaughey က Guy Of The Year ဆုကိုလည်းကောင်း၊ မင်းသမီး ဆန်ဒရာဘူးလော့ခ်က Decade Of Hotness gong ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

တေးသံရှင် ရီဟန်းနား၏ ဂီတလှုပ်ရှားမှု သစ်တစ်ရပ်အနေဖြင့် လာမည့်ဩဂုတ်လ လဆန်းပိုင်းတွင် တေးသံရှင် Eminem နှင့်အတူ The Monster အမည်ရှိ ဂီတဖျော်ဖြေပွဲ တစ်ခုကိုကျင်းပသွားရန်စီစဉ်ထားပြီး ထို့ထက်မက သရုပ်ဆောင်ပိုင်းလှုပ်ရှားမှုအနေဖြင့် လာမည့် ၂၀၁၅ ခုနှစ်တွင်ပြသမည့် DreamWorks Animation ၏ လက်ရာ Home အန်နီမေးရှင်းဟာသ ဇာတ်ကားတွင် နာမည်ကျော်မင်းသမီးချော ဂျနီဖာလိုပက်ဇ်နှင့်အတူ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

မျိုးစန္ဒာမောင်

အငြင်းပွားလယ်မြေ၌ တရားမဝင်ရွှေကျောက်တူးဖော်နေ

ဖားကန့် ဇွန် ၁၂

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ခိုမကျေးရွာ၌ လယ်ယာမြေအငြင်းပွားမှုမှာ ကြာမြင့်နေပြီဖြစ်သော်လည်း ဥပဒေနှင့်အညီ တိကျမှန်ကန်စွာ ဖြေရှင်း ဆုံးဖြတ်ပေးခြင်းမပြုသည့်အပြင် အဆိုပါလယ်မြေ၌ ဘက်ဟိုးဖြင့် တရားမဝင် ရွှေကျောက်တူးဖော်နေ မှုကို မည်သူမှတားမြစ်ခြင်းမရှိဘဲ ကြည့်နေကြသည်ဟု ဒေသခံများက ပြောသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ခိုမကျေးရွာနေ ဦးဖိုးဇော်-ဒေါ်သန်းတင်တို့ ပိုင်ဆိုင်သော ကွင်းအမှတ် OSS-၁၀၇၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ ၁၄ ဒသမ ၀၁ ဧက ကျယ်ဝန်းသည့် လယ်မြေကို မန္တလေးမြို့နေ ဦးတင်အောင်-ဒေါ်သန်းသန်းစိန်(ခ)ဒေါ်အီပုတို့က ၎င်းတို့ပိုင်ဆိုင်သည်ဟူ၍ဆိုပြီး ကုမ္ပဏီတစ်ခုကို ရောင်းချထားကြောင်း၊ အဆိုပါကုမ္ပဏီကလည်း လယ်ယာမြေဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ အဆိုပါ လယ်မြေပေါ်၌

ဘက်ဟိုးယာဉ်များ အသုံးပြုကာ တရားမဝင် ရွှေကျောက်တူးဖော်လျက်ရှိကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မူလပိုင်ရှင်ဖြစ်သော ဦးဖိုးဇော်သည် တာဝန်ရှိပုဂ္ဂိုလ်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြတိုင်ကြားထားသော်လည်း ဥပဒေနှင့်အညီ မည်သူမျှ တိကျခိုင်မာစွာ အရေးယူဆောင်ရွက်ပေးခြင်းမရှိသေးကြောင်း သိရသည်။

ယခုလယ်ယာ မြေအငြင်းပွားမှုသည် ၂၀၁၁-၂၀၁၂ ခုနှစ်ကတည်းက ဖြစ်ပွားနေသော အမှုဖြစ်ပြီး ယခုအထိ ဥပဒေနှင့်အညီ တိကျခိုင်မာစွာ ဖြေရှင်းဆုံးဖြတ်ပေးခြင်း မပြုသေးကြောင်း သိရသည်။ ထို့အပြင် အဆိုပါ လယ်ယာမြေ၌ ဥပဒေနှင့် လုံးဝ ညီညွတ်ခြင်းမရှိဘဲ လယ်ယာမြေအား စိုက်ပျိုးမှုမှအပ အခြားနည်းအသုံးပြုနေလျက်ရှိသည်။ ၎င်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းက ဥပဒေပါအတိုင်း မှန်မှန်ကန်ကန် ဆုံးဖြတ်အရေးယူဆောင်ရွက်ပေးမည်ကို ဒေသခံများက စောင့်ကြည့်နေကြကြောင်း သိရသည်။

(စိုင်းဆေခမ်း)

■

ရာမီရက်စ်အား ရောင်းချမည်မဟုတ်ဟု မော်ရင်ဟိုပြောကြား

ချယ်လ်ဆီးအသင်း၏ နည်းပြဖြစ်သူ ဟိုဆေးမော်ရင်ဟိုက မိမိတို့၏ ကွင်းလယ်ကစားသမား ရာမီရက်စ်မှာ ရောင်းချရန်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ချယ်လ်ဆီးအသင်း၏ ဘရာဇီးကွင်းလယ်လူ ရာမီရက်စ်အား ခေါ်ယူရန်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက ကမ်းလှမ်းခဲ့သော်လည်း မော်ရင်ဟိုက ရောင်းချခြင်းမပြုရန် အသင်း၏ဘုတ်အဖွဲ့အား သတိပေးပြောကြားမှုများ ပြုလုပ်ခဲ့သည်။ ရီးယဲလ်အသင်း၏ နည်းပြဖြစ်သူ အန်ဆယ်လော့တီသည် ရာမီရက်စ်နှင့် ချယ်လ်ဆီးတွင် အတူလက်တွဲခဲ့ဖူးသည့်အတွက် ခေါ်ယူရန် တရားဝင်ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခြင်းခံခဲ့ရသည်။ မော်ရင်ဟိုက ရာမီရက်စ်မှာ ၎င်း၏စိတ်ကြိုက်ကစားသမားတစ်ဦးဖြစ်ကြောင်း၊ ရောင်းချရန်အတွက် ဘယ်တုန်းကမှ စဉ်းစားခဲ့ဖူးခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ ချယ်လ်ဆီးအသင်းမှာ လာမည့်ဘောလုံးရာသီတွင် အက်သလက်တီကို ကွင်းလယ်လူ တီယာဂိုအားခေါ်ယူထားခဲ့သည့်အတွက် အသင်းမှအခြား ကွင်းလယ်ကစား တစ်ဦးကိုကမ်းလှမ်းလာပါက လက်ခံဖွယ်ရှိပြီး ရာမီရက်စ်အား လုံးဝရောင်းထုတ်မည်မဟုတ်ဘဲ မီခေးလ်ကိုသာကမ်းလှမ်းလာပါက လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သိရသည်။

(ကိုရဲ)

မန်ယူကွင်းလယ်လူ ဖယ်လေနီအားခေါ်ယူရန် စပါးကမ်းလှမ်း

အင်္ဂလန်ပရီမီယာလိဂ် ကလပ်အသင်းတစ်သင်းဖြစ်သည့် စပါးအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ကွင်းလယ်ကို အားဖြည့်တင်းရန်အတွက် မန်ယူအသင်း၏ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဖယ်လေနီ အားခေါ်ယူရန်အတွက် တရားဝင်ကမ်းလှမ်းလိုက်ပြီဖြစ်ကြောင်းသိရသည်။ ဖယ်လေနီမှာ ပြီးခဲ့သည့်ဘောလုံးရာသီတွင် မန်ယူနည်းပြဟောင်း ဒေးဗစ်မိုယက်စ်၏ ခေါ်ယူမှုနှင့်အတူ မန်ယူအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းတွင် ခြေစွမ်းပြသနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ၎င်းမှာ မန်ယူအသင်းတွင် မပျော်မရွှင်ဖြစ်နေ၍ အသင်းမှထွက်ခွာရန်ပြင်ဆင်နေခြင်းဖြစ်ပြီး စပါးနည်းပြသစ် ပိုချက်တီနိုက ဖယ်လေနီအားခေါ်ယူလိုနေလိုခြင်းဖြစ်သည်။

ပိုချက်တီနိုက"ဖယ်လေနီဟာ ကျွန်တော့်ရဲ့နည်းဗျူဟာနဲ့ သေချာပေါက်အံဝင်မယ့် ကစားသမားတစ်ဦးပါ။ သူ့လိုအရပ်အမောင်းမြင့်မားပြီး ကြံ့ခိုင်မှုအားပြုကစားတတ်တဲ့သူမျိုးကို ကျွန်တော်သေချာပေါက်အလိုရှိနေပါတယ်" ဟုပြောကြားသွားခဲ့သည်။ ပိုချက်တီနိုသည် ဖယ်လေနီအားခေါ်ယူရန်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် ဘယ်လ်ဂျီယံအသင်းရှိရာ ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့သို့သွားရောက်မည်ဖြစ်ပြီး ၎င်းအားခေါ်ယူလိုပါက ပေါင် ၁၂ သန်းခန့်ပေးချေရဖွယ်ရှိသည်။

[စွမ်းထက်အောင်]

ဇလွန်မြို့နယ်၌ ထုံးတပိုအရှေ့-လေးတူး ကျောက်ချောလမ်းသစ်ဖွင့်

ဇလွန် ဇွန် ၁၂

ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် သောင်းထိုက်ဖြိုးကုမ္ပဏီက ဆောင်ရွက်သည့် ဇလွန်မြို့နယ် ထုံးတပိုအရှေ့-လေးတူး ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇွန် ၂ ရက် နံနက်ပိုင်းက ၎င်းလမ်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးလှခိုင်၊ ဟင်္သာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သက်ရှည်၊ ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်းတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထုံးတပိုအရှေ့-လေးတူး ကျောက်ချောလမ်းမှာ သုံးမိုင် ခြောက်ဖာလုံ ရှည်လျားပြီး ယင်းလမ်းပေါ်တွင် ၁၅ ပေအကျယ် တံတားလေးစင်းရှိသည်။ တိုးချဲ့တံတားတစ်စင်းကို ဇလွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွဋ်က လှူဒါန်းထားကြောင်း သိရသည်။ ယခုလို ထုံးတပိုအရှေ့-လေးတူးကျောက်ချောလမ်းနှင့် တံတားများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထုံးတပိုအရှေ့-လေးတူး ရွာသူရွာသားများသည် ဇလွန်မြို့သို့ ထွက်ကုန်များ ရောင်းချရန်လွယ်ကူပြီး ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်သဖြင့် ရွာသူရွာသားများအားလုံးက ပျော်ရွှင်ဝမ်းမြောက်နေကြကြောင်း သိရသည်။

ငွေသန်း (ပြန်/ဆက်)

MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor UMFCCI Office Tower, No. 29, Min Ye Kyaw Swa Road, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

ကြေညာချက်အမှတ်စဉ် (၆)

၂၀၁၄ - ခုနှစ်၊ ဇွန်လ (၉)ရက်

အစုရှယ်ယာသက်သေခံလက်မှတ် (Shares Certificate) များအား မကြာမီထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ် လီမိတက်သည် ကမ်းလှမ်းအစုရှယ်ယာ (၂,၀၄၅,၀၀၀)ကို အများပြည်သူသို့ ၂၀၁၄ ခုနှစ်၊ မတ်လ (၃)ရက်နေ့မှ ဧပြီလ (၉)ရက်နေ့အထိ မိတ်ခေါ် ရောင်းချခဲ့ပြီး အဆိုပြု အစုရှယ်ယာအတိုင်း အပြည့်အဝ ဝယ်ယူခွင့် မရရှိသူများအား ၂၀၁၄ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့တွင် သက်ဆိုင်ရာ ဘဏ်ခွဲများမှတစ်ဆင့် ဝယ်ယူခွင့် ရရှိသည့် အစုရှယ်ယာပမာဏထက် ကျော်လွန်သည့် ပိုငွေများကိုလည်း ပြန်လည်ထုတ်ပေးပြီး ဖြစ်ပါသည်။

၂။ အဆိုပါ အစုရှယ်ယာဝယ်ယူခွင့် ရရှိသူများထံသို့ အစုရှယ်ယာသက်သေခံလက်မှတ် (Shares Certificate) များကို ၂၀၁၄ ခုနှစ်၊ မေလ (၂၈)ရက်နေ့တွင် ထုတ်ပေးနိုင်ရန် မူလက ခန့်မှန်းထားရှိခဲ့ပါသည်။

၃။ ယခုအခါ အစုရှယ်ယာဝယ်ယူထားပြီးသူ အားလုံးကို ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် အစုရှယ်ယာရှင်များ အဖြစ် ပုံစံ-၆ဖြင့် စနစ်တကျမှတ်ပုံတင်ပြီး ဖြစ်ပါသည်။

၄။ မူလခန့်မှန်းထားသော ရှယ်ယာထည့်ဝင်သူ အရေအတွက်ထက် များစွာပိုမို ထည့်ဝင်လာခြင်းကြောင့် လည်းကောင်း၊ အစုရှယ်ယာသက်သေခံလက်မှတ် (Shares Certificate)ကို လုံခြုံစိတ်ချနိုင်စေရန် Electronic QR System အား ထည့်သွင်းပြုလုပ် ဆောင်ရွက်လျက်ရှိခြင်းကြောင့်လည်းကောင်း ၂၀၁၄ ခုနှစ်၊ ဇွန်လ (၃၀)ရက်နေ့မှစတင်၍ (Shares Certificate)များ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၅။ အစုရှယ်ယာသက်သေခံလက်မှတ် (Shares Certificate) များ ထုတ်ပေးမည့် အစီအစဉ်အသေးစိတ်ကို နေ့စဉ်ထုတ် သတင်းစာများတွင် ဆက်လက်အသိပေး ကြေညာပေးမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ်လီမိတက်

မိဘအမည်မှန်နှင့်အမည်ပြည့်စွက်

ဝိုင်းမော်မြို့ခတ်ချိ(အထက)အ၄မတန်းမှ မရွှေယမင်းထွန်း၏ မိဘအမည်မှန်မှာ ဦးရှောက်ထွန်း၊ ဒေါ်ခမ်းလွှမ့်ဖြစ်ပြီး မရွှေယမင်းထွန်းအား မရွှေယမင်းထွန်း(ခ) မအေဖျင့်ဟု ဖြည့်စွက်ခေါ်ရန်။

တိုက်ခန်းရောင်းမည်

ပေ(၁၈×၅၄)မြေညီထပ်၊ အသင့်နေနိုင်၊ ဘရဏီ(၁)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာ၊ ပဒေသာလမ်းဆုံအနီး၊ မေတ္တာလမ်းကြောကပ်။

ဖုန်း-၄၃၀၃၉၆၆၇၊ ၄၂၃၇၂၀၀၂၉



မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် UNOHCHR တို့ ပူးပေါင်း၍ လူ့အခွင့်အရေးဆိုင်ရာသင်တန်း ဖွင့်လှစ်

မန္တလေး၊ ဇွန် ၁၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် UNOHCHR တို့ပူးပေါင်းဖွင့်လှစ်သော လူ့အခွင့်အရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၆ လမ်းရှိ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရဲသူရိန်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ ရဲအရာရှိ ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ပြီး ယခုကဲ့သို့ သင်တန်းဖွင့်ရခြင်းသည် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့နယ်မြေအတွင်း လူ့အခွင့်အရေးဆိုင်ရာများ တိုးမြှင့်စေရေးနှင့် စောင့်ထိန်းလိုက်နာစေရေးအတွက် ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်မှုကိုနိုင်ငံတကာပညာရှင်များ ကသုံးသပ်ရာတွင် ရဲတပ်ဖွဲ့သည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရင်း ပြည်သူလူထုနှင့်ထိတွေ့ဆက်ဆံရာတွင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးထိန်းသိမ်းရာတွင်ဖြစ်စေ၊ ကိုင်တွယ်စစ်ဆေးရာတွင်ဖြစ်စေ၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းပြုရာတွင် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို သိရှိလိုက်နာရန်လိုကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ဝင်းအောင်က သင်တန်းဖွင့်ပွဲတွင် တိုက်တွန်းပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် ရဲမှူးကြီး ဇော်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ Mr. FRED RAWSKI က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

သီဟကိုကို(မန္တလေး)

လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

လင်းခေး၊ ဇွန် ၁၂

လင်းခေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဌာနတွင်းမိသားစုများ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် အရာထမ်း အမှုထမ်း ဝန်ထမ်းများအားလုံးသည် မိမိတို့လုပ်ငန်းခွင်တွင် စိတ်ပူပင်သောကများ ကင်းဝေးစွာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ရန်နှင့် ၎င်းတို့၏ သားသမီးများ ပညာသင်ယူရေးအတွက်၊ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် ဌာနမိသားစု ဝန်ထမ်းသားသမီး ခြောက်ဦးတို့ကို ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ဝန်ထမ်းသားသမီးတစ်ဦးချင်းစီကို မူလတန်း၊ အလယ်တန်းအဆင့် တစ်ဦးလျှင် အနည်းဆုံးငွေကျပ် ၅၀၀၀ နှင့် အထက်တန်းနှင့် တက္ကသိုလ်အဆင့်တွင် သင်ကြားနေသည့် ဝန်ထမ်းသားသမီးများအား ငွေကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ စီကို ခရိုင်အုပ်ချုပ်ရေးမှူးက ပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ မိမိတို့ဝန်ကြီးဌာနတွင်ရှိသော နိုင်ငံ့ဝန်ထမ်း သားသမီးများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်သကဲ့သို့ နိုင်ငံတော်ရှိ ဝန်ကြီးဌာနများ အသီးသီး၌လည်း ဝန်ထမ်းသားသမီးများကို နှစ်စဉ် ပညာသင်စရိတ်များ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်မှ မိမိတို့ နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်းပေါ်တွင်သာမက ဝန်ထမ်းမိသားစုတို့၏ အဘက်ဘက်မှ လိုအပ်ချက်များကိုအတတ်နိုင်ဆုံး စွမ်းဆောင်ကူညီပံ့ပိုးပေးလျက်ရှိသောကြောင့် ယနေ့ပညာသင်စရိတ်ရရှိကြသည့် မိမိတို့ဌာန ဝန်ထမ်းသားသမီးများအားလုံးသည်လည်း နိုင်ငံ့ဂုဏ်ဆောင်လာနိုင်မည့် သားကောင်းရတနာများ ဖြစ်လာစေရန် ပညာကိုအပတ်တကုတ်ကြိုးစားသွားကြရန် တိုက်တွန်းအားပေးလိုကြောင်း အဆိုပါထောက်ပံ့ကြေးများကို မပေးအပ်မီ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ဆောင်းနှင်းလတ်(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ အတွက် အုပ်စုခွဲ မဲနှိုက်

ကသာ၊ ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲအတွက် အုပ်စုခွဲမဲနှိုက်သည့် အခမ်းအနားကို ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကသာမြို့ မီတာ ၄၀၀ အားကစားကွင်းအတွင်း ကျင်းပခဲ့သည်။

အခမ်းအနားကို မြို့နယ်အား/ကာကော်မတီ ဥက္ကဋ္ဌကိုယ်စား မြို့နယ်အား/ကာ ဦးစီးအရာရှိ ဦးရဲဝင်းလှိုင်က ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲရက်ကို ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ ရပ်ကွက်နှင့်ကျေးရွာများမှ အသင်း ၂၀ ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်းကို ဦးရဲဝင်းလှိုင်က ပြောသည်။

လေညှင်းမွှေး(ကသာ)

အသုံးပြုသူများသည့် မြေနီလမ်းအား ကွန်ကရစ်လမ်းအဖြစ် ခင်းစေလို

နေပြည်တော်၊ ဇွန် ၁၂

နေပြည်တော်ရှိ ဝန်ထမ်းအများစုနေထိုင်သော နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဉာဏအောင်မြေလမ်းမကြီး၏ MICC (၂) နှင့် စိုးစံဘော်ဒါအကြား အကွက်ကြီး (၃)၊ ဉာဏသိဒ္ဓိရပ်ကွက်ဘက်သို့ ဖောက်လုပ်ထားသည့် မြေသားလမ်းမှာ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များ အဆက်မပြတ် သွားလာအသုံးပြုနေကြရသောလမ်းဖြစ်သောကြောင့် လမ်းအသုံးပြုသူများအနေဖြင့် ၎င်းမြေနီလမ်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ခင်းကျင်းစေလိုကြောင်း ဒေသခံများကပြောသည်။

"ကျွန်တော်တို့ ရုံးတက်၊ ရုံးဆင်းသွားလာတဲ့အခါမှာ ဒီမြေနီလမ်းကို အဓိကအားထားပြီး သွားလာနေကြရပါတယ်။ ဒီမြေနီလမ်းကိုဖြတ်ပြီး ဉာဏအောင်မြေလမ်းကို ဖြတ်သွားလိုက်ရင် ပျဉ်းမနား၊ တောင်ညိုလမ်းမကြီးကို အချိန်ခဏလေးအတွင်းရောက်ရှိပြီး သပြေကုန်းအဝိုင်းမှ အစိုးရရုံးတွေဘက်ကိုသွားရတာကြောင့် ဒီလမ်းက များစွာအထောက်အကူပြုပါတယ်။ ဒီလမ်းကမဖြတ်ဘဲ ဆွာလမ်းဆုံအတိုင်းသွားမယ်ဆိုရင် အချိန်ကြာမြင့်ပြီး တစ်ကွေ့တစ်ပတ်ကြီး သွားနေရတော့ ကြန့်ကြာမှုတွေဖြစ်နေပါတယ်။ ပြီးတော့ ဒီမြေနီလမ်းရဲ့ ဘေးတစ်ဖက်တစ်ချက်ဆီမှာ ချိုင့်ခွက်တွေရှိနေတာကြောင့် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ခင်းပေးစေလိုတာပါ။ လမ်းမြေသားအရောင်နဲ့ ချိုင့်ခွက်ဟာ တစ်ပြေးတည်းရှိတဲ့အတွက်ဆိုင်ကယ်ယာဉ်တိမ်းမှောက်မှုတွေ အဆက်မပြတ်ဖြစ်ပေါ်နေပါတယ်"ဟု ဉာဏသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းတစ်ဦးက ပြောသည်။

သို့ပါ၍ နေပြည်တော်၏ အဓိကအထင်ကရဖြစ်သော MICC(၂) အနီးတွင်ရှိသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ နေ့စဉ်အဆက်မပြတ်သွားလာလျက်ရှိသည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏအောင်မြေလမ်းမကြီး၏ ဉာဏသိဒ္ဓိရပ်ကွက်ဘက်သို့ ဖောက်လုပ်ထားသော MICC(၂)နှင့် စိုးစံဘော်ဒါကြားရှိ မြေနီလမ်းအား အဆင့်မြင့်လမ်းအဖြစ် ခင်းကျင်းပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

(Expression of Interest)

လူမှုစီးပွား ဖတ်စရာ

မကွေးတိုင်းဒေသကြီးမှ ပဲကြော်လုပ်ငန်း

à aZ,wkau;G

ကိုယ့်အိမ်ကိုယ့်ယာ ဧည့်သည်လေးများ လာလျှင် ရှင်လန်းအားရ ဖော်ရွေစွာ ကြိုဆိုကြရင်း “ရှင်မရေ၊ ရေနွေးကြမ်းလေး ချပါဦး၊ ပဲကြော်နဲ့ လက်ဖက်လေးသုပ်ပါဦး” ဟု ဧည့်ခံကောင်းတတ်ကြသည်မှာ အညာသူ၊ အညာသားတို့၏ ဓလေ့သဘာဝပင် ဖြစ်ပါသည်။ စကားလက်ဆုံကျရင်း အပျင်းပြေ ဝိုင်းဖွဲ့စားစရာအဖြစ် မနက်စာထမင်းဝိုင်းအတွက် လက်ဆုံနှိုက်ရာ ဟင်းအမယ်တစ်ခုအဖြစ် ၊ အလှူအတန်းများတွင် ပွဲတည်ဂုဏ်ဝင် ဧည့်ခံစရာတစ်ခုအဖြစ် အရေးပါအရာရောက်လှသော လက်ဖက်နှင့် ပဲကြော်မှာ အညာနှင့် ဖယ်ခွာ၍မရစကောင်းပေ။ ထို့ကြောင့်လည်း မကွေးတိုင်းဒေသကြီး လူမှုစီးပွားဘဝ ပဲကြော်လုပ်ငန်းအကြောင်း ဗဟုသုတ မျှဝေတင်ပြလိုက်ရပါသည်။

ဦးစွာ ဈေးကွက်အတွင်းမှ အရည်အသွေးပြည့် စံချိန်မီသော ပဲကြီးများ ဝယ်ယူစုဆောင်းရသည်။ လုပ်ငန်းပထမအဆင့်အနေဖြင့် ပဲကြီးရေစိမ်ခြင်း လုပ်ငန်းဖြစ်သည်။ ကျောက်စည်တစ်စည်တွင် အချိန်ပိဿာ ၃၀ ပါ ပဲကြီးတစ်အိတ်နှုန်း ရေစိမ်ပေးရသည်။ တစ်စည်လျှင် နို့စည်ဗူး တစ်ဗူးနှုန်း ထုံးထည့်ပေးရသည်။ ပဲနူးစေရန်နှင့် အနံ့အသက်ချုပ်စေရန် ရည်ရွယ်ချက်ဖြစ်၏။ ရေစိမ်သည့်ကြာချိန်မှာ ၁၃ နာရီခန့် ဖြစ်သည်။ မွန်းလွဲသုံးနာရီမှ နောက်တစ်နေ့ နံနက်လေးနာရီအထိ ရေစိမ်တတ်ကြသည်။ ရေစိမ်သည့်ထဲမှ ပဲစုန်းပြူးများ တွေ့ပါက နေပြန်လှန်း၍ ရေပြန်စိမ်ပေးခြင်းဖြင့် ပြန်လည်အသုံးပြုနိုင်သည်။

ရေစိမ်ခြင်းလုပ်ငန်းပြီးပါက ပဲအခွံချွတ်လုပ်ငန်း လုပ်ဆောင်ရန် ပဲကြီးရေစိမ် ပြည်အရေအတွက်အလိုက် ပဲချွတ်လုပ်သားများထံ ခွဲဝေပေးရသည်။ ကျောက်စည်တစ်စည်ထဲမှ ပဲကြီးရေစိမ် ပြည် ၅၀ ခန့် ရရှိသည်။ ထို့နောက် အခွံချွတ်ပြီး ပဲကြီးများကို အချောထည် ရေစိမ်ဆေးကြောကာ ရေစစ်ရန် တောင်းအလွတ်များထဲ ပြောင်းထည့်ပေးရသည်။ ရေစစ်ပြီးလျှင် ဒယ်အလွတ်များထဲတွင် ကြော်နိုင်သည့် ပမာဏအလိုက် ပဲကြီးနှင့် ကော်မှုန့် သမအောင် ရောမွှေပေးကြရသည်။ ထို့နောက် တစ်ဒယ်လျှင် ဆီအချိန် ပိဿာ ၄၀ ခန့် ထည့်ထားသော မီးဖိုပေါ်ရှိ ဒယ်ကြီးများအတွင်း တစ်ဒယ်လျှင် ပဲကြီးရှစ်ပိဿာခန့် ဖြည်းဖြည်းချင်း ထည့်ကြော်ပေးရသည်။ ကြော်ချိန် ၁၅ မိနစ်ခန့် အချိန်အတွင်း ပဲကြော်အရောင်ဖမ်းကာ ကော်မှုန့်ပူးနေသော ပဲပူးများကို ချေခြင်း၊ ဒယ်အခြေရှိ ပဲအခြမ်းများကို ဆယ်ယူခြင်းများ ဦးစွာပြုလုပ်ကာ ဆီအပေါ်ယံ မျက်နှာပြင်ရှိ ပဲကြော်များကို ပဲကြော်လုပ်သား၏ ကျွမ်းကျင်မှုဖြင့် အနေအထားပေါ် ချိန်ဆ၍ ဆယ်ယူသည်။

ဆယ်ယူပြီး ပဲကြော်များကို ဆီစစ်စကာပါ ဆီခါစက်သို့ ပြောင်းရွှေ့ပေးရသည်။ ဆီစစ်၊ ဆီခါပြီး ပဲကြော်များကို အညှာပြာ၊ အပုပ်ရွေးသည့် လုပ်သားများထံ လွှဲပြောင်းပေးရသည်။ သန့်စင်ပြီး၊ အအေးခံပြီး ပဲကြော်များကို အချိန်ပိဿာ ၃၀ ဝင် ဂုန်နီအိတ်ကြီးများအတွင်း ပလတ်စတစ်အိတ် တစ်ထပ်ခံကာ ထုတ်ပိုးခြင်းဖြင့် ပဲကြော်ထုတ်လုပ်မှုအဆင့် ပြီးစီးပြီ ဖြစ်သည်။

ပြည်တွင်းစားသောက်ကုန် ဈေးကွက် ခိုင်မာမှုရှိကာ ဒေသတွင်း ဖြန့်ချိခြင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ ဖြန့်ချိခြင်းများ ပြုလုပ်ကြောင်း သိရသည်။ ဝယ်လိုအား မြင့်မားမှုကြောင့် တစ်နိုင်တစ်ပိုင် လုပ်ငန်းလေးများမှ နှစ်အနည်းငယ်အတွင်း လုပ်ငန်းကြီးများ ဖြစ်လာကြသည်။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်စေတနာ၊ အောင်မေတ္တာရပ်ကွက်များအတွင်း ပဲကြော်လုပ်ငန်းများအား မှီခိုကာ စားဝတ်နေရေး ဖြေရှင်းနေရသူ လုပ်သားအင်အား ရာနှင့်ချီ၍ ရှိသည်။

ပဲချွတ်လုပ်သားများအနေဖြင့် ပဲတစ်ပြည်ချွတ်ခ ၁၀၀ ကျပ်ရရှိပြီး လုပ်ငန်းကျွမ်းကျင်မှုအလိုက် တစ်နေ့ပဲ ၁၅ ပြည် မှ ၂၅ ပြည်အထိ လုပ်ကိုင်ပြီးစီးကြသည်။ ပဲချွတ်လုပ်သားအများစုမှာ အမျိုးသမီးများဖြစ်ကြပြီး သူတို့လောကတွင် ပဲချွတ်သည်ကို ကွန်ပျူတာနှိပ်သည်ဟု ရယ်ပွဲဖွဲ့ ပြောဆိုသုံးနှုန်းကြသည်။ ဘယ်ညာလက်နှစ်ဖက်ဖြင့် ကျောက်ခုံ၊ သစ်သားစားပွဲများပေါ်တွင် နှိပ်ဖျစ်ရသည်ကို ခေတ်မီအောင် ကွန်ပျူတာနှိပ်သည်နှင့် တင်စားခြင်း ဖြစ်ဟန်တူသည်။ ပဲချွတ်သမများအတွင်း ပဲချွတ်လုပ်အားခဖြင့် သမီးဖြစ်သူ၊ ညီမဖြစ်သူ ကွန်ပျူတာတက္ကသိုလ် ကျောင်းသူလေးအား ဘဝမြှင့်တင်ပေးနေသော မိခင်နှင့် အမတို့၏ ဘဝများလည်းရှိပြီး ကျောင်းပိတ်ချိန် အမေနှင့် အမကို တစ်လှည့်ပြန်ကူပေးနေသော ကွန်ပျူတာကျောင်းသူလေး၏ ဘဝလည်းရှိကြောင်း ကြားသိခဲ့ရသည်။

ပဲကြော်လုပ်သားတစ်ဦးလျှင် နေ့စားခ ၃၀၀၀ ကျပ် ဝန်းကျင်ခန့် ရရှိသည်။ ပဲရွေး၊ ပဲချိန် လုပ်သားတချို့အနေဖြင့် စရိတ်ငြိမ်းတစ်လ ၃၀၀၀၀ ကျပ် ရရုံဖြင့် လုပ်ကိုင်နေကြသည်လည်း ရှိသည်။ ပဲကြော်လုပ်ငန်းတွင် ဆီစိမ်ကြော်၊ နှစ်ပြန်ကြော်၊ ပဲပူးကြော်၊ ခွဲခြမ်းကြော်၊ တရုတ်ပဲကြော်၊ ကုလားပဲကြော်၊ အစုံကြော်ဟု အမယ်အမျိုးမျိုးရှိပြီး လုပ်ငန်းသဘာဝမှာ အနည်းငယ်သာ ကွဲပြားမှုရှိသည်။ ပဲကြီးတစ်အိတ်ကြော်လျှင် စားအုန်းဆီ ၃ ပိဿာ ၅၀ ကျပ်သားခန့် အသုံးပြုရပြီး လုပ်ငန်းအတွက် လောင်စာမှာ ပဲခွံဖြစ်သည်။ ပဲကြီးချွတ်ရာမှ ထွက်လာသောအခွံများကို နွားစာအဖြစ် အသုံးပြုနိုင်ပြီး ပဲခွံတင်းတောင်း တစ်တောင်းလျှင် ၂၅၀ ကျပ်ဖြင့် ပြန်လည်ရောင်းချနိုင်သည်။

ပဲရေစိမ်ပုပ်နံ့၏ ဒဏ်ကို ပတ်ဝန်းကျင်ကခံကြရသော်လည်း နေသားကျ အနံ့ယဉ်သွား၍လည်းကောင်း၊ အခြေခံလူတန်းစားများ အားထားရာ ဖြစ်သောကြောင့်လည်းကောင်း ငဲ့ညှာထောက်ထားမှုများရှိကာ ပဲကြော်လုပ်ငန်းသမားများကို တော်တန်ရုံဖြင့် ပြဿနာ မရှာတတ်ကြပေ။ လောင်စာသိုလှောင်မှုမှ မီးဘေးမကြုံရစေရန် လုပ်ငန်းရှင်နှင့် ဒေသခံများမှ ဝိုင်းဝန်းထိန်းသိမ်းမှုများလည်း ရှိကြသည်။

အညာဒေသ ပဲကြော်လုပ်ငန်းသည်လောင်စာသိုလှောင်မှုနှင့် အနံ့အသက်ဆိုးအားနည်းချက်များကို ပြီးပြည့်စုံအောင်ဖြေရှင်းပြီးပါက ဒေသအကျိုးနှင့် အခြေခံလူတန်းစားတို့၏ အလုပ်အကိုင် အခွင့်အလမ်းများအတွက် များစွာကောင်းကျိုးဖြစ်ထွန်းစေသော လုပ်ငန်းတစ်ခု ဖြစ်သည်။

အညာဓလေ့၊ မြန်မာဓလေ့ ရိုးရာစားသောက်ကုန် လုပ်ငန်းတစ်ခုဖြစ်သောကြောင့် သည့်ထက်မကလည်း အောင်မြင်စေချင်သည်။

ယာဉ်များအားစစ်ဆေးစဉ် မောင်းပြေးသူအား ဖမ်းဆီးရမိ

မန္တလေး၊ ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် စစ်ကိုင်း-မန္တလေးလမ်း တမ္ပဝတီရပ်ကွက် မီးသတ်ရုံးရှေ့တွင် ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၅၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ် အောင်မျိုးဝင်းဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ချမ်းမြသာစည်မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် ဇော်လင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ တမ္ပဝတီရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စည်းကမ်းပျက်ယာဉ်များအား စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးနေစဉ်အတွင်း စစ်ကိုင်း-မန္တလေး ကားလမ်းအတိုင်း စစ်ကိုင်းဘက်မှ မန္တလေးဘက်သို့ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ အရှိန်ပြင်းစွာမောင်းနှင်လာသည့် ဆိုင်ကလုန်း အနက်ရောင်ဆိုင်ကယ်အား ပူးပေါင်းအဖွဲ့မှ တားဆီးစဉ် ရပ်တန့်မပေးဘဲ မောင်းနှင်ထွက်ပြေးရာ ပူးပေါင်းတာဝန်ထမ်းဆောင်နေသည့် လင်းယုန် (၄) လှည့်ကင်းအဖွဲ့မှ တပ်သား စိုးစိုးဦးအား တိုက်မိခဲ့သည်။

အဆိုပါ ဆိုင်ကယ်မောင်းနှင်သူမှာ အောင်သီဟဦး ၁၇ နှစ်၊ ဆေးသုတ်လုပ်သား၊ မှန်တန်းရပ်ကွက်၊ အမရပူရမြို့နေသူဖြစ်ပြီး ဆိုင်ကယ်ဝင်တိုက်မှုကြောင့် ရဲတပ်သား စိုးစိုးဦးမှာ ဦးခေါင်းနောက်စေ့နှင့် ဝဲဒူးခေါင်းဖူးရောင်၊ ဝဲလက်ဖဝါး၊ တံတောင် ပွန်းပဲ့ဒဏ်ရာရရှိပြီး မန္တလေးဆေးရုံကြီးသို့ တင်ပို့ကုသထားရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်သီဟဦးအား ချမ်းမြသာစည်မြို့နယ် မြို့မရဲစခန်းက (ပ)၁၇၄/၂၀၁၄ ပြစ်မှုပုဒ်မ ၃၃၃ အရအမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

Open Tender ခေါ်ယူခြင်း

သင့်သွေးဖြင့် အသက်ကယ်ပါ

မဟာမဲခေါင်ဒေသခွဲ လုပ်ငန်းအစည်းအဝေး ကျင်းပ

မန္တလေး၊ ဇွန် ၁၂

မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများကို တစ်နှစ်လျှင်နှစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပလျက်ရှိရာဇွန် ၉ ရက်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort တွင်(၃၃) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းနှင့် မဟာမဲခေါင်ဒေသ ခြောက်နိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးနှင့် စွဲဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ မဟာမဲခေါင်ဒေသခွဲအတွင်း၌ နှစ်နိုင်ငံအထက်ပါဝင်သော ခရီးစဉ်များ ဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ခရီးသွားလုပ်ငန်းနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး စသည့်လုပ်ငန်းစဉ်များပါဝင်သော မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း မဟာဗျူဟာအကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေး၍ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

မဟာမဲခေါင်ဒေသခွဲ နိုင်ငံများစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင် ခရီးသွားလုပ်ငန်းကို ဦးစားပေး အစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်၍ မဟာမဲခေါင်ဒေသခွဲအား တစ်ခုတည်းသော ခရီးသွားဒေသအဖြစ် ပေါ်ထွက်လာရေးကို ဦးတည်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစတင်သည့် ၁၉၉၁ ခုနှစ်ကပင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

သီဟကိုကို(မန္တလေး)

ငါးသိုင်းချောင်းမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ၅၁ ဒသမ ၆၅ ရာခိုင်နှုန်း မြင့်တက်

ငါးသိုင်းချောင်း၊ ဇွန် ၁၂

၂၀၁၄-ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ အ. ထ. ကမှ ဝင်ရောက်ဖြေဆိုသူစုစုပေါင်း ၃၀၆ ဦးရှိပြီး အောင်မြင်သူ ၁၅၅ ဦးရှိခဲ့ရာ အောင်မြင်သူများမှ ဘာသာစုံဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး တစ်ဘာသာဂုဏ်ထူးရှင် ၄၆ ဦး၊ စုစုပေါင်း ဂုဏ်ထူးရရှိသူ ၇၁ ဦး ပေါ်ထွက်ခဲ့ရာ အောင်ချက်ရာခိုင်နှုန်း ၅၁ ဒသမ ၆၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ငါးသိုင်းချောင်းမြို့ အထကမှာဒီနှစ်ကယခင်နှစ်များထက် အောင်ချက်နှုန်းအမြင့်ဆုံးဖြစ်ပြီး ဂုဏ်ထူးအများဆုံးရတဲ့နှစ်လည်းဖြစ်ပါတယ်။ ဒီအောင်မြင်မှုကိုလည်း ကျွန်တော်တို့ ဆက်လက်ကြိုးစား ထိန်းသိမ်း သွားမှာပါ" ဟု ကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်းက ပြောသည်။ **ရွှေသိမ်းအေး(ငါးသိုင်းချောင်း)**

မြောင်မြို့နယ် ညောင်ကားယားကျေးရွာတွင် မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးသည့် နောက်ကျနွေနှမ်းများ ဖြစ်ထွန်း အောင်မြင်

မိတ္ထီလာ၊ ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် မြောင်မြို့နယ် ညောင်ကားယားကျေးရွာတွင် ဧရာဝတီမြစ်ရေတင်၍ စိုက်ပျိုးသည့် နောက်ကျနွေနှမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

"ဒီဘက်က နွေနှမ်းစိုက်တာ နည်းနည်းနောက်ကျတယ်။ စိုက်ပျိုးရေကတော့ ဧရာဝတီမြစ်ရေကို ကိုယ်တိုင်ကိုယ်ကျ စက်နဲ့တင်ပြီး စိုက်ပျိုးတာမို့ ရာသီဥတုမရွေး ပူပင်စရာမလိုဘူး။ ညောင်ကားယား၊ ရွာပုလဲ၊ သရက်တော ကျေးရွာတွေဘက်မှာ နွေနှမ်းတွေ အများအပြား စိုက်ပျိုးတယ်။ စိုက်ပျိုးသလောက်လည်း အောင်မြင်ကြတယ်။ အထွက်နှုန်းကတော့ စိုက်ပျိုးတောင်သူရဲ့ ဂရုစိုက်ပေးမှုအပေါ် မှာမူတည်ပြီးတော့ကွာခြားသွားတယ်။ စိုက်ပျိုးရေကို လိုအပ်သလောက်ပဲအချိန်နဲ့ အခြေအပေါ် ကြည့်ပြီးပေးရတယ်။ ပြီးတော့ သီးနှံအတွက်လိုအပ်တဲ့ ဓာတ်မြေဩဇာနဲ့ ဆေးရည်ကို စနစ်တကျ ကျွေးပေးတတ်မှ သီးနှံက ပိုပြီးတော့ အထွက်နှုန်းကောင်းတာ။ နွေနှမ်းကို မြစ်ရေတင်စိုက်လို့ စိုက်ပျိုးရေ မပူရပေမယ့် အထွက်နှုန်းကောင်းဖို့အတွက် နည်းစနစ်တကျ ကျွမ်းကျွမ်းကျင်ကျင် စိုက်ပျိုးနိုင်တဲ့တောင်သူရဲ့ စိုက်ပျိုးသီးနှံက ပိုမိုထွက်ရှိတာဖြစ်ပါတယ်"ဟု ညောင်ကားယားကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ၎င်း၏စိုက်ပျိုးရေးအတွေ့အကြုံကို အခြေခံ၍ ပြောသည်။

ညောင်ကားယားကျေးရွာသည် မြောင်မြို့နယ်၏ အနောက်မြောက်ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် တည်ရှိပြီး မြစ်ရေတင်၍ နွေနှမ်းအပြင် မြေပဲ၊ ပြောင်း၊ ငရုတ်၊ ဂျုံစသည့် သီးနှံမျိုးစုံကို နွေ၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံး စိုက်ပျိုးကြကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ရေတာရှည်မြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွားပြီး မိနစ် ၃၀ အကြာတွင်ယာဉ်တိုက်မှုတစ်ခု ထပ်မံဖြစ်ပွား

ရေတာရှည်၊ ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့ တောင်ဘက်အထွက်တွင် ဇွန် ၁၀ ရက် ညနေ ၄ နာရီခန့်က မိုးရွာပြီးချိန်တွင် ယာဉ်မတော်တဆမှုနှစ်ခု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့မရဲစခန်းတွင် ရဲအုပ် ကျော်စိုးမိုး တာဝန်မှူးအဖြစ်ရှိနေစဉ် ရေတာရှည်မြို့တောင်ဘက် အထွက်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း မျိုးသိန်းထွန်း ၂၆ နှစ်၊ စိုင်ဝေါင်း (၂) ရပ်ကွက်၊ မြို့လှကျေးရွာအုပ်စု၊ ရေတာရှည်မြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဝင်းကိုကို ၂၇ နှစ်၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေသူ လိုက်ပါလာသော ၂၂ ဘီးယာဉ်သည် ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင်အမှတ် ၁၉၀/၅ နှင့် ၆ အကြားတွင် အရှိန်မထိန်းနိုင်ဘဲ စလစ်ဖြစ်ရာမှ မျက်နှာချင်း ဆိုင်ဘက်မှ ဆရာတော် ဉူးကဝိန္ဒ၊ မြပုမာကျောင်း၊ တပ်ကုန်းမြို့နယ်နေသူ မောင်းနှင်ပြီး ဦးတိက္ခသာရ၊ အင်းသာကျောင်း၊ တပ်ကုန်းမြို့နယ်နေသူ ဆရာတော်နှစ်ပါး စီးနှင်းလိုက်ပါလာသော ကားရီးနား၊ အနက်ရောင်၊ ယာဉ်အား တိုက်မိခဲ့၍ ဆရာတော် ဦးတိက္ခသာရတွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာ၊ နောက်ကျော နာကျင်ဒဏ်ရာ၊ ဝဲဘက်လက်စုပ်ပြဲဒဏ်ရာ၊ ဆရာတော် ဉူးကဝိန္ဒတွင် ယာဘက်ရင်ဘတ် အောင့်ဒဏ်ရာများ ရရှိခဲ့သည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်ပြီး ရေတာရှည်မြို့မရဲစခန်းကယာဉ်(ပ)၃၀/၂၀၁၄ ပြစ်မှုပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

အဆိုပါအမှုအား ရေတာရှည်မြို့နယ်၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စိုးစိုးဦး၊ ရေတာရှည်မြို့မရဲစခန်းမှ တာဝန်မှူးရဲအုပ် ကျော်စိုးမိုး ဦးစီးရဲတပ်ဖွဲ့ဝင်များက ယာဉ်ပိတ်ဆို့မှုမရှိစေရေးအတွက် ရှင်းလင်းဆောင်ရွက်နေစဉ် နာရီဝက်ခန့်အကြာတွင် အခင်းဖြစ်သည့်နေရာ၏ တောင်ဘက် ၁ ဖာလုံခန့်အကွာတွင် မြောက်မှတောင်သို့ ခင်ဇော်ဝင်း ၄၅ နှစ်၊ ရေတာရှည်အမှတ်(၆) သကြားစက်ဝင်းနေသူ မောင်းနှင်ပြီး ဇနီးဖြစ်သူ မမျိုးသူခင် ၄၂ နှစ် လိုက်ပါစီးနင်းလာသော ဖီကွန် ၁၁၀ ဆိုင်ကယ်သည် မိုင်တိုင် ၁၉၀/၄ နှင့် ၅ အကြား နွေနွေလွင် စားသောက်ဆိုင်မြောက်ဘက်အရောက်တွင် မျက်နှာချင်းဆိုင်ဘက်မှ ယဉ်မောင်း ကိုမိုးမိုး ၃၂ နှစ် မာလာလမ်း၊ မြစ်သားမြို့နေသူ မောင်းနှင်သည့် ၂၂ ဘီးယာဉ်မှ အရှိန်လွန်၍ ကားလမ်းအရှေ့ဘက်ရှိ သစ်ပင်များအား ဝင်တိုက်မိပြီးနောက် ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့သည်။

ဆိုင်ကယ်မောင်းနှင်သူ ကိုခင်ဇော်ဝင်းတွင် ဝဲဘက်ပုခုံးအဆစ်ပြုတ်၊ ယာလက်ပြင် ညိုမဲဒဏ်ရာများ ရရှိခဲ့ပြီး နောက်ခုံတွင်လိုက်ပါလာသည့် ဇနီးဖြစ်သူ မမျိုးသူခင်တွင် နဖူးပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သည်။

၎င်းယဉ်တိုက်မှုနှင့်ပတ်သတ်၍ ရေတာရှည်မြို့မရဲစခန်းက ယာဉ် (ပ) ၃၁/၂၀၁၄ပြစ်မှုပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ရန်ကုန်-မန္တလေး ကားလမ်းသည် နေ့စဉ်ယာဉ်အသွားအလာ အထူးပင် များပြားလျက်ရှိပြီး သွားလာသည့် ယာဉ်နှင့် ယာဉ်လမ်းအကျယ်ကို နှိုင်းယှဉ်ကြည့်ပါက ယာဉ်လမ်းအကျယ်မှာ ကျဉ်းမြောင်းလျက်ရှိရာ ယာဉ်လမ်းအကျယ်ကို ယခုလက်ရှိထက် ချဲ့ထွင်နိုင်ပါက ယာဉ်အသွားအလာ အခက်အခဲမရှိအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း လမ်းအသုံးပြုသူများက သုံးသပ်ပြောကြားသည်။

ကိုလွင်(ဆွာ)





ကျန်းမာရေးဆောင်းပါး

ကျောက်ဖရုံသီးတစ်လုံး ဆေးဖက်ဝင်အောင်သုံး

à cifef/(Def;ajr)

စာရေးသူတို့ငယ်စဉ်က အဘိုး၊ အဘွားများ၊ မိဘများကျောက်ဖရုံသီးနှင့် ကြက်သား၊ သို့မဟုတ် ကြက်ရိုးဟင်းကို မကြာခဏချက်ပြုတ်လေ့ရှိကြသည်။ ကလေးများကတော့ မကြိုက်ကြပေမယ့် အဘိုး၊ အဘွား၊ အဖေ၊ အမေတို့က သားတို့သမီးတို့ ကျောက်ဖရုံသီးက ဆေးဖက်ဝင်တယ်၊ အစာလည်းဆေး ဆေးလည်းအစာဆိုသလိုပဲ စားရင်းနဲ့ရောဂါတွေကို ကာကွယ်နိုင်တယ်။ အဘိုးတို့အဘွားတို့ မိဘတွေ လက်ထက်ကတိုင်းရင်းဆေးဖက်ဝင် ဟင်းတစ်ခွက်လို စားသုံးခဲ့ကြတယ်။

ကျောက်ဖရုံသီးရေစင်စင်ဆေး၊ အခွံနွှာ၊ အတုံးကလေးများတုံး၍ ရေစင်စင်ဆေးပြီး ငပိ၊ ကြက်သွန်ဖြူနီ၊ ဆီတစ်ပေါက်၊ နနွင်းမှုန့်ကောင်းကောင်း၊ ကြက်သားတို့ကို ရောနယ်ပြီးအရေသောက်၊ နယ်စားရသည့် ဟင်းတစ်ခွက်ချက်ပါ။ အနည်းငယ်အေးသည့်အချိန်တွင် မိသာစုထမင်းဝိုင်းလေးပြင်ဆင်ပြီး ကလေးရော၊ လူကြီးများပါ တစ်အိမ်လုံးထမင်းနည်းနည်းစား၍ ဟင်းများများအရေသောက်၊ အဖတ်စားနှင့် ရုံးအားရက်၊ ကျောင်းအားရက်များတွင် ဘိုးဘွားများနှင့်မိသားစုများ ဆေးဖြစ်ဝါးဖြစ် ရှေးလူကြီးများထုံးစံအတိုင်း နေထိုင်စားသောက်ကြသည်။

ယခုစာရေးသူအသက် ၄၀ ကျော် ဘိုးဘွားများအသက် ၉၀ ကျော်မှ ဆုံးပါးသွား၍ မည်သည့်ရောဂါမှ ထူးထူးထွေထွေ စွဲကပ်သွားခြင်းမရှိပါ။ ဆံပင်မဖြူ သွားမကျိုးဘဲ သက်ဆုံးတိုင် ကျန်းကျန်းမာမာနှင့် နေသွားကြသည်မှာ ကျောက်ဖရုံသီးတစ်လုံး ဆေးဖက်ဝင်အောင်သုံးခဲ့ကြလို့ ဖြစ်ပေလိမ့်မည်။ စာရေးသူလည်းအသက် ၄၀ ကျော်ပါပြီ။ ဘာရောဂါမှ ထူးထူးထွေထွေမရှိပါ။ တာဝန်ကျရာကျေးရွာ မြို့ရွာများတွင် မပင်မပန်းရွှင်ရွှင်လန်းလန်းနှင့် သွားနိုင်လာနိုင်နေခြင်းမှာ ကျောက်ဖရုံသီးဟင်းစားသုံးမှုကြောင့် ဖြစ်ပါသည်။ ကျောက်ဖရုံသီးသည် အပူ၊ အပုပ်ကိုနိုင်သည်။ ဆီးအတွက်အနေမခက်အောင်၊ ဆီး၊ ဝမ်း၊ သွေး၊ လေတို့ကို ထိန်းညှိပေးသည်။ ဆီးကျောက်တည်နေလျှင် ကျောက်ဖရုံယိုထိုးစားပါ။ ကျောက်ဖရုံသီးအခွံနွှာ၍ ထုထောင်းကာရရှိလာသော သတ္တုရည်ကို သကြားထမင်းစားဇွန်းနှစ်ဇွန်း၊ ဆားအနည်းငယ်ရော၍ ဖျော်သောက်ပါက ငွေကုန်ကြေးကျသက်သာစွာဖြင့် ဆီးကျောက်တည်ရောဂါပျောက်ကင်းစေပါသည်။ တချို့က ကျောက်ဖရုံသီးအညှာမှ ထိပ်လှပ်အူတိုင်ထုတ်၍ သကြားထည့်ကာ ထိပ်မှလှပ်ထားသောအခွံကို ပြန်ပိတ်၍အိမ်ခေါင်မိုးပေါ်တွင် နေလှမ်းကာ ရရှိလာသည့်

ကျောက်ဖရုံသီး၊ သကြားပေါင်းရည်အား သောက်သုံးခြင်းဖြင့် ဝမ်းအတွင်းကလီစာတွင် ရောဂါဖြစ်နေခြင်းကြောင့် မျက်နှာဖောရောင်ခြင်း၊ ကိုယ်ရောင်ရမ်းခြင်း၊ ခြေထောက်ရောင်ခြင်း၊ လက်ရောင်ခြင်း၊ ဝမ်းဗိုက်ဖောရောင်ခြင်းတို့ကို ပျောက်ကင်းချမ်းသာပါသည်။

အဝိစိတွင်းရေများသောက်သုံးခြင်းဖြင့် ကျောက်မှုန့်များပါလာ၍ လည်ပင်းကြီးရောဂါ၊ အဖုအကြိတ်ထွက်ခြင်းများ၊ ရေဖျင်း၊ သွေးဖျင်း၊ လေဖျင်းစသည်တို့ကိုလည်း သက်သာပျောက်ကင်းစေပါသည်။ လည်ပင်းကြီးရောဂါဖြစ်ပါက ကျောက်ဖရုံသီး ထုထောင်း၍ လက်ဖက်နှင့်ရောနယ်၊ ဆားအနည်းငယ်ထည့်ပြီး လည်ပင်းတစ်ဝိုက်ပတ်ထားပါက လည်ပင်းကြီးရောဂါနုစဉ်တွင် ကုသနိုင်ပါသည်။ ဆီးကျောက်လည်း ကျပါသည်။ တစ်နေရာနှင့် တစ်နေရာ တစ်ဒေသနှင့်တစ်ဒေသ နေထိုင်စားသောက်မှုများ မတူညီကြသည့်အတွက် ကျောက်ဖရုံသီးဟင်းခါတ်စာကို တချို့ဒေသများတွင် မသိကြပါ။ မစားသုံးကြပါ။ စားသုံးသူများကတော့ လည်ပင်းကြီးရောဂါ၊ ရေဖျင်းရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ကိုယ်ရောင်ကိုယ်ဖော၊ အဖုအကြိတ်များ ဝမ်းတွင်း အပူအပုပ်များရှိနေသဖြင့် အဖုအကြိတ်ပေါက်ခြင်း၊ အစာအိမ်လေနာခြင်း ကျောက်ကပ်မကောင်းသည့်ဝေဒနာများ မဖြစ်တော့ပါ။

ကျောက်ဖရုံသီးတစ်လုံး ဆေးဖက်ဝင်အောင်သုံးခြင်းကြောင့် မိမိ၏ အိမ်အနီး မြောင်းပုပ်နံ့၊ မကောင်းသောအနံ့များကိုလည်း စုပ်ယူထိန်းညှိနိုင်ကြောင်း၊ ကွမ်းချိုးချချင်သူများ၊ ထုံးများများစားမျိုမိသဖြင့် ကျောက်တည်ခြင်းဘေးမှ ကင်းဝေးစေရန် ကျောက်ဖရုံယို၊ ကျောက်ဖရုံသီးဟင်း၊ ကျောက်ဖရုံညွန့်၊ ကျောက်ဖရုံသီးစိမ်းရည်ကို သကြားနှင့် ဖျော်ရည်လုပ်ကာ ရေစစ်ဖြင့်စစ်သောက်ခြင်းဖြင့် ကိုယ်ရောင်ခြင်း၊ အပူနာများ၊ ဆီးကျောက်တည်ခြင်းရောဂါ၊ ရေဖျင်းရောဂါများကို ယူပစ်သလို ပျောက်ကင်းပါသည်။

မိမိ၏ခန္ဓာကိုယ်မှထွက်သော ချွေးနံ့များလည်း သက်သာစေသည်။ မျက်စိမှုန်ခြင်းများလည်း သက်သာစေသည်။ သွားကိုက်၊သွားနာ၊ သွားပြည်တည်နာဖြစ်နေသူများလည်း မိမိတို့ဒေသမှ ရရှိရာ ကျောက်ဖရုံသီးသတ္တုရည်၊ ကျောက်ဖရုံသီးဟင်းတို့ကို သောက်သုံးစေလိုပါသည်။ မိမိတို့၏ ပတ်ဝန်းကျင်တွင် အာဟာရဒါနအလှူလုပ်ပါက ထမင်းကျွေးဆိုလျှင် ဆေးဖက်ဝင် ကျောက်ဖရုံဟင်းချိုလေး ဒါနလုပ်ပေးပါ။

အစာလည်းဆေး ဆေးလည်းအစာဖြစ်သည့်အတွက် ဇီဝိတဒါန 'အသက်ရှည်ဆေး'၊ 'ရောဂါကာကွယ်ဆေး' တိုက်ကျွေးရာလည်း ရောက်ပါသည်။ အညာက အလှူပွဲများတွင် ကျောက်ဖရုံသီးနှင့် အမဲသား ရောနှောချက်ကာ တပျော်တပါးကြီး အလှူကြီးနေ့မတိုင်မီ ချက်ပြုတ်၍ အလှူအကြိုပွဲ ကျွေးမွေးဧည့်ခံကြသည်။ 'ဆီး' အနယ်များသူများ စားသုံးသင့်ပါသည်။

စာရေးသူ၏မိဘများလည်း ရောဂါထူးထူးထွေထွေမရှိပါ။ သက်တမ်းစေ့ ကျန်းကျန်းမာမာနေသွားကြရသည်။ ယခုစာရေးသူလည်း အသက် ၄၇ နှစ်ထိ ခေါင်းမကိုက်ဘူး၊ ဆေးရုံမတက်ဘူးခဲ့ပါ။ ယခုထက်တိုင် ကျောင်းသွား၊ ကျောင်းပြန် ၁၀ မိုင်ခရီးကို မမောမပန်း လမ်းလျှောက်နိုင်ပါသည်။ လက်တွေ့ ကျောက်ဖရုံသီးတစ်လုံး ဆေးဖက်ဝင်အောင်သုံးကြရင်းဖြင့် ကျန်းမာရေးအတွက်ကောင်းမွန်ပြီး ရောဂါဘေးမှ ကာကွယ်စေနိုင်ကြောင်းရေးသား တင်ပြလိုက်ရပါသည်။

ယခုလို မိုးရာသီမှာ ကျောက်ဖရုံစေ့ကို စိုက်ပျိုးပြီး သန့်ရှင်းလတ်ဆတ်သော အသီးများကို မိမိ၏ အိမ်ခြံဝင်းတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားခြင်းဖြင့် အပိုဝင်ငွေလည်းရ အိမ်နီးချင်းများကိုလည်း ဝေငှပေးနိုင်၊ မိမိတို့မိသားစုလည်း ကျန်းမာရေးကောင်းမွန်စေသော ကျောက်ဖရုံသီးကို အချိန်မရွေး ခူးဆွတ်၍ လိုသလိုအသုံးပြုခြင်းဖြင့် ကျောက်ဖရုံသီးတစ်လုံး ဆေးဖက်ဝင်အောင်သုံးနိုင်ကြပါစေ။

> **အိမ်ခြံဝင်းတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားခြင်းဖြင့် အပိုဝင်ငွေလည်းရ အိမ်နီးချင်းများကိုလည်း ဝေငှပေးနိုင်၊ မိမိတို့မိသားစုလည်း ကျန်းမာရေး ကောင်းမွန်စေသော ကျောက်ဖရုံသီးကို. . .**

စစ်ကိုင်းတိုင်းဒေသကြီး တိုင်းအဆင့်တွင် ရေဦးမြို့က ပထမနေရာ၌ဆက်လက်ရပ်တည်

ရေဦး၊ ဇွန် ၁၂

၂၀၁၄ ခုနှစ် မတ်လတွင် စစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၇ ရက် နံနက်ပိုင်းက နိုင်ငံတစ်ဝှမ်းရှိ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနအသီးသီးတွင် တစ်ချိန်တည်း ထုတ်ပြန်ကြေညာခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၏ အောင်ချက်ရာခိုင်နှုန်းမှာ ယခင်နှစ်ကထက် လျော့နည်းခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ စာစစ်ဌာန ငါးခုတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၂၃၅၈ ဦးအနက် ၁၁၃၇ ဦး အောင်မြင်ကြောင်းနှင့် အောင်ချက်မှာ ၄၈ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်း လျော့နည်းခဲ့သော်လည်း စစ်ကိုင်းတိုင်းဒေသကြီးတွင် မြို့နယ်အလိုက် ရေဦးမြို့က ပထမရရှိခဲ့ရာ သုံးနှစ်ဆက်တိုက် ပထမနှင့် အောင်ချက်အကောင်းဆုံးကျောင်းအဖြစ် အ. ထ. က (၂) မှရရှိကာ အောင်မြင်မှုမှတ်တမ်းကောင်းများ ဆက်လက်ထိန်းထားနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်က ဘာသာစုံဂုဏ်ထူးထွက်ရှိသူ ငါးဦးအထိရှိခဲ့သော်လည်း ယခုနှစ်တွင် ဘာသာစုံဂုဏ်ထူးရှင် တစ်ဦးသာ ပေါ်ထွက်ခဲ့သည်။ ထို့အတူ ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးထွက်ရှိမှုမှာ သိသိသာသာ လျော့နည်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၀ ရာခိုင်နှုန်းကျော် လျော့နည်းခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံး စာရင်းဇယားများအရ သိရသည်။

သန်းထိုက်(ရေဦး)

မန္တလေးမြို့ပေါ်တွင် ဖုန်းများလိုက်လံခိုးသူအား ဖုန်းခြောက်လုံးနှင့်အတူ ဖမ်းဆီးရမိ

မန္တလေး၊ ဇွန် ၁၂

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်ခင်ကိုကိုနှင့်အဖွဲ့သည် ဇွန် ၅ ရက် နံနက် ၉ နာရီက မဟာမုနိဘုရားကြီးပရဝဏ်အတွင်းခိုး၊ ဆိုး၊ နှိုက်သတင်း စုံစမ်းနေစဉ် အသက် ၁၄ နှစ်အရွယ် ချမ်းမင်းသူ ကွဲဆည်ကန်ကားကြီးကွင်း ပြည်ကြီးတံခွန်မြို့နယ်နေသူအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်မေးရာ ၎င်းသည် လွန်ခဲ့သောတစ်လခန့်က ချမ်းအေးသာစံမြို့နယ်၊ ၈၄ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ဈေးချိုမန်းမြန်မာပလာဇာအပေါ်ထပ်ရှိ ဂိမ်းဆိုင်မှ ခုံပေါ်တွင်တင်ထားသော SAMSUNG အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးအား ခိုးယူခဲ့ပြီး '၇၇၇' ခေတ်မီကစားကွင်းရှိ အိုင်စီထံတွင် ၁၅၀၀၀ ကျပ်ဖြင့် ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများ သိမ်းဆည်းပြီး အမှတ်(၆)နယ်မြေရဲစခန်း၌ (ပ)၂၈၁/၂၀၁၄ပြစ်မှုပုဒ်မ၃၈၀/၅၄ ဖြင့် အမှုဖွင့် ဖမ်းဆီးစစ်ဆေးခဲ့သည်။

အလားတူ ချမ်းမင်းသူသည် လွန်ခဲ့သောလေးရက်ခန့်က ချမ်းအေးသာစံမြို့နယ် ၈၄ လမ်း ၂၇ လမ်းနှင့် ၂၈ လမ်းကြား ဈေးချိုမန်းမြန်မာပလာဇာအပေါ်ထပ် ဂိမ်းဆိုင်တစ်ဆိုင်မှ ခုံပေါ်တွင်တင်ထားသော HUAWEI အမျိုးအစား လက်ကိုင်ဖုန်းနှစ်လုံးအား ခိုးယူခဲ့သဖြင့် အမှတ်(၆)နယ်မြေ ရဲစခန်းက (ပ)၂၈၂/၂၀၁၄ပြစ်မှုပုဒ်မ၃၈၀/၅၄ အရ လည်းကောင်း၊ လွန်ခဲ့သော ၅၊ ၆ ရက်ခန့်ကလည်း ဈေးချိုမန်းမြန်မာပလာဇာအပေါ်ထပ်ဂိမ်းဆိုင်တစ်ဆိုင်မှ ခုံပေါ်တွင်တင်ထားသော လက်ကိုင်ဖုန်းသုံးလုံးအား ရက်ခြားခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်၍ အမှတ်(၆)နယ်မြေရဲစခန်းက (ပ)၂၈၃/၂၈၄/၂၈၅/၂၈၆/၂၀၁၄ပြစ်မှုပုဒ်မ ၃၈၀/၅၄ အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

(M.A, Eng.) (Thesis) (UK)
English Composition Class

Expression of Interest(EOI)

အင်းစိန်မြို့နယ်အတွင်း ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန်၊ ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိုးဦးကာလများတွင် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဓာတ်အားခွဲရုံများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထို့ကြောင့် ရန်ကုန်မြောက်ပိုင်းခရိုင်၊ စည်ပင်သာယာရေး ပန်းဥယျာဉ်အားကစားကွင်းများဌာန စည်ပင်ဝန်ထမ်းများ၊ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကျော်နှင့် လျှပ်စစ်ဝန်ထမ်းများပူးပေါင်း၍ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်များ ကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှု အန္တရာယ်ကင်းဝေးစေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် ရည်ရွယ်၍ ဇွန် ၇၊ ၈ ရက်များတွင် နံနက် ၁၀ နာရီခွဲမှ စတင်၍ မွန်းလွဲ ၁ နာရီကျော်အထိ ရွာမလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ပေးပို့လျက်ရှိသော 33 KY RIR 4 ဖီဒါ၊ 6.6 KV BOM ဖီဒါနှင့် မလွတ်ကင်းသော လှိုင်မြစ်ကမ်းတစ်လျှောက်နှင့် ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲ/ယာများရှိ ဓာတ်ကြိုးကြိုးများနှင့်မလွတ်ကင်းသော သစ်ပင်ကြီးများ၏ အကိုင်းအခတ်အလက်များကို ခုတ်ထွင်ရှင်းလင်းဖယ်ရှားခြင်း၊ လျှပ်စစ်မီးကြိုးကြိုးများ သွယ်တန်းထားသည့် ကြေ့သီးများအား အသစ်လဲလှယ်ခြင်း၊ ပိုက်များစွပ်ခြင်းကို အဆင့်မြင့်တင် ပြုလုပ်ခဲ့ကြသည်။

လုပ်ငန်းများဆောင်ရွက်သည့်နေရာများသို့ မြောက်ပိုင်းခရိုင်စည်ပင်သာယာပန်းဥယျာဉ်အားကစားကွင်းဌာနမှူးနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူးတို့မှ လိုက်လံကြည့်ရှုကြသည်။ **(မင်္ဂ)**

မြင်းမူမြို့နယ် ကန်ဖျားဒေသတွင် မွေးမြူရေးအထောက်အကူပြုသင်တန်း ဖွင့်လှစ်

မြင်းမူ၊ ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ မြင်းမူမြို့နယ် ကန်ဖျားကျေးရွာ ခရီးစဉ်လမ်းညွှန်ချက်အရ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးနည်းပညာ ဗဟုသုတများရရှိစေရန် မွေးမြူရေးအထောက်အကူပြုသင်တန်းကို ဇွန် ၉ ရက်တွင် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကန်ဖျားကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ဖွင့်လှစ်ရာ နွားမွေးမြူရေးလုပ်ငန်း စိတ်ဝင်စားသူများ ၅၃ ဦး တက်ရောက်ခဲ့ကြပြီး စစ်ကိုင်းခရိုင် မွေး/ကုဦးစီးမှူး ဒေါက်တာဝင်းဝင်းမောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးဌာန ဒေါက်တာမြင့်မြင့်ဌေးနှင့် ဝန်ထမ်းများက မွေးမြူရေးနည်းပညာများ သင်ကြားပို့ချခဲ့သည်။ သင်တန်းပြီးဆုံးသည့်နေ့တွင် နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန်၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရန် ကျွဲ၊ နွား ဒေါင့်သန်းရောဂါနှင့် ပေါင်ပုပ်၊ လက်ပုပ်ရောဂါကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးခဲ့ရာ စုစုပေါင်း နွားအကောင် ၄၅၀ ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်ရှိ ဆေးဆိုင်တစ်ဆိုင်တွင် တားမြစ်ဆေးဝါးများ ဖမ်းဆီးရမိ

ရန်ကုန်၊ ဇွန် ၁၂

ဇွန် ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မူးယစ်တပ်ဖွဲ့စု(၄၂) ရဲအုပ်ဝင်းနိုင်နှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက်ရှိ ဆေးဆိုင်တစ်ဆိုင်တွင် မူးယစ်ဆေးဝါးသတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ရှင်တင်ထွန်းကိုတွေ့ရပြီး ၎င်းဆိုင်အတွင်းမှ တားမြစ်ဆေးဝါးဖြစ်သည့် သခွားမွှေး ချောင်းဆိုးပျောက်ဆေး ၄၇၅ ပြားကို ကော်ဘူးသုံးဘူးဖြင့် ထည့်ထားသည်ကို တွေ့ရသဖြင့် အရေးယူပေးရန်တိုင်ကြားခဲ့သည်။ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက (ပ)၃၆၆/၁၄ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၈ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(၃၁)**

တွံတေးမြို့နယ်တွင် အိမ်ရှေ့၌ထားရှိသော ကျွဲတစ်ကောင် ပျောက်ဆုံး

တွံတေး၊ ဇွန် ၁၂

ဇွန် ၆ ရက်တွင် တွံတေးမြို့နယ် မြရိုးကျေးရွာနေ ဦးဖိုးကုလား (ခ) ဦးခင်ညွန့်က သက်ဆိုင်ရာသို့တိုင်ကြားခဲ့ရာ တွင် ဇွန် ၂ ရက် နံနက် ၅ နာရီခွဲက အိပ်ရာမှ နိုးစဉ် နေအိမ်အရှေ့ဘက် ပေ ၃၀၀ ခန့်အကွာတွင်ထားရှိသော ကျွဲ သုံးကောင်အနက် ကာလတန်ဖိုး ခြောက်သိန်းခန့်ရှိ အသက်ခုနစ်နှစ်ခန့် ကျွဲမတစ်ကောင်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရ၍ လိုက်လံရှာဖွေခဲ့ကြောင်း၊ ထိုသို့ရှာဖွေခဲ့ရာ မြရိုးကျေးရွာထိပ် လှိုင်သာယာ-မအူပင် ကားလမ်းဘေးရှိ ချုံအတွင်း၌ ပျောက်ဆုံးသွားသော ကျွဲမ၏ ဦးခေါင်း၊ ခြေထောက်များနှင့် အူများအားတွေ့ရှိသဖြင့် လိုက်လံစုံစမ်းနေခဲ့ရာမှ ဇွန် ၆ ရက်တွင် တွံတေးမြို့မရဲစခန်းသို့လာရောက်၍ ကျူးလွန်သူကို စုံစမ်းအရေးယူပေးပါရန် တိုင်ကြားခဲ့သည်။ တွံတေးမြို့မရဲစခန်းက (ပ)၂၂၅/၁၄ဖြင့် ပြစ်မှုပုဒ်မ ၄၉၂ အရ အမှုဖွင့်စုံစမ်းလျက်ရှိသည်။ **(၃၁)**

ဝက်လက်မြို့နယ် ရဲတပ်ဖွဲ့ဝင်မိသားစုများရှိ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ပေးအပ်

ဝက်လက်၊ ဇွန် ၁၂

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ရဲတပ်ဖွဲ့များ၏ ဝန်ထမ်းမိသားစုဝင်များအား ၂၀၁၄-၁၅ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့်စာရေးကိရိယာများပေးအပ်ခြင်းကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံတော်က အခြေခံပညာမူလတန်းနှင့်အလယ်တန်းကျောင်းပညာသင်ကြားခြင်းကို အခမဲ့ပညာသင်ရေးစနစ်ဖြင့် သင်ကြားခွင့်ရှိအောင် ဆောင်ရွက်ပေးသကဲ့သို့ တစ်ဖက်မှလည်း မိမိတို့ဌာနတွင်တာဝန်ထမ်းဆောင်နေရသည့် ဝန်ထမ်းသားသမီးများကိုလည်း ဌာနအနေနဲ့တတ်နိုင်သရွေ့ ယခုကဲ့သို့ ပညာသင်ထောက်ပံ့စရိတ်နှင့် စာရေးကိရိယာများကို ပေးအပ်ခဲ့သည့်အတွက် ကျောင်းသားများအနေဖြင့် ပညာသင်ကြားရေးတွင် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်က ပညာသင်စရိတ်ထောက်ပံ့ပွဲတွင် ပြောကြားခဲ့သည်။

ထို့နောက် ဝက်လက်မြို့နယ်အတွင်း စခန်းနယ်မြေအလိုက် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူ မူလတန်း ၂၀ ဦး၊ အလယ်တန်း ၁၀ ဦး၊ အထက်တန်း ကိုးဦးတို့အား ပညာသင်စရိတ် ထောက်ပံ့ရာ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ထက်/လယ်/မူ ကျောင်းသား/သူ ၃၉ ဦးအတွက် ငွေကျပ် ၇၈၀၀၀ နှင့် ကျောင်းသုံးဗလာစာအုပ် ၂၄ ဒါဇင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ၄၅ ဦး အတွက် ငွေကျပ် ၉၃၅၀၀ ကျပ်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **နန်းမြင့်**

ဆရာကျော်

Ph:09-512-1284, 09-420-707802

ကမ်းနားလမ်းမြေထိန်းနံရံအား သက်ဆိုင်ရာမှ ထိန်းသိမ်းပေးစေလို

မြင်းမူ၊ ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အရှေ့ပိုင်းရပ်ကွက်အတွင်းရှိ ဧရာဝတီမြစ်ဆိပ်ကမ်းနားလမ်း စီမံကိန်း ကျောက်ရိုးစီမြေထိန်း နံရံမှာ ကျောက်များအပြင်သို့ ပွင့်အံထွက်နေပြီး ကမ်းနဖူးရှိသက်တမ်းရင့် သစ်ပင်ကြီးများ၏သစ်မြစ်နှင့် ပင်စည်ကြီးများကြောင့် ကျောက်ရိုးစီ မြေထိန်းနံရံများ အက်ကွဲလာကာ ကမ်းနားလမ်း ကတ္တရာလမ်းပါ ဖောင်းကြွပျက်စီးလာကြောင်း သိရသည်။

မြစ်ကမ်းဘေးရှိ သစ်ပင်ကြီးများ အနက် ထိုသို့ကမ်းနားလမ်းနှင့်မြေထိန်းနံရံကြီးများကို ထိခိုက်ပျက်စီးစေသည့် သစ်ပင်ကြီးများနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးသွားရန် မြို့နယ် ပြည်သူလူထုမှ လိုလားလျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့ အရှေ့ပိုင်းရပ်ကွက်အတွင်း ဧရာဝတီမြစ်ဆိပ် ကမ်းနားလမ်းရှိ စီမံကိန်းကျောက်ရိုးစီ မြေထိန်းနံရံအား တွေ့ရစဉ်။

ယင်းကျောက်ရိုးစီမြေထိန်းနံရံမှာ လွန်ခဲ့သည့် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်ခန့်က ဖြစ်ပေါ်ကြုံတွေ့ခဲ့သည့် မြစ်ရေတိုးမှုမျိုး ယခုလို ထပ်မံကြုံတွေ့ရမည် ဆိုပါက မြေထိန်းနံရံများ ပျက်စီးပြိုကျနိုင်ကြောင်း ကမ်းနားလမ်းတွင်နေထိုင်သည့် ဒေသခံ တစ်ဦးက ပြောသည်။

ကိုကိုနိုင်

မော်လူးမြို့တွင် နံနက်ပိုင်းစာသင်ချိန် ပြောင်း၍ စက်ဘီးဆိုင်များပိုမိုဝယ်ယူမှုများလာ

မော်လူး၊ ဇွန် ၁၂

မော်လူးမြို့တွင် နေပူချိန်မြင့်မားမှုကြောင့် ယင်းမြို့တွင်းရှိ ကျောင်းများအား နံနက်ပိုင်းသာ သင်ကြားခွင့်ပြုလိုက်ရာ ရပ်ဝေးမှ ကျောင်းသားများမှ ကျောင်းချိန်မှီရေးအတွက် စက်ဘီးများ ဝယ်ယူလာခြင်းကြောင့် အင်းတော်မြို့နယ် မော်လူးမြို့ပေါ်ရှိ စက်ဘီးအရောင်းဆိုင်များစက်ဘီး ရောင်းအားမြင့်လျက်ရှိကြောင်း သိရသည်။

ယင်းမြို့နယ်တွင်နေ့အပူချိန်မြင့်မားမှုကြောင့်ဇွန် ၉ ရက်မှ စတင်ကာ ထက်၊ လယ်၊ မူကျောင်းများအားလုံး နံနက် ၆ နာရီမှ ၁၁ နာရီထိ စာသင်ချိန် ၅ နာရီကို နံနက်ပိုင်းသင်ကြားပြီး ညနေပိုင်း ကျောင်းအနားပေးလိုက်ခြင်းကြောင့် စာသင်ကျောင်းနှင့်နီးသော ရပ်ကွက်ကျေးရွာများရှိ ကျောင်းသား၊ ကျောင်းသူများမှာ စာသင်ချိန်အမီ သွားလာရေးအပမ်းမကြီးသော်လည်း ရပ်ဝေးကျေးရွာများမှ တက်ရောက်ကြသော ကျောင်းသား ကျောင်းသူများမှာ စာသင်ချိန်အမီခက်ခဲမှု ရှိလာကြသည်။

"ရွာက အချို့မိဘတွေက သူတို့ကလေးတွေအတွက် သုံးဘီးယာဉ်တွေကို စပါးပေးစနစ်နဲ့ နှစ်ပြတ်အကြိုအပို့ပြုလုပ်ကြတာရှိသလို တစ်ချို့မိဘတွေကလည်း မရှိတာရှိတာ အပထားပြီး ကလေးတွေကျောင်းချိန်မီရေးအတွက် စက်ဘီးတစ်စီး ငါးသောင်းကျော်ခြောက်သောင်းပေးဝယ်ကြတယ်။ မော်လူးမြို့ပေါ်က စက်ဘီးအရောင်းဆိုင်တွေမှာ စက်ဘီးတွေ ရောင်းအားတတ်လာတယ်"ဟု ယင်းဒေသခံတစ်ဦးက ပြောသည်။မော်လူးအထက်တန်းကျောင်းသို့ သုံးမိုင်၊ လေးမိုင် ခန့်ဝေးသည့် ကျေးရွာများမှ ကျောင်းတက်သည့် ကျောင်းသား ၃၀၀ ခန့်ရှိကြောင်းသိရသည်။

ညိုမြင့်ထက်(မြန်မာစာ)

မြင်းခြံ၊ တောင်သာမြို့နယ်များရှိ ကြက်သွန်နီစိုက်ပျိုးသောတောင်သူများအား စိုက်ပျိုးစရိတ်ရရှိအောင် ဆောင်ရွက်ပေးမည်

မြင်းခြံ၊ ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံမြို့နယ်နှင့် တောင်သာမြို့နယ်တို့သည် ကြက်သွန်နီစိုက်ပျိုးသော တောင်သူများ အများအပြားရှိသောမြို့နယ်များဖြစ်ရာ ၎င်းမြို့နယ်များရှိ ကြက်သွန်နီစိုက်ပျိုးသော တောင်သူများကို နိုင်ငံတော်မှ စီမံကိန်းဝင်သီးနှံများမဟုတ်သဖြင့် စိုက်ပျိုးစရိတ်ကို ထုတ်ချေးပေးခြင်းမရှိခဲ့ကြောင်း သိရသည်။

သို့သော် ယခုအခါ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီနှင့် တွေ့ဆုံပွဲတွင် တောင်သူလယ်သမားကိုယ်စားလှယ်တစ်ဦးက ကြက်သွန်နီစိုက် တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်များအား ပြင်ပမှ အတိုးနှုန်းကြီးစွာ ချေးယူလုပ်ကိုင်နေရသဖြင့် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူရရှိနိုင်ရေး တင်ပြဆွေးနွေးခဲ့သည်။

ထိုသို့အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီနှင့် တွေ့ဆုံပွဲတွင် တောင်သူလယ်သမားကိုယ်စားလှယ်တစ်ဦး၏ဆွေးနွေးမှုကြောင့်ဆပ်ကော်မတီအဖွဲ့ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီး ဌာနမှ တာဝန်ယူ၍ ထုတ်ချေးပေးသွားရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကြက်သွန်နီစိုက်တောင်သူများအား သမဝါယမဦးစီးဌာနမှ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးသွားမည်ကို သိရသဖြင့် ကြက်သွန်စိုက်တောင်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

ဦးဇော်မင်းနိုင်(မြင်းခြံ)

ရန်ကုန်မြစ်အတွင်းပြေးဆွဲသည့် စက်တပ်သမ္ဗန်များ မိုးသည်းချိန်တွင် ထွက်ခွာခြင်းမပြုရန် တားမြစ်

ရန်ကုန်၊ ဇွန် ၁၂

ရန်ကုန်မြစ်အတွင်းရှိပြေးဆွဲနေသော စက်တပ်သမ္ဗန်ယာဉ်များအား သက်ဆိုင်ရာဂိတ်တာဝန်ရှိသူများက ခရီးသည်များ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် မိုးသည်းထန်စွာရွာသွန်းချိန်နှင့် လေပြင်းတိုက်ခတ်နေချိန်များတွင် ထွက်ခွာခြင်းမပြုလုပ်ရန် အသိပေးတားမြစ်ထားကြောင်း ဒလမြို့ ကမာအောင် စက်တပ်သမ္ဗန်ယာဉ်အဖွဲ့၏ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

"မိုးအရမ်းရွာတဲ့အခါ ခရီးသည်တွေ အန္တရာယ်မဖြစ်စေဖို့အတွက် သမ္ဗန်တွေကို မထွက်ခိုင်းဘဲ ရပ်ခိုင်းထားပါတယ်။ ယာဉ်မောင်းတွေကိုလည်းစည်းကမ်းချက်အတိုင်းမောင်းနှင်ဖို့ မှာထားသလိုမနက်တိုင်းလည်း ကြီးကြပ်အဖွဲ့တွေကလိုက်လံစစ်ဆေးပေးနေပါတယ်" ဟုဒလမြို့၊ကမာအောင်စက်တပ်သမ္ဗန်ယာဉ်အဖွဲ့ဥက္ကဋ္ဌ ဦးတင်နီက ပြောသည်။

မိုးရာသီကာလအတွင်း ခရီးသည်များ လုံခြုံမှုရှိစေရန်အတွက် စက်တပ်သမ္ဗန်ယာဉ်များတွင် ယာဉ်မောင်းသူအပါအဝင် ခရီးသည် ၁၀ ဦးအတွက် အသက်ကယ်အင်္ကျီ ၁၁ ထည်ထားရှိရန်၊ သမ္ဗန်ဘေးလိုက်ကြိုးများပြုလုပ်ရန် နံနက် ၆ နာရီနှင့် ညနေ ၆ နာရီ ယာဉ်ထွက်ခွာချိန်များတွင် အချက်ပြမီးထွန်း၍ ထွက်ခွာရန်စစ်ဆေးလျက်ရှိပြီး ဒလမြို့ရှိ သမ္ဗန်ဂိတ်နှင့်ရန်ကုန်မြို့ရှိဂိတ်များတွင် လက်ကိုင်စက ၁ုပြောစက်များ ကိုင်ဆောင်ထားသည့် အစောင့်များဖြင့် အရေးပေါ်အခြေအနေဖြစ်လာခဲ့ပါကကူညီနိုင်ရန် ပြင်ဆင်ထားကြောင်းလည်း သိရသည်။

ယခုရက်ပိုင်းအတွင်းတွင်လည်း ဗိုလ်တထောင်ဆိပ်ကမ်း သမ္မတသမ္ဗန်ကူးတို့ဆိပ်အနီးတွင် မြစ်အတွင်း ကြိုးကျနေသည်ကို ယာဉ်မောင်းမှ သတိမမူဘဲ ဖြတ်မောင်းမှုကြောင့် သမ္ဗန်တိမ်းမှောက်ခဲ့သဖြင့် သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း လိုက်နာရန်လိုအပ်ကြောင်း သိရသည်။

"မိုးတွင်းကာလဆိုတော့ အသက်ကယ်အင်္ကျီတွေကို မဝတ်လို့မရပါဘူး။ ကျွန်တော်တို့ကလည်း သန့်ရှင်းအောင်ထားပါတယ်။ နွေမှာခရီးသည်တွေက အင်္ကျီတွေကိုမကိုင်ကြပေမယ့် မိုးရာသီမှာတော့ အသက်အန္တရာယ် မဖြစ်အောင် ကိုင်စီးလာကြပါတယ်။ ကြီးကြပ်ရေးအဖွဲ့ကလည်းခရီးသည်တွေကိုလိုက်ရှင်းပြပေးပါတယ်"ဟု ကမာအောင် စက်တပ်သမ္ဗန်များအသင်းဥက္ကဋ္ဌ ဦးတင်နီကပြောသည်။

လက်ရှိရန်ကုန်ဆိပ်ကမ်းဘက်မှ ဒလဆိပ်ကမ်းဘက်သို့ နေ့စဉ်ပြေးဆွဲပေးနေသော သမ္ဗန်ဆိပ် ၁၀ ခုရှိပြီး ကမာအောင်သမ္ဗန်ဆိပ်တွင် စက်တပ်သမ္ဗန်ယာဉ် ၁၈၀ စီးဖြင့် နေ့စဉ် ခရီးသည်တစ်သောင်းကျော်အား ပန်းဆိုးတန်းနှင့်ဒလ သမ္ဗန်ဆိပ်များသို့ လွန်းပျံပြေးဆွဲပေးနေကြောင်း သိရသည်။

စိုးအောင်ဖေ

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မောင်ဖြိုးပိုင်ထွဋ် ခုံအမှတ်- ဆတဉ ၅၃၄သည် (OIAC) ကိုယ်ပိုင်အထက်တန်းကျောင်းမှ (၄)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဘွားဘွား - ဒေါ်ညွန့်ကြည်
ဖေဖေနှင့်မေမေ - ဦးလှထွဋ်အေး၊ ဒေါ်အေးအေးသန့်
ဒေါ်လေးနှင့်ဦးလေးများ - ဦးအောင်ပြည့်စုံ၊ ဒေါ်ခင်ခင်ဝင်း
ဦးငွေထွန်း၊ ဒေါ်မေခင်
ဦးမျိုးမင်းထွန်း၊ ဒေါ်ကြည်ကြည်သန်း
ဦးမိုးဟိန်း၊ ဒေါ်သီသီဇော်

မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း
အာစရိယပူဇော်ပွဲနှင့်ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးဆရာကြီး၊ ဆရာမကြီးများ၊ သက်ကြီးကျောင်းသား၊ ကျောင်းသူဟောင်းကြီးများအား ပူဇော်ကန်တော့ရန် (၃၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ (ဝါဆိုလပြည့်နေ့) နံနက် ၉နာရီ အချိန်တွင် အသင်းတိုက်တည်ရှိရာ အမှတ်(၆၈)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အထက (၂)ဒဂုံ၊ အထက(၃)ဒဂုံကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့မှ မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့(၂၀၁၂-၂၀၁၄)
မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း၊ ဖုန်း-၀၁-၂၅၀၁၅၃၊ ၀၉-၇၃၀၁၁၇၀၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂၁)၊ မြေကွက်အမှတ် (၇၅၃)၊ မြေကွက်တည်နေရာအမှတ် (၇၅၃)၊ ၁၂၁ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးမောင်ငွေ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးမောင်ငွေ [၁၂/မဘန(နိုင်)၀၁၇၀၉၆]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၈/ရွှေပေါက်ကံစက်မှုဇုန်)၊ မြေကွက်အမှတ်(၂၀၀)၊ မြေကွက်တည်နေရာအမှတ် (၂၀၀)၊ ၁၈/ရွှေပေါက်ကံစက်မှုဇုန် ဦးလှမောင်[၁၂/လမန(နိုင်)၀၅၃၄၁၀]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးလှမောင် ကွယ်လွန်သဖြင့် ဒေါ်တင်လေး[၁၂/လမန(နိုင်)၀၅၃၄၀၈]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၂/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-028(14-15)	Cement Additives(4) Items	US$
(၂)	IFB-029(14-15)	Mud Logging Unit(1)Lot	US$
(၃)	IFB-030(14-15)	Spare Parts for 1.1 MW KG-2 Kongsberg Gas Turbine (25) Items	US$
(၄)	IFB-031(14-15)	Materials for Cathodic Protection System (2) Items	US$
(၅)	IFB-032(14-15)	Electrical Spares for ZJ50D Drilling Rigs (18) Items	US$
(၆)	IFB-033(14-15)	7"Liner Hanger and Accessories (10) Items	US$
(၇)	IFB-034(14-15)	4"Steel Line Pipes (6,000) MTR & Assorted Sizes of Gate Valves	US$
(၈)	IFB-035(14-15)	Assorted Sizes of Hose Pipes (12) Items	US$
(၉)	IFB-036(14-15)	Pump Spares (12) Items	US$
(၁၀)	IFB-037(14-15)	Spares for Cementing Units (1)Lot	US$
(၁၁)	IFB-038(14-15)	Industrial Raw Materials (24)Items	US$
(၁၂)	IFB-039(14-15)	Spares for Perkins Engine Ex435TC P&H Crane (31)Items	US$
(၁၃)	IFB-040(14-15)	Spares for Nissan RD8 Engine Ex 435 TC P&H Mobile Crane (35)Items	US$
(၁၄)	IFB-041(14-15)	Spares for Komatsu Dozer (D 155A-1) (7)Items	US$
(၁၅)	IFB-042(14-15)	Spares for Mitsubishi 6D B10C-K Engine Ex P&H Crawler Crane (24)Items	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၇-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)**လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

ပညာရွှေ အဆင့်မြင့်ကောလိပ်
Repeater
Repeater
Ph : 09 5055412, 09 73126466, 09 73041625

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၃)၊ မြေကွက်အမှတ်(၂၃၉၄)၊ အမည်ပေါက် ဦးစံမာ[၈/ရနခ(နိုင်)၀၆၆၁၇၂]သည် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင် အမည်ပေါက် ပိုင်ဆိုင်ပြီး ၎င်းထံမှအဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိတရားဝင်ပိုင်ဆိုင်လျက်ရှိသူ ဦးသူရဝင်း [၁၂/သကတ(နိုင်)၁၅၄၇၂၅]ထံမှ ကျွန်ုပ်ဒေါ်ဝေဝေလွင်[၁၂/လကန (နိုင်)၁၂၈၀၉၇]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝေဝေလွင်[၁၂/လကန(နိုင်)၁၂၈၀၉၇]
ဖုန်း-၀၉-၃၁၃၁၇၄၉၆၊ ၀၉-၄၂၀၂၂၈၇၀၁

edexcel
MIC
Myanmar Imperial College

ပညာရေးဆွေးနွေးပွဲ
နေ့ရက် : 14-June-2014
အချိန် : 1:00 PM - 3:00 PM
နေရာ : MIC Inya Campus

- Pre-University Course (၂)လ ... MIC
- (UK) ... Diploma in Business, Diploma in Advertising & Branding, Diploma in Hospitality & Tourism Management, Bachelor of Business နှင့် MBA များအကြောင်း

09 732 10001 / 01 537562

အထူးကျေးဇူးတင်ရှိခြင်း
ဦးခင်ဝင်း (၇၅)နှစ်
မူလတန်းကျောင်းအုပ်ကြီး (ငြိမ်း)သာကေတ

၁၀-၅-၂၀၁၄တွင် ကွယ်လွန်သွားခဲ့သော ဦးခင်ဝင်း၏စျာပနတွင် ကူညီဆောင်ရွက်ပေးကြသော အလွန်အားကိုးရသည့် ဆွေမျိုးအရင်းများ၊ မိသားစုသဖွယ်ရင်းနှီးသော မိတ်သင်္ဂဟများ၊ နွယ်နီ(၄)လမ်းမှ ပရဟိတအကျိုးဆောင်အဖွဲ့နှင့် လမ်းမိသားစုများ၊ ၁၀/တောင်ရပ်မိရပ်ဖဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Hisham Koh & Associates မှ Chairman နှင့် ဝန်ထမ်းများ၊ Myanmar THAMES International မှ Country Manager ဦးခင်မောင်မြင့်နှင့်ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ/ဆရာမများ၊ မကျန်းမာစဉ်အတွင်း ကူညီပေးကြသော သာကေတမြို့နယ်၊ ၇-ရပ်ကွက်မှ ဇီဝိတဒါန O_2 အောက်စီဂျင်အဖွဲ့၊ လူကိုယ်တိုင်လာရောက် အားပေးနှစ်သိမ့်ကြသော မိတ်ဆွေသူငယ်ချင်းများ၊ တယ်လီဖုန်း၊ Email,Internet တို့မှတစ်ဆင့် နှစ်သိမ့်အားပေးစကား ပြောကြားပေးကြသော မိတ်ဆွေသူငယ်ချင်းများနှင့်အတူ ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူဇနီးနှင့်သမီး

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးကျော်စွာဦး
အသက်(၄၇)နှစ်

၁၃-၅-၂၀၁၄ ရက်တွင် ကွယ်လွန်ခဲ့သည်မှာ တစ်လပြည့်ခဲ့ပါပြီ။ သားကြီးအတွက်ရည်စူး၍ စာသင်တိုက်များနှင့် ဓမ္မရိပ်သာများမှာ ပစ္စည်းလေးပါး သာသနာပြုလှူဒါန်းခြင်းနှင့် သားကြီး၏စစ်မှန်သော လစာဝင်ငွေနဲ့ မေတ္တာရောင်ခြည်ဦး မိုးကုတ်ဓမ္မရိပ်သာဝမ်းတွင်းမြို့နယ် ဇရပ်တစ်ဆောင်၏ အမိုးမိုးရန် လှူဒါန်းမှုအစုစုပြုဆဲ ကုသိုလ်များသည် သားကြီးမြတ်သော အဓိဋ္ဌာန်ဖြစ်သည့် ရဟန်းဘဝ ပြည့်ဝပါစေရန်နှင့် ပြုသမျှကုသိုလ်အဖို့ဘာဂကို သားကြီး မြင်နိုင် ကြားနိုင် သိနိုင်ပြီး သာဓုခေါ် ဆိုနိုင်ပါစေ-

အဖေ - ဦးမြဦး
အမေ - ဒေါ်ခင်စီနှင့်ညီ၊ ညီမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း) အသက်(၈၄)နှစ်
BC-6299 (ကြည်း-၆၂၉၉) ဗိုလ်သင်တန်းအမှတ်စဉ်(၇)
နာယက၊ကုက္ကိုင်းရေကူးအသင်း

(ဦးဖိုးသာ-ဒေါ်သိမ်း)တို့၏သား၊ (ဦးအေးကြည်-ဒေါ်စု)တို့၏သားသမက်၊ (ဦးခင်မြင့်-ဒေါ်တင်မြိုင်)၊(သူရဦးစိန်သောင်း)တို့၏ညီ၊ ဦးစိုးသိန်း-ဒေါ်ခင်နှင်းရီတို့၏ အစ်ကို၊ အမှတ်(၄၂)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်ကြည်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးသက်လွင်-ဒေါက်တာမူယာစိုး၊ ဒေါ်ဖြူဖြူလွင်-Captainအောင်မြင့်၊ (ဦးဝင်းလွင်)-ဒေါ်ခင်မာသက်(ခ)Bernadine၊ ဦးဝေလွင်-ဒေါက်တာဝင်းမင်းသစ်၊ ဒေါ်သီတာလွင်-ဦးသိန်းဝင်းတို့၏ ကျေးဇူးရှင် မွေးသဖခင်၊ ကိုလင်းလွင်-မတင်မိုးအေး၊ (ကိုသက်ဝင်းလွင်(ခ)Bopi)၊ ကိုအောင်ခိုင်လွင်၊ မဝေသစ်လွင်-ကိုဇော်လတ်၊ မနှင်းဝင်းလွင်၊ မခိုင်သစ်လွင်၊ ဒေါက်တာ အေးအေးအောင်(ခ)အိဖြူလွင်၊ မခင်ချမ်းမြေ့စိုးလွင်၊ မသဥ္ဇာအောင်(ခ)လုံးလုံး၊ မောင်နေဝင်းလွင်(ခ) ချန်းချန်း၊ မဆောင်းဝင်းလွင်၊ မလဝင်းလွင်တို့၏အဘိုး၊ မမေမိုးသက်၊ မဇော်သစ်လွင်၊ မသစ်ဇော်လွင်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၆-၂၀၁၄(တနင်္လာနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၆-၂၀၁၄(စနေနေ့)နံနက် ၇နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ်-၁၇၆၊ မြေကွက်တည်နေရာအမှတ်(၅၄)၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်(ဦးတင်လှိုင်) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်လှိုင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ထွန်းရွှေ[၁၂/ဒပန(နိုင်)၀၂၇၄၄၄]မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူပျောက်



ဦးထွန်းသိန်း၏သမီးဖြစ်သူ မရွှေဇင်ဦး အသက်(၁၇)နှစ်သည် ၇-၆-၂၀၁၄ ရက်တွင် အမှတ်(၃၆)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်မှ နံနက် ၇း၁၅ နာရီတွင် မုန့်ဝယ်သွားစဉ် ပြန်မလာပါသဖြင့် တွေ့ရှိသူများ သတင်းပို့ပေးပါရန် ကျေးဇူးဆပ်ပါမည်။ အကယ်၍ လက်ခံထားရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားပါမည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်
09-421006720
09-5002637
09-73084229

ဝမ်းနည်းကြေကွဲခြင်း
ဦးသောင်းညွန့် (၇၃)နှစ်
လက်ထောက်စက်ရုံမှူး(ငြိမ်း)၊ သရက်ဘီလပ်မြေစက်ရုံ

ဒေါ်တင်တင်လေး(Skynet-Education Channel)၏ဖခင် ဦးသောင်းညွန့် အသက်(၇၃)နှစ် ကွယ်လွန်သွားသည်မှာ ၁၂-၆-၂၀၁၄ ရက်တွင် နှစ်လပြည့်ပြီဖြစ်ပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ခင်သူဇာမင်း
ဒေါ်ခင်ဖုန်းဆက်ဆက်

ဝမ်းနည်းကြေကွဲခြင်း

THW Group of Companies မှ Managing Director [illegible]

[illegible]

Oregon Myanmar Co.,Ltd. မှ ဝန်ထမ်းများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/B)၊ မြေကွက်အမှတ်(၃၀၆)၊ မြေကွက်တည်နေရာအမှတ်(၃၀၆)၊ စံပယ်လမ်းသွယ်၊ ပျဉ်းမပင်မြောက်ရပ်ကွက်၊ ဦးခင်ဇော်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တရားရှုံးဦးခင်ဇော်ကိုယ်စား ဒေါ်နုနုလှိုင်(ဘီလစ်) [၁၂/ဥကမ(နိုင်)၀၀၄၉၃၄]က မင်္ဂလာဒုံမြို့နယ်၊ တရားရုံးအနိုင်ဒီကရီကို မင်္ဂလာဒုံမြို့နယ်တရားရုံး တရားမဇာရီမှုစီရင်ချက် ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်(၄၉-G)၊ မြေကွက်တည်နေရာအမှတ်(၁၄၇)၊ (၁၀)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အေးမြင့်၊ ဦးမြင့်သိန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးမြင့်နှင့်ခင်ပွန်း ဦးစိန်မောင် (သမီး)ဒေါ်ခင်ရတနာ(အပျိုကြီးဘဝ)ဖြင့် အသီးသီးကွယ်လွန်သဖြင့် ဦးစန်းလွင်[၁၂/ဥကတ(နိုင်)၀၀၈၅၈၉]၊ ဒေါ်စိုးစိုးအေး[၁၂/ဥကတ(နိုင်)၁၃၈၄၀၂]၊ ဒေါ်စိုးစိုးထွေး[၁၂/ဥကတ ၁၃၈၄၀၃]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြင့်သိန်း[၁၂/ဥကတ(နိုင်)၀၄၇၁၅၆]နှင့်ပူးတွဲ၍ ချကိုက်ပျက်စီးနေသော ဂရန်မိတ္တူတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

သွေးသည်အသက်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၄)၊ မြေကွက်အမှတ်(၃၁၀)၊ အမည်ပေါက် ဦးကျော်ဝင်း(AA-138924)သည် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှအဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိတရားဝင်ပိုင်ဆိုင်လျက်ရှိသူ ဦးသူရဝင်း[၁၂/သကတ(နိုင်)၁၅၄၇၂၅]ထံမှ ကျွန်ုပ်ဒေါ်ဝေဝေလွင်[၁၂/လကန(နိုင်)၁၂၈၀၉၇]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီး ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝေဝေလွင်[၁၂/လကန(နိုင်)၁၂၈၀၉၇]
ဖုန်း-၀၉-၃၁၃၁၇၄၉၆၊ ၀၉-၄၂၀၂၂၈၇၀၁

"ကွယ်လွန်သူ လူပျိုကြီး ဦးမောင်ရီ[၁၂/ဗတထ(နိုင်)၀၁၆၈၀၄]က မစောရီလင်း[၁၂/ပဇတ(နိုင်)၀၃၅၆၉၉]အား ကိတ္တိမမွေးစားခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာချက်"

ကွယ်လွန်သူ လူပျိုကြီး **ဦးမောင်ရီ**က အသက်(၁၈)နှစ်မပြည့်သေးသူ **မစောရီလင်း**အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၀-၁-၂၀၁၄ ရက်တွင် **အမွေစားအမွေခံကိတ္တိမသမီးမွေးစားခြင်းစာချုပ်အမှတ်-၁၄** ချုပ်ဆို၍ မွေးစားခဲ့ရာ၌ မစောရီလင်း၏မိဘအရင်းဖြစ်သူ ဦးခင်စိုးနှင့် ဒေါ်နွဲ့နွဲ့အေးတို့က သဘောတူခွင့်ပြုကြောင်း လက်မှတ်ရေးထိုးထားခြင်းမဟုတ်ဘဲ **ဦးစိုးလင်းနှင့် ဒေါ်စိုးစိုးရီ**(ချမ်းမြေ့တည်းခိုခန်း၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့)တို့က မိဘအရင်းများဖြစ်သယောင် ဖော်ပြလက်မှတ်ရေးထိုးချုပ်ဆိုထားခြင်းသည် ကိတ္တိမမွေးစားခြင်းဥပဒေနှင့် မညီညွတ်ဘဲ ပျက်ပြယ်နေပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အမွေဆိုင် ဦးအေးကျော်၏လွှဲအပ်ချက်အရ-
ဒေါ်ကြည်ကြည်ဝင်း LL.B(တရားလွှတ်တော်ရှေ့နေ-စဉ်-၈၅၁၇)
ရုံး-အမှတ်-၅၀၄/၅၀၆၊ (ကွန်ဒို-B)၊ အခန်း(A-6)၊
၃၉-လမ်းနှင့်ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (8H/7074) ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (8G/1722) ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (BB/4988) ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

သွေးသည်အသက်

[illegible]

[illegible]

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)
BC-6299
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးဝေလွင်-ဒေါက်တာဝင်းမင်းသစ်တို့၏ဖခင်၊ ဦးဇော်လတ်-ဒေါ်ဝေသစ်လွင်၊ ဒေါ်ခိုင်သစ်လွင်တို့၏အဘိုး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဌေးဦး(ဒု-ဥက္ကဋ္ဌ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)နှင့်ဇနီး

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်စိုး
ကွမ်းခြံကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုးသည် ၁၂-၆-၂၀၁၄(ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်စိုး
အသက် (၆၁)နှစ်
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
အတွင်းရေးမှူး၊ကွမ်းခြံကုန်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုးသည် ၁၂-၆-၂၀၁၄ ရက် နံနက် ၂ နာရီတွင် ကွမ်းခြံကုန်းမြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးလွန်းသိ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကွမ်းခြံကုန်းမြို့နယ်)နှင့် မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သိန်းနု
အသက်(၈၇)နှစ်

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၁)အလုံ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဗိုလ်မှူးအောင်ခိုင်မြင့်(ငြိမ်း)-ဒေါ်ချောစုလှိုင်တို့၏မိခင်သည် ၄-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ယဉ်နု(ရွှေကူ)
အသက်(၇၈)နှစ်

ဦးအောင်ဇော်မင်း-ဒေါ်ခိုင်ခိုင်ဦး (Sliver King Director/ Senior Diamond Director)တို့၏ မိခင်၊ ဦးအောင်မြင့် (Gold Director)၏ဇနီး ဒေါ်ယဉ်နုသည် ၇-၆-၂၀၁၄ (စနေနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမျိုးသွင် (Managing Director)နှင့်
ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးဝင်းမြင့် (ဒု-ညွှန်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)-ဒေါ်ခင်ညိုဦးတို့၏သားကြီး ကိုဇေယျာ (၃၆)နှစ်သည် ၁၁-၆-၂၀၁၄ရက်တွင် နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံကြီး၌ ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(၁၉၆၉-၁၉၇၄) ကျောင်းနေဖက်သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်စိုးမြင့်
အဖွဲ့ဝင်၊ လျှပ်စစ်လုပ်ငန်းကော်မတီ
(MD-Arrow Plastic Co., Ltd.)

ရွှေပြည်သာစက်မှုဇုန်(၁)၊ လျှပ်စစ်လုပ်ငန်းကော်မတီမှ အဖွဲ့ဝင် ဦးအောင်စိုးမြင့် (MD-Arrow Plastic Co., Ltd.)သည် ၁၀-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စီမံခန့်ခွဲရေးကော်မတီ
လျှပ်စစ်လုပ်ငန်းကော်မတီ
စက်မှုဇုန်(၁)၊ ရွှေပြည်သာ

လွမ်းဆွတ်သတိရခြင်း
ဗိုလ်ကြီးဝေဖြိုးအောင်
အသက်(၂၈)နှစ်
ကြည်း-၄၆၂၅၀

ဗိုလ်ကြီးဝေဖြိုးအောင်(ကြည်း-၄၆၂၅၀) အသက်(၂၈)နှစ်သည် ၁၀-၆-၂၀၁၄(အင်္ဂါနေ့)တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် နှမြောတသလွမ်းဆွတ်ရပါသည်။ ဗိုလ်ကြီးဝေဖြိုးအောင် ကောင်းရာသုဂတိလားပါစေ။ ဗိုလ်ကြီးဝေဖြိုးအောင်ရေ အမျှ- အမျှ- အမျှ. . . ။

ကိုဟန်ဝင်းစိုး-မအေးမြတ်သန္တာခိုင်နှင့်
ညီအစ်ကိုမောင်နှမများ

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်မြင့် (၈၄)နှစ်
(အလန်းကျေးရွာ) မအူပင်ခရိုင်

အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်နေ ဦးမိုးအောင်-မယဉ်မာလှိုင်၊ ဦးဝင်းကိုကို -မခင်လေးနွယ်တို့၏မိခင်၊ မောင်လင်းသူရ၊ မစန္ဒာစုကြည်၊ မောင်အောင်ခန့်မင်း၊ မစုရွှေရည်ဝင်း၊ မောင်မင်းထက်ကျော်တို့၏အဘွား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့ပတ်ပန်းခြံလမ်း၊ ရွာမအနောက်၊ အမှတ်(၁၉၁/ခ) ရပ်ကွက်နေ ဒေါ်တင်မြင့်သည် ၁၂-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၆း၂၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်သောင်း (၇၂)နှစ်
(စစ်မှုထမ်းဟောင်းငြိမ်း၊ ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၈၅-B)နေ (ဦးအေးဆောင်-ဒေါ်သန်းညွန့်)တို့၏ သား၊ ဒေါ်ကြည်ကြည်၊ ဦးမောင်မြင့်(ခ) ဦးပါလေး-ဒေါ်ရီ၊ ဦးတင်လှိုင်-ဒေါ်ဝါဝါ၊ ဦးမြတ်စိုး-(ဒေါ်အေးမြိုင်)တို့၏ညီငယ်၊ ဒေါ်လှထွေး၏ အစ်ကို၊ ဒေါ်ခင်သောင်း(ခ)ဒေါ်ရှမ်းမ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုဇော်ထိုက်ကျော်- မတင်တင်ငြိမ်း၊ ကိုနေဝင်းအောင်(ရန်ကင်းရဲစခန်း)- မခင်ဥမ္မာကျော်၊ မခင်မာလာကျော်(ခ) နန်မာလာခင်တို့၏ဖခင်၊ ကောင်းဆက်ဝေ၊ ထက်ယွန်းအိမ်၊ ဟိန်းထိုက်ဇော်တို့၏အဘိုးသည် ၁၂-၆-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊နတ်လမ်း၊ကျောင်း ဒါယကာကြီး
ဦးခင်မောင်စိုး (၆၁)နှစ်
(ကွမ်းခြံကုန်း)
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တောင်ဘက်ပိုင်းရပ်ကွက်နေ (ဦးကျော်လေး)-ဒေါ်တင်အေးတို့၏ သား၊ ဈေးပိုင်းရပ်ကွက်နေ ဦးပိုင်-ဒေါ်မြအုန်းတို့၏တူသား၊ ကွမ်းခြံကုန်းမြို့၊ တောင်ဘက်ပိုင်းရပ်ကွက်၊ သိပ္ပံလမ်းနေ ဒေါ်ခင်ကြူ၏ခင်ပွန်း၊ မောင်သူရစိုး၊ မရည်မွန်လတ်တို့၏ဖခင် ဦးခင်မောင်စိုးသည် ၁၂-၆-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကွမ်းခြံကုန်းမြို့ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးထင်ဇော်(ချောက်) (၅၉)နှစ်
အမှုဆောင်ဘူမိဗေဒအရာရှိ
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်နေ (ဦးမြထင်)-ဒေါ်ခင်ထားတို့၏ သားထွေး၊ ရန်ကုန်မြို့နေ ဦးတင်ညွန့်-ဒေါ်မြရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ မြေနီကုန်း(မြောက်)၊ စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၄/C)နေ ဒေါ်ရီရီညွန့်(အလက-၃၊ ရန်ကင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြင့်မြင့်ထင်-ဦးမြင့်စိုးအောင်၊ ဒေါ်ခင်ဝင်းကြည်-ဦးရဲမြင့်၊ (ဦးသိန်းဝင်း)-ဒေါ်လှလှသန်း၊ ဒုတိယဗိုလ်မှူးကြီးထင်ကျော်(ငြိမ်း)-ဒေါ်နန်းမွေး၊ ဒေါ်ခင်ခင်ရွှေ-(ဦးမြင့်ဆွေ)တို့၏ ညီ/မောင်၊ မခိုင်ခိုင်ဆွေ (E-P. 3rd. Year၊ နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၏ ချစ်လှစွာသောဖခင်သည် ၁၁-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)
BC-6299
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးဝေလွင်-ဒေါက်တာဝင်းမင်းသစ်တို့၏ဖခင်၊ ဦးဇော်လတ်-ဒေါ်ဝေသစ်လွင်တို့၏အဘိုး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဝန်ကြီး ဦးရဲထွဋ်-ဒေါ်ခင်စန္ဒာထွန်း
ပြန်ကြားရေးဝန်ကြီးဌာန

ဦးဇော်ဝင်း (၅၈)နှစ်
ကန်တော်ကြီးဟိုတယ်သင်တန်းကျောင်းနည်းပြ(ငြိမ်း)
CCK (Bernhard Schulte Shipping Management)

(ဦးတင်-ဒေါ်အုံးမေ)တို့၏ သား၊ ဦးယုံဖောင်-(ဒေါ်အုံးကြည်)တို့၏ သားသမက်၊ ပဲခူးမြို့နေ (ဦးသန်းဟန်)-ဒေါ်ခင်ရီ၊ (ဦးသောင်းညွှန့်)၊ ဒေါ်အေးမြင့်၊ ကောလင်းမြို့နေ ဦးဘိုးဟန်-ဒေါ်လင်းကြည်၊ ပဲခူးမြို့နေ ဒေါ်အေးဆင့်၊ ဦးထွန်းတင်-ဒေါ်ခင်စိုး၊ ဦးတင်ကြိုင်-ဒေါ်အေးသန်း၊ ရန်ကုန်မြို့နေ (ဦးကျော်လွင်)-ဒေါ်ခင်အေးတင့်၊ ဒေါ်ခင်အေးသစ် (DMD-First National Inuurance)တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ တိုက်အမှတ်(၃၁၂/၃၁၉)၊ ပထမထပ်၊ ပေါက်စေတီလမ်းသွယ်(၂)၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်လှလှ၏ ချစ်လှစွာသော ခင်ပွန်း၊ မပန်းနုမေ၊ မောင်ကောင်းသူရိန်ထက်တို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးဇော်ဝင်းသည် ၁၂-၆-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၃း၅၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်သန်းစိန် (၈၇)နှစ်
(ရမည်းသင်း)

ရမည်းသင်းမြို့၊ စီဗွိုလိုင်းရပ်ကွက်နေ (ဦးဘမောင်)၏ ဇနီး၊ (ဦးသန်းဦး)-ဒေါ်ခင်လှရီ၊ ဦးမြင့်ဝေ-ဒေါ်ခင်သန်းနွဲ့၊ ဦးစိုးဝင်း-ဒေါ်နှင်း၊ ဦးမြင့်သိန်း-ဒေါ်ခင်မာဝေ၊ ဦးနေလင်း-ဒေါ်အေးမြင့်သန်းတို့၏မွေးသမိခင်၊ မြေး ၁၅ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွား ဒေါ်သန်းစိန်သည် ၁၁-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ရက် ညနေ ၄ နာရီတွင် ရမည်းသင်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး
ဦးစု(စမ်းချောင်း) (၈၁)နှစ်
(M.E.P.E-ဘဏ္ဍာရေး)(ငြိမ်း)

(ဦးမှတ်ကြီး-ဒေါ်ပု)တို့၏ သား၊ အမှတ်(၁၀၅)၊ ဦးထွန်းမြင့်လမ်း၊ (၃၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဝင်းရှိန်၏ ခင်ပွန်း၊ ဦးကျော်ဝင်း (ခေတ္တ-စင်ကာပူ)၊ (ဦးညီညီလွင်)-ဒေါ်မိမိမာ (Y.E.S.B-ကြည့်မြင်တိုင်)၊ ဒေါ်စီစီမာ၊ ဦးအောင်ထွန်း(ခေတ္တ-စင်ကာပူ)-ဒေါ်သီသီအောင်၊ ဦးတင်ဝင်းလှိုင်-ဒေါ်စီစီနွယ်၊ ဦးအောင်ဇော်မိုး၊ ဦးဝေဖြိုး(ခေတ္တ-စင်ကာပူ)-ဒေါ်ချောစုဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး ဦးစုသည် ၁၃-၆-၂၀၁၄ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမြသန်း(မြိတ်)
အသက်(၇၀)

မြိတ်မြို့နေ (ဦးပန်ယား-ဒေါ်ကြင်စူ)တို့၏သား၊ (ဦးဟိုကြုံ-ဒေါ်အာရပ်)တို့၏ သားသမက်၊ ဒေါ်ရှုကြူ၏ ခင်ပွန်း၊ ဒေါက်တာစိမ့်စိမ့်မြတ်(ပထမနှစ်၊ OG သင်တန်းသူ)၊ ဒေါက်တာလင်းအောင် (အရိုးအထူးကု)၊ မောင်လတ်ကျော်တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၁-၆-၂၀၁၄ ရက် မွန်းလွဲ ၂း၃၅နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၂၅)၊ ပုသိမ်လမ်း နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဒေါ်အေးသိန်း (၅၄)နှစ်
(သူနာပြု၊ ပဲခူးဆေးရုံ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ်(၅၄၀)၊ ဦးတင်အေးလမ်းနေ ဒေါ်မေမေခင်၏ သမီး၊ မသန္တာထွန်း၏မိခင်၊ ဒေါ်အေးသိန်းသည် ၁၁-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးလှရွှေ(ခ)လင်တုံစူး
အသက်(၆၈)နှစ်
ဟသ်ာညီနောင်၊ ပဲခူးပွဲရုံ

ပဲခူးမြို့၊ ဈေးပိုင်း (၁၈)လမ်း၊ အမှတ်(၁၇၆)နေ (ဦးကျင်မောင်-ဒေါ်ကျင်မြ)တို့၏သားကြီး၊ ပဲခူးမြို့၊ ဈေးပိုင်း (၁၉) လမ်း၊ အမှတ်(၅၈)နေ (ဦးကောက်)-ဒေါ်ကျင်ငွေတို့၏သားသမက်၊ မန္တလေးမြို့၊ ဓာတ်နန်းရပ်ကွက် (၈၆×၃၀)လမ်းထောင့်၊ အကွက်အမှတ်(၂၅၁)နေ ဒေါ်ငွေငွေ၏ ချစ်လှစွာသောခင်ပွန်း၊ မအေးအေးမြ၊ (မောင်မျိုးသီဟန်)၊ မောင်ရာဇာရွှေ၊ ကိုဆွေအောင်ခိုင်-မလဲ့လဲ့မျိုးတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၄ ရက် နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ် ဖုကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့်(ခ)
ယာကွတ်ဘိုင် (၅၂)နှစ်
မင်္ဂလာသုခမွေ့ရာဆိုင်(ရွှေဘုံသာလမ်း)

ရွှေဘုံသာအထက်လမ်းနေ [ယာဇီဦးကျော်မြင့်(လောကနတ်)-အလ်ဟာဂျီဒေါ်သန်းကြည်]တို့၏သားကြီး၊ ဟာဂျီဦးတင်ဦး-ဟာဂျီမဒေါ်တင်တင်မြင့်၊ ဦးတင်မောင်မြင့်-ဒေါ်အေးအေးမြင့်၊ Mr.Masaru Takekawa-ဒေါ်ကြည်ကြည်လေး(ခေတ္တ-Japan)၊ ဟာဂျီဦးတင်အောင်မြင့်၊ ဟာဂျီအင်မရန်းဂျမားလ်-ဟာဂျီမဒေါ်ကြည်ကြည်မြင့်တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဒေါ်မင်းမင်းလွင်၏ချစ်လှစွာသောခင်ပွန်း၊ ရွှေရည်မင်းမောင်၊ သံဇဉ်မင်းမောင်(Grade 9-B၊ အထက-၂၊ လသာ)တို့၏ ချစ်လှစွာသောဖခင်သည် ၁၂-၆-၂၀၁၄ ရက် နံနက် ၁၁ နာရီတွင် အမှတ်(၅၄/၅၆)၊ ၅၃လမ်း နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမားဇ်အပြီး ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးထန်ဘိ (၄၄)နှစ်
(ပ/၄၃၁၉)ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ရခိုင်ပြည်နယ်၊ အမ်းမြို့)

လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ တိုက်(၁၀)၊ အခန်း(၁၀၄)၊အေးရိပ်မွန်အိမ်ရာနေ (ဦးမောင်မောင်အေး-ဒေါ်ခင်မေအေး)တို့၏သားသမက်၊ ဦးအောင်ဆွေမင်း-ဒေါ်သီတာအေး၊ ဦးမင်းနိုင်-ဒေါ်မိုးမိုးအေး၊ ဦးသာထွန်းအေး၊ ဦးဇော်ထွန်းအေးတို့၏ အစ်ကို/ညီ/မောင်၊ ဒေါ်နီလာအေး၏ချစ်လှစွာသော ခင်ပွန်း၊ မခင်မဥ္ဇူရီထန်(Grade-7, အမ်း၊အထက)၏ ချစ်လှစွာသောဖခင်ဦးထန်ဘိသည် ၁၂-၆-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
အရာခံဗိုလ်ရွှေသင်း
မော်ကွန်းဝင်ဒု-ဆင့်၊ မူလတန်းစစ်တက္ကသိုလ်၊ တတိယပတ်-ယောနင်း
အသက်(၈၉)နှစ်

နတ်မောက်မြို့နေ (ဦးသိန်း-ဒေါ်မြ)တို့၏သားထွေး၊ (ဒေါ်နှင်းဆွေ)၏ ခင်ပွန်း၊ ဦးဇော်မြင့်၊ ဦးအောင်ခင်၊ ဦးသောင်းဌေးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုး ဦးရွှေသင်းသည် ၁၂-၆-၂၀၁၄ရက် နံနက် ၃း၃၀နာရီတွင် အမှတ် (၆၅၈/ခ)၊ ငုဝါပန်းခြံလမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ငွေငွေဝင်း(ခရမ်း)
အသက်(၄၈)နှစ်

ခရမ်းမြို့နေ ဦးအေး-ဒေါ်တင်နုတို့၏သမီးကြီး၊ (ဦးအောင်ငြိမ်း-ဒေါ်စန်းကြည်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၄၈)၊ အောင်မင်္ဂလာလမ်း၊ တာမွေမြို့နယ် နေဦးအောင်မင်း(ခ)ဦးဖိုးထောင် (President စားသောက်ဆိုင်)၏ဇနီး၊ (ဦးတင့်ဝေ)-ဒေါ်အေးဆင့်၊ (ဦးမျိုးမြင့်)-ဒေါ်မြတ်မြတ်သီတို့၏ညီမ၊ ဦးအောင်မိုး-ဒေါ်လှလှဌေး၊ ဦးတင်မောင်လတ်-ဒေါ်ငွေငွေအောင်၊ ဦးဇော်ဟန်ဝင်းထွန်း-ဒေါ်ဆွေဆွေဝင်း၊ ဦးအောင်ဆန်းဝင်း-ဒေါ်ခိုင်ဇင်ဝင်းတို့၏ အစ်မ၊ မအိဇာမျိုး (ဒု-နှစ်၊ ဥပဒေ)၊ မောင်ပြည့်ဖြိုးဟိက်(Grade-7၊ အထက-၁၊ ဒဂုံ)တို့၏မိခင် ဒေါ်ငွေငွေဝင်းသည် ၁၂-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လှလှဦး(ခ)မလှရှု(ခ)ဘုတ်ဘုတ် (၄၇)နှစ်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဦးစီးအရာရှိ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ [ဦးလှမင်း-ဒေါ်ရှုတ်(ခ)ဒေါ်ခင်အေး]တို့၏ သမီးကြီး၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ကံ့ကော်အိမ်ရာ၊ တိုက်အမှတ်(၂၇၅)၊ အခန်း(၁၁)နေ မလှချွန်း(ခ)မေးမေ၊ (ဒေါ်ကြည်ကြည်ဝင်း)-ဦးမောင်အောင်၊ ဦးလှတင်အောင် တို့၏ အစ်မ၊ မထက်ထက်အောင်၊ မသဲမို့မို့ဝင်းတို့၏အဒေါ်၊ မောင်ထွန်းထွန်းဝင်း၏မိခင်၊ ဦးသန်းထွေး(မြန်မာ့မီးရထား)၏ ဇနီးသည် ၁၁-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် နေပြည်တော်ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ခုတင်(၁၀၀၀) အအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကိုဇေယျာဝင်း(ကော့မှူး)
အသက်(၃၆)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေသိဒ္ဓိရပ်ကွက်၊ တိုက်(၁၁၀၈)၊ အခန်း(၀၂)နေ ဦးဝင်းမြင့်(ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)-ဒေါ်ခင်ညိုဦးတို့၏သား၊ ကိုကျော်မင်းစိုး-မအေးစုစုဝင်း(ခေတ္တ-ကိုရီးယား)တို့၏ အစ်ကို ကိုဇေယျာဝင်းသည် ၁၁-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၁၀း၄၀နာရီတွင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်-၁၀၀၀၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွင်းကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဆေးရုံကြီးအအေးတိုက်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မောင်အောင်ပိုင်ပိုင်(စစ်တွေ) (၂၆)နှစ်
နောက်ဆုံးနှစ်၊ အပိုင်း(က)၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ (ဦးကျော်စိန်-ဒေါ်အေးမြခင်)၊ (ဦးမောင်နီ-ဒေါ်မသာညို)တို့၏မြေး၊ ဗိုလ်မှူးဦးစောဝင်း(ငြိမ်း) (စစ်တက္ကသိုလ်၊ အမှတ်စဉ်-၂၃) (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်/ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့)-ဒေါ်ဦးလှယဉ်(စာရင်းစစ်-ငြိမ်း)တို့၏သားကြီး၊ မစိမ့်ထူးထူး (နောက်ဆုံးနှစ်၊ အပိုင်း-ခ၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ မောင်ငွေထွန်း (အဋ္ဌမတန်း၊ အထက-၄၊ စစ်တွေ)တို့၏အစ်ကို မောင်အောင်ပိုင်ပိုင်သည် ၁၁-၆-၂၀၁၄ ရက် နံနက် ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ (သောကြာနေ့) ညနေ ၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ဆေးတက္ကသိုလ်(၂)ကျောင်းဝင်းအရှေ့မှ ကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ ရတနာ့မာန်အောင်(ရခိုင်)ဘုန်းတော်ကြီးကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးထန်ဘိ (၄၄)နှစ်
(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရခိုင်ပြည်နယ်၊ အမ်းမြို့(ပ/၄၃၁၉)

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာမြို့သစ်နေ (ဗိုလ်ကြီးမန်းတူး)-ဒေါ်ဘူနောင်တို့၏ သား၊ (ဦးမောင်မောင်အေး-ဒေါ်ခင်မေအေး)တို့၏သားသမက်၊ ရဲအုပ်ဆလိုင်းခွာကီး-ရဲအုပ်ဒေါ်သက်သက်မော်၊ (ဦးထောင်ဇာဖွန်)-မိုင်တင်တင်ကြည်၊ ဒေါက်တာထန်လင်း-ဒေါ်အေးအေးခိုင်၊ ဆလိုင်းထန်ရွှေ(ခ)ထန်ကိုမင်း၊ ကိုဇော်ဇော်လတ်-မိုင်ခင်သန္တာထွေးတို့၏ ညီ/မောင်၊ ဒေါ်နီလာအေး၏ချစ်လှစွာသော ခင်ပွန်း၊ မခင်မဥ္ဇူရီထန် (Grade-7, အထက အမ်း)၏ချစ်လှစွာသောဖခင် ဦးထန်ဘိသည် ၁၂-၆-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ တိုက်(၁၀) အခန်း(၁၀၄)၊ အေးရိပ်မွန်အိမ်ရာ နေအိမ်မှ ကားများမွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးလှရွှေ(ခ)လင်တုံစူး
အသက်(၆၈)နှစ်
ဟသ်ာညီနောင်၊ ပဲခူးပွဲရုံ

ပဲခူးမြို့၊ ဈေးပိုင်း (၁၈)လမ်း၊ အမှတ်(၁၇၆)နေ (ဦးကျင်မောင်-ဒေါ်ကျင်မြ)တို့၏သားကြီး၊ ပဲခူးမြို့၊ ဈေးပိုင်း (၁၉) လမ်း၊ အမှတ်(၅၈)နေ (ဦးကောက်)-ဒေါ်ကျင်ငွေတို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဦးမောင်ဟန်)-ဒေါ်ပိုစွမ်းတို့၏ မောင်၊ မန္တလေးမြို့နေ ဦးလှမြင့်-ဒေါ်လွင်လွင်၊ ရန်ကုန်မြို့နေ ဦးအောင်ဝင်း-ဒေါ်ပိုးကြိုး၊ (ဦးလှသိန်း)-ဒေါ်ပြုံးပြုံးရီ၊ ဦးလှသန်း-ဒေါ်စန်းစန်းဝင်း၊ ပဲခူးမြို့နေ ဦးခင်မောင်ဌေး-ဒေါ်ပိုးကြူး၊ ဒေါ်ပိုးရှော့၊ မန္တလေးမြို့နေ ဦးအောင်ထွန်းနိုင်-ဒေါ်ဝါဝါဝင်းတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ တူ/တူမ ၂၅ယောက်တို့၏ ဘကြီး၊ မန္တလေးမြို့၊ ဓာတ်နန်းရပ်ကွက်၊ (၈၆×၃၀)လမ်းထောင့်၊ အကွက်အမှတ်(၂၅၁)နေ ဒေါ်ငွေငွေ၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၂-၆-၂၀၁၄ရက် နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ် ဖုကျန့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမောင်နှမများ

အာဆီယံအသိုက်အဝန်းအတွက် လူမှုတာဝန်သိသော မီဒီယာတစ်ရပ်မြှင့်တင်ရေး မရှိမဖြစ်လိုအပ်

နေပြည်တော် ဇွန် ၁၂

(၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (12th Conference of The ASEAN Ministers Responsible for Information) (12th AMRI) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC II)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သော တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပြန်ကြားရေးဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ လေ့လာသူများ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံဂုဏ်ပြုတေးသီချင်းကို နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂီတမိတ်အဖွဲ့တို့ တွဲဖက်၍ တင်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၁၃ ခုနှစ် (၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ငြိမ်းချမ်းတည်ငြိမ်ကြွယ်ဝပြီး ယှဉ်ပြိုင်မှုရှိသော အာဆီယံ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အသိုက်အဝန်း တစ်ရပ်တည်ဆောက်ရေးအတွက် အာဆီယံခေါင်းဆောင်များက ဆုံးဖြတ်ချက်ချခဲ့ပါကြောင်း၊ ရည်ရွယ်ချက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများ စည်းလုံးညီညွတ်မှုပိုမိုခိုင်မြဲရေးပင် ဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ်တွင် အာဆီယံပဋိညာဉ်စာတမ်းကို ချမှတ်ခဲ့ပြီးနောက်ပိုင်း အာဆီယံသည် အာဆီယံအသိုက်အဝန်း ထူထောင်ရေးအတွက် တရားဝင်သော **အင်စတီကျူးရှင်းနယ်** မူဘောင်တစ်ရပ်အဖြစ် ရောက်ရှိလာပါကြောင်း၊ အာဆီယံပဋိညာဉ်စာတမ်း အသက်ဝင်လာပြီးနောက် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများသည် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းအောက်ရှိ လုပ်ငန်းများကို အကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါကြောင်း။

ထို့ပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားအတွက် အာဆီယံ Identity တည်ဆောက်ရန် အခြားအာဆီယံ မဏ္ဍိုင်များနှင့် ဆွေးနွေးညှိနှိုင်းရန်ကိုလည်း တာဝန်ပေးအပ်ခံခဲ့ရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အသိပညာပိုင်းမြှင့်တင်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းမှတစ်ဆင့် ပြည်သူအချင်းချင်း ဆက်သွယ်မှုရရှိရေး စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ယနေ့ မာတိကာ

ဘက်လိုက်ခြင်း
စာမျက်နှာ - ၂

ရေနက်ကွင်းလယ်ဧက ၇၀၀၀ ကျော် ပြန်လည်တူးဖော်သည့် အုတ်ဖိုနှင့် မင်းလု
စာမျက်နှာ - ၆

ဦးပိန်တံတား တိုင်အမှတ်(၄၈) မီးလောင်မှုဖြစ်ပွား
စာမျက်နှာ - ၁၀

ပထမမြန်မာ့ရုပ်မြင်သံကြား ကာတွန်းရုပ်ရှင် ရိုးသားတဲ့ ဖိုးသခွား
စာမျက်နှာ - ၁၂

ရာမီရက်စ်အား ရောင်းချမည်မဟုတ်ဟု မော်ရင်ဟို ပြောကြား
စာမျက်နှာ - ၁၃

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ်ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ်လေးမျက်နှာ ပါရှိပါသည်။

ရန်ကုန်မြို့၌ မိုးရွာသွန်းမှုကြောင့် မရမ်းကုန်းနှင့် လှိုင်မြို့နယ်တို့တွင် လမ်းများပိတ်

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့၌ ယနေ့နံနက်ပိုင်းတွင် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်၊ (၂)ရပ်ကွက်တို့တွင် ရေကြီးရေလျှံမှုများကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည်။

အလားတူ လှိုင်မြို့နယ် (၁၃)ရပ်ကွက်အတွင်း၌ ရေလျှံမှုများကြောင့် အသွားအလာခက်ခဲလျက်ရှိပြီး ယာဉ်ကြောများ ပိတ်ဆို့ခဲ့သဖြင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ရှင်းလင်းပေးသော်လည်း ယာဉ်များ များပြားလွန်းသဖြင့် လမ်းပိတ်ဆို့မှုမှာ ထင်သလောက် ရှင်းလင်းသွားခြင်းမရှိပေ။

မရမ်းကုန်း(၂)ရပ်ကွက် ကန်လေးစုနှင့် မိသားစုလမ်းတို့တွင် ရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ရပ်ကွက်နေပြည်သူများ အခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။ ယင်းရပ်ကွက်နေပြည်သူများသည် မိုးတွင်းကာလမရောက်မီ ဧပြီလကတည်းကပင် အိမ်ရာတစ်ခု ရပ်ကွက်အတွင်း လာရောက်ဆောက်လုပ်ခြင်းကြောင့် ယင်းအိမ်ရာ၏ မိလ္လာမှ ရေဆိုးများ ရပ်ကွက်အတွင်း ရေစီးရေလာမကောင်းသည့်နေရာတွင် စုပြုံ၍ ရောက်ရှိကာ ရေဝပ်နေသဖြင့် ယင်းရပ်ကွက်မှ ပြည်သူများ အနံ့ဆိုးများခံခဲ့ရကာ ယခု မိုးရွာသဖြင့် ရေကြီးလာသောအခါ ယင်းရေဆိုးများနှင့် မိုးရေတို့ ရောနှောကာ အိမ်ထဲအထိ ဝင်ရောက်လာသဖြင့် ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

ကြေးမုံ

မက္ကဆီကိုဟာ အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်း ဖြစ်ပါတယ်။ အထူးသဖြင့် မက္ကဆီကိုဟာ ဒေါ့ဆန်းတို့စ်၊ ဟာနန်ဒက်ဇ်တို့လို တိုက်စစ်မှူးကောင်းတွေ ပါဝင်နေပါတယ်။ ဒါပေမယ် ကင်မရွန်းကလည်း ခြေစမ်းပွဲတွေမှာ အကောင်းဆုံးခြေစွမ်းတွေကို ပြသထားနိုင်ပြီး ဂျာမနီကိုတောင် သရေကစားနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါ့အပြင် အီတိုးဦးဆောင်တဲ့ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေကာ အသင်းလိုက်ကစားပုံလည်းမာကျောမှုရှိတာကြောင့် မက္ကဆီကိုကို တုံ့ပြန်ကစားသွားနိုင်ဖို့ ရှိနေပါတယ်။ ဒီနှစ်သင်းဟာ ဒီပွဲအနိုင်ရတဲ့အသင်းအနေနဲ့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်နိုင်မှာဖြစ်ပြီး နှစ်သင်းစလုံး ခြေကုန်ထုတ်ကစားကြမှာဖြစ်သလို ကစားသမားအင်အားပိုင်းနဲ့ အတွေ့အကြုံပိုင်းလည်း ကွာဟမှုအားနည်းနေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်ဟာ နှစ်သင်းစလုံး အပြန်အလှန် တုံ့ပြန်ကစားမှုနဲ့အတူ သရေကျသွားဖို့ရှိနေတယ်လို့ ယူဆမိပါတယ်။

စာမျက်နှာ ၂ သို့ » »

တိုက်စစ်အားပြိုင်ကြမယ့် မက္ကဆီကို နှင့် ကင်မရွန်း

၂၀၁၀ ပွဲဦးထွက်၌ ရှုံးပွဲကြုံခဲ့ရမှုကို မမေ့သင့်ကြောင်း ဖာဘရီဂက်စ်သတိပေး

စာမျက်နှာ ၃ သို့ » »

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ပါ။

ဂေါ်ဇီလာ ခြင်နိုင် ဆေးခွေ

တိုက်စစ်အားပြိုင်ကြမယ့် မက္ကဆီကိုနှင့် ကင်မရွန်း

ရှေ့ဖုံးမှ »»

ဆိုရလျှင် အဆိုပါပွဲသည် အုပ်စု (A)၌ အရေးပါသော ပွဲတစ်ပွဲဖြစ်နေသည်။ အုပ်စု (A)၌ အိမ်ရှင်ဘရာဇီးပါဝင်နေရာ ကျန်အသင်းများအနေဖြင့် အုပ်စုပထမနေရာကို မျှော်လင့်ရန်ခက်ခဲသည့်နည်းတူ အုပ်စု ဒုတိယနေရာအတွက် သုံးသင်းအားပြိုင်ရမည့် အခြေအနေမျိုးဖြစ်နေသောကြောင့် ယခုကဲ့သို့ အချင်းချင်းဆုံတွေ့ကြချိန်တွင် တစ်ချက်အမှားမခံစတမ်း ယှဉ်ပြိုင်ကြမည်က အမှန်ဖြစ်သည်။ ထို့ကြောင့် အကြိတ်အနယ်ရှိမည့် ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်ကာ ထိုသို့ပြိုင်ဆိုင်မှုပြင်းထန်မည့်ပွဲမျိုး၌ ကင်မရွန်းအနေဖြင့် မက္ကဆီကိုအား ထိန်းချုပ်နိုင်ပါမည်လောဆိုသည်မှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ အထူးသဖြင့် ကင်မရွန်းသည် အာဖရိကအသင်းတစ်သင်း ဖြစ်သည်။ အာဖရိကအသင်းဖြစ်သည်နှင့်အမျှ ကစားပုံမာကျောသည်။ ထို့အပြင် ကင်မရွန်းသည် ခြေစမ်းပွဲများ၌ ဂျာမနီကိုပင် သရေကစားနိုင်သည်အထိ ခြေစွမ်းထက်မြက်သကဲ့သို့ အီတိုးဦးဆောင်သည့် ထိုးစစ်ဇုန်သည်လည်း ခြေစမ်းပွဲများ၌ ဂိုးသွင်းခြေရခဲ့သည်ကို တွေ့ရသည်။ သို့သော် သတိပြုရမည်မှာ ကင်မရွန်းသည် အီတိုးကဲ့သို့သော သက်ကြီးကစားသမားများအား ဆောင်း၊ အက်စ်လော့ထိုတို့ကဲ့သို့သော သာမန်အဆင့်ကစားသမားများနှင့်သာ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြိုင်ပွဲကြီးများတွင် ပွဲချိန်ပြည့်ပုံမှန်ခြေစွမ်းရရှိရန်မှာ မသေချာပေ။ မက္ကဆီကိုမှာမူ ဟာနန်ဒက်ဇ်၊ ဒေါ့ဆန်တို့စ်၊ ဂူရာဒါဒိုတို့ကဲ့သို့သော ကစားသမားကောင်းများ ပါဝင်နေသည်။ ထိုနည်းတူ မက္ကဆီကိုသည်လည်း အသင်းလိုက် ကစားပုံကောင်းသောအသင်းဖြစ်ရာ ကင်မရွန်းအတွက် အခက်တွေ့နိုင်သည်။ အထူးသဖြင့် ကင်မရွန်းသည် မက္ကဆီကိုနှင့်ယှဉ်လျှင် သက်ကြီးကစားသမားပိုများ၍ မိနစ် ၉၀ ပြည့်တင်း ကစားနိုင်မှုတွင် ကွာဟချက်ခပ်ပြင်းပြင်း ရှိနိုင်သည်။ ထို့ကြောင့် ကင်မရွန်းအနေဖြင့် ၎င်းတို့၏ပွဲဦးထွက်တွင် အမြင့်ဆုံးသရေလောက်သာ မျှော်လင့်နိုင်ပေလိမ့်မည်ဖြစ်ပြီး တိုက်စစ်အားပြိုင်ကြမည့်ပွဲအဖြစ် မြင်တွေ့ရလိမ့်မည်ဟု သုံးသပ်မိသည်။

[ကိုရှိုင်း]

> “ကင်မရွန်းသည်အာဖရိကအသင်းတစ်သင်းဖြစ်သည်။ အာဖရိကအသင်းဖြစ်သည်နှင့်အမျှ ကစားပုံမာကျောသည်။ ထို့အပြင် ကင်မရွန်းသည် ခြေစမ်းပွဲများ၌ ဂျာမနီကိုပင် သရေကစားနိုင်သည်အထိ ခြေစွမ်းထက်မြက်သကဲ့သို့ အီတိုးဦးဆောင်သည့် ထိုးစစ်ဇုန်သည်လည်း ခြေစမ်းပွဲများ၌ ဂိုးသွင်းခြေရခဲ့သည်ကိုတွေ့ရ”

မက္ကဆီကိုနှင့် ကင်မရွန်းတို့ ကစားမည့် Arena das Dunas ကစားကွင်း

စပိန်ကို ရှုံးကြွေးဆပ်နိုင်ပါ့မလား ဟော်လန်

စပိန် - ဟော်လန်
နေ့ရက် - 14-6-2014
အချိန်-1:30 AM
ကစားမည့်ကွင်း
Arena Fonte Nova

အသင်းကြီးနှစ်သင်းဆုံတွေ့တဲ့ ပွဲဖြစ်တာကြောင့် အကြိတ်အနယ်ရှိမှာပါ။ အထူးသဖြင့် ဒီအုပ်စုတွင်းမှာ ဒီနှစ်သင်းဟာ အုပ်စုတက်ရေးအတွက် အလားအလာကောင်းတဲ့ အသင်းတွေဖြစ်သလို အိမ်ရှင်ဘရာဇီးကို ရှုံးထွက်အဆင့်မှာ ရှောင်လွှဲနိုင်ဖို့အတွက် အုပ်စုပထမနေရာ ရရှိရေးကိုပါ အထူးအားစိုက်ကြိုးစားသွားပါလိမ့်မယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ နှစ်သင်းစလုံးအနေနဲ့ အနိုင်ရရေးအားစိုက်ကစားလာဖို့တော့ ရှိနေပါတယ်။ ဒီနှစ်သင်း နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ ဒေးဗစ်ဗီလာ၊ တောရက်စ်တို့ရှိနေတဲ့ စပိန်တိုက်စစ်နဲ့ ဗန်ပါစီ၊ ရော်ဘင်တို့ ဦးဆောင်လာမယ့် ဟော်လန် တိုက်စစ်က ကွာဟမှု အားနည်းပေမယ့်လည်း ကွင်းလယ်စုဖွဲ့မှုနဲ့ အသင်းလိုက်ကစားပုံတွေမှာတော့ စပိန်က အားသာမှု ရှိနေပါတယ်။

စပိန် သည် လက်ရှိချန်ပီယံဖြစ်သည်။ လက်ရှိချန်ပီယံသည် အဖွင့်ပွဲများ၌ ခက်ခဲတတ်သည့်သဘော ရှိသည်။ စတင်ကျင်းပသည့် ၁၉၃၀ ပြည့်နှစ် ပြိုင်ပွဲတွင် ဥရုဂွေးတို့ ဗိုလ်စွဲသည်။ အဆိုပါ ဥရုဂွေးသည် ၁၉၃၄ ပြိုင်ပွဲ၌ ပြိုင်ပွဲမဝင်။ အဆိုပါပွဲတွင် အီတလီ ဗိုလ်စွဲရာ အီတလီသည် ၁၉၃၈ ပြိုင်ပွဲ၌ လက်ရှိချန်ပီယံအဖြစ် ပြိုင်ပွဲဝင်ခဲ့ပြီး အဖွင့်ပွဲ၌ နော်ဝေအား အချိန်ပိုရောက်မှသာ အနိုင်ရယူနိုင်ခဲ့သည်။ ထို့မှစ၍ နောက်ပိုင်းနှစ်များတွင် လက်ရှိချန်ပီယံအများစုသည် အဖွင့်ပွဲများ၌ အခက်တွေ့ခဲ့ကြသည်ချည်းဖြစ်သည်။ ၁၉၇၄၊ ၁၉၇၈၊ ၁၉၈၆၊ ၂၀၁၀ပြိုင်ပွဲများတွင်ဆိုလျှင် လက်ရှိချန်ပီယံ များဖြစ်သော ဘရာဇီး၊ ဂျာမနီ၊ အီတလီတို့သည် အဖွင့်ပွဲများ၌ သရေပွဲများကြုံခဲ့သည်။ ၁၉၈၂၊ ၁၉၉၀ နှင့် ၂၀၀၂ တို့တွင် လက်ရှိချန်ပီယံများ ဖြစ်သည့် အာဂျင်တီးနားနှင့် ပြင်သစ်တို့သည် အဖွင့်ပွဲများ၌ ရှုံးပွဲများနှင့်ပင် ရင်ဆိုင်ခဲ့ရသည်။ ၁၉၅၀ ပြည့်နှစ်က ဆိုလျှင်လည်း လက်ရှိချန်ပီယံ အီတလီသည် အဖွင့်ပွဲ၌ ဆွီဒင်အား ရှုံးနိမ့်ခဲ့ရသည်။ ၁၉၉၄ ၌ လက်ရှိချန်ပီယံ ဂျာမနီ၊ ၁၉၉၈ ၌ လက်ရှိ ချန်ပီယံ ဘရာဇီး၊ ၂၀၀၆ ၌ လက်ရှိ ချန်ပီယံ ဘရာဇီးတို့ဆိုလျှင်လည်း အဖွင့်ပွဲ၌ နိုင်သည်ဆိုရုံသာ ကစားနိုင်ခဲ့သည်။ ထို့ကြောင့် လက်ရှိချန်ပီယံအများစုသည် အဖွင့်ပွဲ များ၌ ခက်ခဲတတ်သည်မှာ ပေါ်လွင်နေသည်။

အထူးသဖြင့် စပိန်သည် အသင်းကောင်းတစ်သင်းဖြစ်သည်မှာ မှန်သည်။ ဇာဗီ၊ အင်နီယေစတာ၊ မာတာ၊ ဆေးလ်ဗား၊ ဘက်စ်ကွက်၊ ပီဒရို၊ ဖာဘရီဂက်စ်၊ အလွန်ဆိုတို့၏ ကွင်းလယ်သည် အသင်းတိုင်းထက် အားကောင်းသည်။ ရာမို့စ်၊ ပီကေး၊ အက်စ်ပီလီကျူတာ၊ အယ်လ်ဘာတို့၏ ခံစစ်သည်လည်း အတောင့်တင်းဆုံး မဟုတ်သည့်တိုင် အဆင့်မီသည်။ သို့သော် ထိုးစစ်ပိုင်းတွင်မူ လိုအပ်ချက် ခပ်ပြင်းပြင်းရှိသည်။ ဒေးဗစ်ဗီလာနှင့် တောရက်စ်တို့သည် အကျပိုင်းရောက်တိုက်စစ်မှူးများဖြစ်သည်။ ခြေစမ်းပွဲများ၌ ဂိုးရခဲ့ကြသည်ဆိုသော်လည်း သာမန်အသင်းများကိုသာ ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။ ပင်ကိုအဆုံးသတ်အားမှာမူ သာမန်ထက်ပင် နိမ့်စပြုနေကြပြီဖြစ်သည်။ ကော်စတာရှိသော်လည်း ကော်စတာသည် စပိန်၏ကစားဟန်၌ လိုက်လျောညီထွေဖြစ်ရန် လိုအပ်နေသေးသည်။

ဆိုရလျှင် ဟော်လန်သည် အသင်းကောင်းတစ်သင်းဖြစ်သည်။ ကွင်းလယ်ပိုင်းတွင် စပိန်ကို မမီသော်လည်း ရွန်ဗယ်လာ ဦးဆောင်သည့် ခံစစ်သည် ညီညွတ်မှုရှိသည်။ ရော်ဘင်၊ စနိုက်ဒါ၊ ဒီဂူမန်တို့လို တိုက်စစ်ကို ထိထိမိမိပုံဖော်နိုင်သူများရှိပြီး ဗန်ပါစီလိုတိုက်စစ်မှူးကောင်းရှိသည်။ ထို့ကြောင့် ဟော်လန်သည် စပိန်အားအကောင်းဆုံးတုံ့ပြန်နိုင်စွမ်းရှိပေရာ စပိန်သည် လက်ရှိချန်ပီယံတို့၏ အစဉ်အလာအတိုင်း အခက်အခဲနှင့် ကြုံတွေ့ရမည်က သေချာသည်။ အထူးသဖြင့် စပိန်သည် ပွဲကိုစိုးမိုးနိုင်သည့်တိုင် တိုက်စစ်မှူးများ အဆုံးသတ်မသေချာပါက ဂိုးရရန်ခက်ခဲနိုင်ပြီး ဟော်လန်၏ တန်ပြန်တိုက်စစ်ကိုလည်း ခက်ခက်ခဲခဲ ထိန်းချုပ်ရနိုင်သည်။ ထို့ကြောင့် ထိပ်သီးနှစ်သင်း ဆုံတွေ့သည့် ပွဲဖြစ်သလို ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖိုလ်လုပွဲတွင် စပိန်ရှုံးနိမ့်ခဲ့ ဟော်လန်သည် ယခုအကြိမ် ဆုံတွေ့မှုတွင် ရှုံးကြွေးဆပ်နိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

[ရှိုင်းမင်းမင်း]

၂၀၁၀ တွင် ပွဲဦးထွက်၌ ရှုံးပွဲကြုံခဲ့ရမှုကို မမေ့သင့်ကြောင်း ဖာဘရီဂက်စ်သတိပေး

ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းသည် ဗိုလ်စွဲမည့်အသင်းများအနက် တစ်သင်းအပါအဝင်ဖြစ်နေကာ ချန်ပီယံအသင်းစာရင်းဝင်အဖြစ် အများစုက သတ်မှတ်ထားသော်လည်း စပိန်အသင်းနည်းပြဘော့စကေးကမူ စပိန်အသင်းသည် ရေပန်းစားသည့်အသင်းမဟုတ်ကြောင်း ပြိုင်ပွဲမစခင်က ပြောဆိုခဲ့သည်။

စပိန်အသင်းသည် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အိမ်ရှင်ဘရာဇီးနှင့် အာဂျင်တီးနားတို့နှင့်အပြိုင် ကမ္ဘာ့ချန်ပီယံဆုကို အရယူနိုင်မည်ဟု ထင်ကြေးပေးခံနေရသလို ကစားသမားကောင်းများစွာလည်း ပါဝင်နေသည်။ သို့သော် စပိန်နည်းပြ ဘော့စကေးကမူ “ကျွန်တော့်အနေနဲ့ကတော့ စပိန်ကို ရေပန်းစားတယ်လို့ မခံစားရပါဘူး။ ကျွန်တော်တို့အနေနဲ့က လက်ရှိချန်ပီယံဆုကို ကာကွယ်ဖို့အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်နိုင်ရေးကိုသာ အာရုံစိုက်နေပါတယ်။ ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာ ဥရောပအသင်းတွေအနက် နှစ်သင်း၊ သုံးသင်းလောက်ပဲ အခြေအနေကောင်းနိုင်ပြီး အာဖရိကအသင်းတစ်သင်းသာ ဗိုလ်လုပွဲအထိတောင် ရောက်ရှိလာနိုင်ပါတယ်”ဟု ပြောဆိုခဲ့သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက်၌ တောင်အမေရိကဒေသတွင် ကျင်းပသောပြိုင်ပွဲများအတွင်း ဥရောပဒေသမှ အသင်းများအနေဖြင့်တစ်ကြိမ်မျှ ဗိုလ်စွဲနိုင်ခဲ့ခြင်းမရှိပေ။ သို့သော် စပိန်ကစားသမား ဖာဘရီဂက်စ်ကမူ စပိန်အသင်းအနေဖြင့် ယုံကြည်မှုအပြည့်ရှိနေကြောင်း ပြောဆိုခဲ့သည်။ စပိန်သည် ပြီးခဲ့သည့် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ၌ နောက်ဆုံးဗိုလ်လုပွဲတွင် ဘရာဇီးအား သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရပြီး စပိန်နှင့် ဘရာဇီးတို့သည် ယခုနှစ် ကမ္ဘာ့ဖလား၌ ရှုံးထွက်အဆင့်ပွဲစဉ်များတွင် ဆုံတွေ့နိုင်ဖွယ်ရှိနေသော်လည်း ဖာဘရီဂက်စ်ကမူ ဘရာဇီးအား ကြောက်ရွံ့နေမည်မဟုတ်ကြောင်း ပြောဆိုသွားခဲ့သည်။

ဖာဘရီဂက်စ်က “ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိပါတယ်။ ၂၀၀၈ လောက်တုန်းကဆိုရင် ကျွန်တော်တို့ကိုဘယ်သူမှ ယုံကြည်မှုမရှိခဲ့ကြပေမယ့် အဲဒီအချိန်ကတည်းက ကျွန်တော်တို့ဟာ နာမည်တစ်ခုကို ရေးထိုးနိုင်ခဲ့ကြတာပါ။ ယှဉ်ပြိုင်မှုအားသိပ်ကောင်းတဲ့ အသင်းဖြစ်လာခဲ့သလို အရာအားလုံးကိုလည်း ရယူနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီပြိုင်ပွဲမှာလည်း ဘရာဇီးကို ကြောက်လန့်နေမှာ မဟုတ်ပါဘူး။ ဘရာဇီးဟာ တောင့်တင်းမှုရှိတဲ့ အသင်းတစ်သင်းဖြစ်ပြီး တကယ်လို့သူတို့နဲ့ ဆုံတွေ့ခဲ့မယ်ဆိုရင်တော့ ပြီးပြည့်စုံတဲ့ပွဲတစ်ပွဲ ဖြစ်လာမှာပါ” ဟု ပြောဆိုခဲ့သည်။

ထို့အပြင် ဖာဘရီဂက်စ်က ပြီးခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလား၌ အဖွင့်ပွဲစဉ်တွင် ဆွစ်ဇာလန်အား ရှုံးနိမ့်ခဲ့ရခြင်းသည် သင်ခန်းစာတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါဖြစ်ရပ်ကို မမေ့သင့်ကြောင်း ဟော်လန်နှင့်ပွဲအတွက်ပါ သတိပေးစကားပြောဆိုသွားခဲ့သည်။

[မင်းမြတ်]

> “စပိန်သည် ပွဲကိုစိုးမိုးနိုင်သည့်တိုင် တိုက်စစ်မှူးများ အဆုံးသတ်မသေချာပါက ဂိုးရရန်ခက်ခဲနိုင်ပြီး ဟော်လန်၏တန်ပြန်တိုက်စစ်ကိုလည်း ခက်ခက်ခဲခဲထိန်းချုပ်ရနိုင်”

စပိန်နှင့် ဟော်လန်တို့ ယှဉ်ပြိုင်ကစားကြမည့် Arena Fonte Nova ကစားကွင်း။

ကမ္ဘာ့ဖလား

ဇွန် ၁၃ ရက်၊ ၂၀၁၄
သောကြာနေ့

မက္ကဆီကိုအသင်း၏ ပွဲကိုင်ရှင် (သို့မဟုတ်) မားကွက်ဇ်

မက္ကဆီကိုကလပ် လီယွန်အသင်းတွင်ကစားနေသည့် ဘာစီလိုနာကစားသမားဟောင်း ဗဟိုခံစစ်မှူး မားကွက်ဇ်သည် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မက္ကဆီကိုအသင်း၏ အဓိကမောင်းနှင်အားဖြစ်သလို မက္ကဆီကိုအသင်းအောင်မြင်မှုအတိုင်းအတာသည် မားကွက်ဇ်၏ ခြေစွမ်းပြကစားနိုင်မှုအပေါ်မူတည်နေသည်။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲသည် အသက် (၃၅)နှစ်ရှိပြီဖြစ်သော မားကွက်ဇ်အတွက် လေးကြိမ်မြောက်ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး ၎င်း၏ပံ့ပိုးသည် အခြားအသင်းဖော်ကစားသမားများအတွက် အလွန်အကျိုးသက်ရောက်မှုရှိလာလိမ့်မည်ဟု မက္ကဆီကိုနည်းပြ မီဂူးဟာရီရာကပြောကြားသည်။

ထို့အပြင် မားကွက်ဇ်သည် မက္ကဆီကိုအသင်း၏ ပွဲကိုင်ရှင်၊ မက္ကဆီကိုအသင်းတွင် အတည်ငြိမ်ဆုံး၊ အထက်မြက်ဆုံးနှင့် နည်းစနစ်ပိုင်းအကျွမ်းကျင်ဆုံး ကစားသမားတစ်ဦးဖြစ်ကြောင်း မက္ကဆီကိုတိုက်စစ်မှူးဟောင်း လူးဝစ်ဂါစီယာ၏ အမွှမ်းတင်သုံးသပ်ထားခြင်းခံရသူဖြစ်သည်။

၁၉၇၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မွေးဖွားခဲ့သည့် မားကွက်ဇ်သည် အသက်(၁၇)နှစ်အရွယ်တွင် မက္ကဆီကိုကလပ် အတ်လက်စ်အသင်းနှင့်အတူ ကစားသမားဘဝစတင်ခဲ့ပြီး ဗဟိုခံစစ်မှူး၊ ကွင်းလယ်အဖျက်၊ ကွင်းလယ်ဖန်တီးရှင်နှင့် တိုက်စစ်အထိလိုက်ပါကစားနိုင်သလို လိုအပ်လျှင် လိုအပ်သလို နေရာစုံကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။

၁၉၉၉ ခုနှစ်တွင် ပြင်သစ်ကလပ် မိုနာကိုက ခေါ်ယူစာချုပ်ချုပ်ဆိုခြင်းခံရပြီး မားကွက်ဇ်ရောက်လာသည့် ပထမရာသီမှာပင် မိုနာကိုအသင်းသည် ပြင်သစ်လီဂူး-၁ ချန်ပီယံဖြစ်စေခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် စပိန်ထိပ်သီးကလပ် ဘာစီလိုနာအသင်း၏ ခေါ်ယူခြင်းခံခဲ့ရသည်။

ဘာစီလိုနာအသင်းနှင့် ပထမရာသီတွင် ၂၁ ကြိမ်ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ဘာစီလိုနာအသင်းသည်လည်း စပိန်လာလီဂါ အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။ ဒုတိယရာသီတွင် ဘာစီလိုနာ၏ ဗဟိုခံစစ်မှူးများဖြစ်သည့် သီယာကိုမွတ်တာ၊ ဂျာရက်လိုပက်ဇ်တို့ ဒဏ်ရာပြဿနာနှင့်ကြုံတွေ့နေရသောကြောင့် မားကွက်ဇ်၏ မူလနေရာဖြစ်သည့် ဗဟိုခံစစ်နေရာတွင်ကစားခွင့်ရခဲ့သည့်အတွက် ဘာစီလိုနာအသင်းသည် ၁၇ ကြိမ်မြောက် လာလီဂါချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ် ဥရောပချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ဘာစီလိုနာအသင်းက အာဆင်နယ်အသင်းကို အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဖလားဆွတ်ခူးရရှိသည့်အတွက် မားကွက်ဇ်သည် ဥရောပချန်ပီယံလိဂ်ဖလားကိုင်မြှောက်ခွင့်ရရှိသွားသည့် ပထမဆုံး မက္ကဆီကိုကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

၂၀၁၀ ခုနှစ်တွင် ဘာစီလိုနာအသင်းမှ ဘာစီလိုနာအသင်းဖော်ဟောင်း သီယာရီအွန်နရီရှိရာ နယူးယောက်ရက်ဒ်ဘူးလ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီး ယခုအခါ မက္ကဆီကိုကလပ် လီယွန်အသင်းတွင် ကစားလျက်ရှိသည်။

မားကွက်ဇ်သည် ၁၉၉၇ ခုနှစ် အသက် (၁၈)နှစ်အရွယ်ကတည်းက မက္ကဆီကိုအသင်း၏ လက်ရွေးစင်ဖြစ်ခဲ့ပြီး ၁၉၉၈ ကမ္ဘာ့ဖလားအတွက် ရွေးချယ်ခြင်းမခံရသော်လည်း မက္ကဆီကိုအသင်းချန်ပီယံဖြစ်ခဲ့သည့် ၁၉၉၉ ကွန်ဖက်ဒရေးရှင်းဖလားတွင် ပါဝင်ခွင့်ရခဲ့သည်။ ၂၀၀၂ ခုနှစ် ကိုရီးယားနှင့် ဂျပန်ပူးတွဲကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မူ မားကွက်ဇ်သည် အသက် (၂၃)နှစ် အရွယ်ဖြင့် မက္ကဆီကိုအသင်း၏ အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲများတွင်လည်း မားကွက်ဇ်သည် မက္ကဆီကိုအသင်း၏ အဓိကကစားသမားအဖြစ်ပါဝင်ဆင်နွှဲခဲ့သူဖြစ်သည်။ ထို့ပြင် မားကွက်ဇ်သည် ဥရောပမြေတွင် ပြင်သစ်ကလပ် မိုနာကို၊ စပိန်ကလပ် ဘာစီလိုနာအသင်းများတွင် ကျင်လည်ခဲ့ဖူးပြီး ဆုဖလားများစွာရယူနိုင်ခဲ့သဖြင့် ခြေစွမ်းနှင့်အတွေ့အကြုံပိုင်းတွင် ပြောစရာမလိုအောင်ပြည့်စုံသူဖြစ်သကဲ့သို့ အသက် (၂၃)နှစ် အရွယ်ကတည်းက မက္ကဆီကိုအသင်းခေါင်းဆောင်လက်ပတ်ကိုရယူထားနိုင်သူဖြစ်သည့်အတွက် တည်ငြိမ်မှုနှင့်ရင့်ကျက်မှုအပိုင်းတွင်လည်း မေးခွန်းထုတ်စရာမလိုသူဖြစ်သည်။ ယင်းကဲ့သို့အဘက်ဘက်က ပြည့်စုံနေသော မားကွက်ဇ်ဦးဆောင်လာမည့် မက္ကဆီကိုအသင်းသည် ကမ္ဘာ့ဖလားပွဲဦးထွက်တွင် ကင်မရွန်းနှင့် တွေ့ဆုံရမည်ဖြစ်ပြီး မားကွက်ဇ်၏အစွမ်းအစများဖြင့် မက္ကဆီကိုအသင်း မည်မျှအောင်မြင်အောင်စွမ်းဆောင်နိုင်မည်ကို စိတ်ဝင်စားဖွယ်စောင့်ကြည့်ရဦးဖြစ်သည်။

မောင်သာယာ

LCCI
WEBS
09-5151395

LL.B.

စာသင်သားများလက်ခံမည်

(၅)ဝါထက်မကျော်သော "ပထမပြန်"
စာသင်သားများ လက်ခံသင်ကြားပေးပါမည်။
စုံစမ်းရန်-ရတနာပုံပရိယတ္တိစာသင်တိုက်၊
(၂၂)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း
ဖုန်း-၀၉-၂၅၀၃၆၆၀၆၊ ၂၅၆၃၃၆၃၁၇

GO & GO

စာပေမြင့်မှ လူမျိုးတင့်မည်

ဖခင်အမည်မှန်

မိုးကောင်းမြို့၊အထက(၁)၊တက္ကသိုလ်ဝင်တန်း(F)မှ မောင်မျိုးမြင့်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းလွင်[၉/မလန(နိုင်)၀၉၅၄၄၂] ဖြစ်ပါသည်။

အမည်ပြောင်း

ဦးဝင်းနိုင်၏ သမီး၊ မြစ်ကြီးနားမြို့၊ အလက(၃)၊ ပဉ္စမတန်း(A)မှ မမေပြည့်စုံအား မထွန်းရတီနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ ရွှေစက်-အထက(ခွဲ)၊ ပဉ္စမတန်း(A)မှ မဖြိုးအိအိဇော်၏ မိဘအမည်မှန်မှာ ဦးကျော်နိုင်ဦးနှင့် ဒေါ်ချယ်ရီစိုးဖြစ်ပါသည်။

(Myanmar Federation of Mining Association (MFMA))

ဦးစောဉ်မြင့် B.A (Korean) Y.U.F.L

E.P.S TOPIK

(A4)

ကျွန်မတို့ ရွှေမြင့်စံ နှင့် မင်းသုကျော် အကျိုးဆောင်ကုမ္ပဏီ မှ

ဝယ်ပေးမယ် ⟶ ပြင်ပေးမယ် ⟶ ရောင်းပေးမယ် ⟶ ငှားပေးမယ် ----- ဆိုရင်

၇၀/၂ ၊ ကမ္ဘာအေး စေတီ လမ်းမကြီး ၊ ရွှေဂုံတိုင်မီးပွိုင့်ထောင့် ၊ ဗဟန်းမြို့နယ်။

01-548993 , 09-7309-9696 , 7319-9696 , 09-509-9696

MMC Myanmar Metropolitan College

Myanmar's Global Business Education Hub

US Qualified Business Leader များအတွက်

US.MBA

In Collaboration with
University of the Potomac & UBIS University

